ကန့်သတ်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပဉ္စမ ပုံမှန်အစည်းအဝေး

### (က) ပထမနေ့ ပဉ္စမပုံမှန် အစည်းအဝေးမှတ်တမ်း


| | | |
| --- | --- | --- |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြု ခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၃ |
| (၃) | ပြည်နယ်အစိုးရအဖွဲ့ အစည်းဝင် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးက ကတိသစ္စပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၅ |
| (၄) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၆ |
| (၅) | ပြည်နယ်လွှတ်တော် အစည်းအဝေး(ပထမနေ့) အစီအစဉ် ကြေညာခြင်း | ၇ |
| (၆) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း | ၇ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း | ၁၅ |
| (၈) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း | ၂၁ |


ကန့်သတ်

(၉) ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၁

(က) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " **ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော် အစည်းအဝေးများ နေပြည်တော်တွင် ကျင်းပသည့် အခါ တက်ရောက် လေ့လာ နိုင်ရန်ကိစ္စ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၂

(ခ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " **ရှမ်းပြည်နယ်၏ အရ/အသုံး ဘဏ္ဍာငွေများ အရ အသုံးစရိတ်များ အဆိုပြုတင်ပြရာတွင် ခရိုင်/မြို့နယ်အလိုက် ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)အလိုက် ထည့်သွင်း စဉ်းစား သုံးသပ် စိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ** " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၆

(ဂ) ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " **မိုးနဲမြို့နယ်အတွင်းရှိ ဝန်ထမ်းများအား ခရိုင်မြို့နယ်အတွင်းရှိ မြို့နယ်များ နည်းတူ လစာတိုးမြှင့်ခံစားခွင့် ရှိ/မရှိ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၉

(ဃ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏
(၁) " မိုင်းရှူးမြို့နယ်၊ မိုင်းစံ မြို့နယ်ခွဲတွင် ကုမ္ပဏီအဖွဲ့ များမှ ခနောက်စိမ်းများ တူးဖော် ထုတ်လုပ်ခဲ့ကြသည်မှာ ကြာမြင့်ပြီး ၎င်းလုပ်ငန်းမှ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ ရရှိမှု ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၁
(၂) " မိုင်းရှူးမြို့နယ်မှ ရတနာမြေ ဝမ်ကန်အုပ်စုသို့ ဆက်သွယ် ထားသော မြို့ရွာချင်းဆက်လမ်း အား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၃

(င) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏
(၁) " လင်းခေးမြို့နယ် တယ်လီဖုန်း လိုင်း မကြာခဏပြတ်တောက်မှု ဖြစ်ပေါ်ခြင်းကို ပြုပြင်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း သည့် မေးခွန်း။ ၃၆

ကန့်သတ်

ဃ

(၂) “ ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအား စနစ်တကျဖြင့် ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းကို မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိ လိုပါသည်။” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၉

၁၀။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၄၃

၁၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၄၅

ကန့်သတ်

၁၂။ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ ၄၇
"တောင်သူလယ်သမားတိုင်းအား မြေစာရင်း ပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင် မြေပုံ လက်ခံရေးကူးရန်ပုံစံ ) (သို့မဟုတ်) မြေစာရင်း ပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ် ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နည်းထား များဖြင့် အောက်ခြေကျေးရွာများ အထိ စီမံချက် (၁) ရပ်ချမှတ်ပြီး ဆောင်ရွက် ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ သို့ တိုက်တွန်းကြောင်း " အဆိုနှင့် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)၏ "ကျေးရွာအုပ်စုနှင့် ကျေးရွာ များတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင် နေကြသော ဥယျာဉ်ခြံမြေ များအား အသိအမှတ်ပြု ပုံစံ (၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း " အဆိုကို ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

၁၃။ အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေး ရန် မသင့်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း ။ ၅၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၅၅

၁၅။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ သစ်တော ကဏ္ဍနှင့် သတ္တုကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၅၈

၁၆။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ( ပထမနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး( ဒုတိယနေ့ ) ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၀

(ခ) ဒုတိယနေ့ ပဉ္စမ ပုံမှန် အစည်းအဝေးမှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၄၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၄၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ် ကြေညာခြင်း ၄၂

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း ၄၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -. ၄၆

(က) ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ပြည်သူများအကျိုး ရည်မျှော်ပြီး ရှမ်းပြည်နယ်၏ တရားစီရင်ရေးမဏ္ဍိုင်အား မည်ကဲ့သို့ စီမံဆောင်ရွက် ထားသည်ကို သိရှိလိုကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၄

(ခ) ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏ **" အိမ်နီးချင်းနိုင်ငံများတွင် အိုးမဲ့အိမ်မဲ့ဘဝရောက်ရှိနေပါသော ရှမ်းပြည်နယ်မှ တိုင်းရင်းသားများအား ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၈၅

(ဂ) ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ် ၉၂
အမှတ် (၂)၏ **“ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ များနှင့် ရပ်ကွက်ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသည်။ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) **“ ဒေါ်ရီရွဲန်း(ခ) ဒေါ်စန်းစန်း အား မြေလွတ်မြေလပ်မြေရိုင်း လုပ်ပိုင်ခွင့် ပြုသည့်ကိစ္စ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၁

(၂) **“ မိုးနဲ (ဆိုင်းဖယ်ရွာ)မှ တောင်သူများ SSS နှင့် လယ် လုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၅

(၃) **“ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် ကျိုင်းတောင်းဒေသမှ သစ် ထုတ်လုပ်ရန် စီမံချက်နှင့် ဒေသခံ တိုင်းရင်းသားများအတွက် တိုက်ရိုက် အကျိုးခံစားခွင့်ကို သိရှိလိုပါသည်။”** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၀၇

ကန့်သတ်



(င) ဦးစိုင်းစောလုံး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် ၁၁၃
အမှတ် (၁)၏ " **မိုးနဲမြို့နယ်အတွင်းရှိ ဘွဲ့ရလူငယ်များအား လစ်လပ်ဌာန နေရာများတွင် ခန့်ထားမည့်ကိစ္စ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) " **မိုင်းရှူးမြို့နယ်၊ နားဝိုင်ကျေးရွာ အုပ်စု အတွင်းရှိ အမက-နားဝိုင် ကျောင်းဆောင်အဟောင်းကို အသစ်ပြန်လည် ဆောက်လုပ် ပေးရေးကိစ္စ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၁၅

(၂) " **မိုင်းရှူးမြို့နယ်၊ မိုင်းအော ကျေးရွာ တွင် ကျေးလက် ကျန်းမာရေးမှူး အစားထိုး ခန့်အပ်ပေးရန် ကိစ္စ**" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၁၇

၈။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၁၁၉

ကန့်သတ်

၇။ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ ၁၂၄
“ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံသော လက်ရှိ မြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံ ရေးကူးရန်ပုံစံ ) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ် ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထား များဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက် (၁) ရပ်ချမှတ် ပြီး ဆောင်ရွက်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း ” အဆို နှင့် “ ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင် ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေ များအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း ” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

၈။ အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ၁၅၁
ဝန်ကြီးမှ ဆွေးနွေး ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း ၁၅၂
လုပ်ငန်းဆိုင်ရာကိစ္စများအား လွှတ်တော်သို့ ရှင်းလင်း တင်ပြခြင်း။

၁၀။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန် ၁၅၅
အစည်းအဝေး ကျင်းပပြီးစီးခြင်း။

(င) ရှမ်းပြည်နယ်လွှတ်တော် သို့
- ဆုံးဖြတ်ခြင်း ၁၅၉
- မှတ်တမ်းတင်ခြင်း ၁၆၀
- ရှင်းလင်း တင်ပြခြင်း ၁၆၃
- ဥပဒေထုတ်ပြန်ခြင်း ၁၆၄

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပဥ္စမ ပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း
## ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း(၇)ရက်
## ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၂၀)ရက်
## [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုချိန်ကစပြီး ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ပထမနေ့)အစီအစဉ်ကို စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။ အားလုံးထိုင်နိုင် ကြပါပြီခင်ဗျား။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုလို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကြီးမှာ ကိုယ်စားလှယ်များ ကျန်းကျန်းမာမာ၊ ပြည့်ပြည့်စုံစုံပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနဲ့ ပြည်သူတို့ရဲ့ အသံ၊ ပြည်သူတို့ရဲ့ ဆန္ဒ၊ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဖော်ဆောင်နိုင်ကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်သက်တမ်း(၁)နှစ်နဲ့ (၁၀)လကျော်ကာလအတွင်း ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ပုံမှန်အစည်းအဝေး (၄)ကြိမ်နဲ့ အထူးအစည်းအဝေး(၂)ကြိမ်ခေါ်ယူ ကျင်းပရာမှာ မေးခွန်းပေါင်း(၁၄၇)ခု မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူပဲ အဆိုပေါင်း (၁၉)ခု တင်သွင်းခြင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေကြမ်း(၇)ခုကို တင်သွင်းနိုင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခု ပဉ္စမ အစည်းအဝေး ခေါ်ယူကျင်းပရတဲ့ အဓိကအကြောင်းအရင်းကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေကြမ်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပြီး ပြည်နယ်လွှတ်တော်က အတည်ပြုပေးပြီးတဲ့အခါကျရင် ပြည်နယ်အစိုးရအဖွဲ့က ဒီဇင်ဘာလမကုန်မီ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။ အဲဒီ ဥပဒေကြမ်းများကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်တို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် အတူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပေးပို့လာတဲ့ ကြယ်ပွင့်ပြမေးခွန်းအချို့ မေးမြန်းခြင်းနဲ့ အဆိုများ တင်သွင်းခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြီးတော့မှ အစားထိုးရွေးချယ် တာဝန်ပေးအပ်ထားသော ကတိသစ္စာ မပြုရသေးသည့် တပ်မတော်သားကိုယ်စားလှယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ကတိသစ္စာပြုခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသစ်များကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်က နွေးထွေးစွာ ကြိုဆိုပါကြောင်းနဲ့ ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးကို အတူတကွ လက်တွဲပြီး၊ ဆထက်တစ်ပိုးထမ်းရွက်ကြပါလို့ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၂) ဖြစ်ပါတယ်။ ကတိသစ္စာ မပြုရသေးသော တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဖြစ်ပါတယ်။

ဒါကြောင့်မို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသစ်များ ဖြစ်တဲ့ တပ်မတော်သားကိုယ်စားလှယ်များ သတ်မှတ်ထားတဲ့ နေရာများမှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ် အသစ် (၁၅)ဦးမှာ အောက်ပါအတိုင်းဖြစ်ပါတယ် -

(၁) ဗိုလ်မှူး ဇော်ထွန်း

(၂) ဗိုလ်မှူး ဝင်းဟန်

(၃) ဗိုလ်မှူး မျိုးမင်းအောင်

(၄) ဗိုလ်မှူး ဝင်းဇော်လတ်

(၅) ဗိုလ်မှူး ညီညီတင်

(၆) ဗိုလ်ကြီး အောင်ကြည်
(၇) ဗိုလ်ကြီး မိုးခိုင်
(၈) ဗိုလ်ကြီး မြင့်ထွန်းနိုင်
(၉) ဗိုလ်ကြီး တေဇာအောင်
(၁၀) ဗိုလ်ကြီး စိုးခိုင်
(၁၁) ဗိုလ်ကြီး ဆန်းလင်း
(၁၂) ဗိုလ်ကြီး မြင့်ကျော်နိုင်
(၁၃) ဗိုလ်ကြီး ရဲမြတ်ထွန်း
(၁၄) ဗိုလ်ကြီး အောင်လတ်
(၁၅) ဗိုလ်ကြီး အောင်သူထွန်း

*[ ၄င်းနောက် တပ်မတော်သားကိုယ်စားလှယ်(၁၅)ဦးက လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် နေရာယူပြီး ကတိသစ္စာပြု ကြပါသည်။ ]*

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မတ်တပ်ရပ်ပေးဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်က ကျွန်ုပ်သည်လို့ ပြောတဲ့အခါမှာ သက်ဆိုင်ရာကိုယ်စားလှယ်မှ ကျွန်ုပ် ဗိုလ်မှူး/ဗိုလ်ကြီး ဘယ်သူသည် ဆိုတာကို မိမိအစီအစဉ်နဲ့ ပြောဖို့ ဖြစ်ပါတယ်။

**တပ်မတော်သားကိုယ်စားလှယ်(၁၅)ဦး။** ကျွန်ုပ်သည် တိုင်းဒေသကြီးနှင့် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။

ကန့်သတ်

၅

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို တာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခုကျွန်ုပ်ထမ်းဆောင်မည် ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက် မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထိုင်နိုင်ပါပြီ။

*[ တပ်မတော်သားကိုယ်စားလှယ်(၁၅)ဦးက လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။ ]*

**ပြည်နယ်အစိုးရအဖွဲ့အစည်းဝင် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးက ကတိသစ္စပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကတိသစ္စာမပြုရသေးသော ပြည်နယ် အဆင့်အဖွဲ့အစည်းဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသူ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့် က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဖြစ်ပါတယ်။ အားလုံး မတ်တပ်ရပ်ဖို့ ဖြစ်ပါတယ်။

*[ ၎င်းနောက် ဦးအောင်ကျော်ညွန့်က လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် နေရာယူပြီး ကတိသစ္စာပြု ပါသည်။ ]*

ကန့်သတ်

ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ ကျွန်ုပ် ဦးအောင်ကျော်ညွန့်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် နိုင်ငံသားများအပေါ် သစ္စာ စောင့်သိရိုသေပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်၏ တရားဥပဒေ များကို ထိန်းသိမ်း စောင့်ရှောက်ပါမည်။ ကျွန်ုပ်ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန်ထမ်းဆောင်ပါမည်ဟု လေးနက် တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးထိုင်နိုင်ပါပြီ။

*[ ဦးအောင်ကျော်ညွန့်က လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။ ]*

## ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄၃)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈. ၈၁%)ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေ ဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၆)နှင့် နည်းဥပဒေ(၃၄)(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

## ပြည်နယ်လွှတ်တော် အစည်းအဝေး(ပထမနေ့)
## အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်း ဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိ ကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဖြစ်ပါတယ်။

လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုး သည် မိသားစုနာရေးကိစ္စ ရှိနေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်း အား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်နန်းအက်စ်ကီးမိုး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းပန် ဖြစ်ပါတယ်။

မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းပိုင်း ဟာ မိမိ ကျန်းမာရေးအခြေအနေကြောင့် ယခုကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့ထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်နန်းခမ်းပိုင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းဘဦး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘဦး ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလိတ် သည် ကျန်းမာရေး မကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းလိတ် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းမွန်း(ခ)ဦးစိုင်းကျော်ထွန်း၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမွန်း(ခ) ဦးစိုင်းကျော်ထွန်း ဖြစ်ပါတယ်။

နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းသူရိန်ဦး ဟာ ကိုယ်ရေးကိုယ်တာကိစ္စကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းသူရိန်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်။

**ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။

ကျေးသီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမွမ်းလှိုင်းသည် မိခင်ဖြစ်သူ၏ ကျန်းမာရေးကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းမွမ်းလှိုင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဘထွန်း ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ကျန်းမာရေးမကောင်း ပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂)ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းဘထွန်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။

ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ ‘ဝ’ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သည် လူမှုရေးကိစ္စရှိပါသဖြင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး တွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂) ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့ထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးဇော်ဦး၊ နမ္မတူမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂) ။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဦး ဖြစ်ပါတယ်။

ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းရင်(ခ)လောက်ထူးသည် ကျန်းမာရေးစစ်ဆေးမှုခံယူနေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးထွန်းရင်(ခ) လောက်ထူး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂) ။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ဦး ဖြစ်ပါတယ် ခင်ဗျား။

လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ) ဘောစော်ချိန် 'ကိုးကန့်'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ သည် ကုလသမဂ္ဂ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲ တက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂) ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

ကန့်သတ်

၁၂

**ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။

ကုန်းကြမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိန်ဝင်း ဖြစ်ပါတယ်။

မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦး သည် ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ယခုကျင်းပသော ပထအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂) ရက်နေ့မှ (၂၁-၁၂-၂၀၁၂)ရက်နေ့ထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းဝင်းမြတ်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးမိုင်းအုန်းခိုင်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန်တုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုန်းခိုင် ဖြစ်ပါတယ်။

ကန့်သတ်

ကန့်သတ်

၁၃

မန်ကုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခ သည် နေထိုင်မကောင်းဖြစ်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂) ရက်နေ့မှ (၂၁-၁၂-၂၀၁၂)ရက်နေ့ထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးအိုက်ခ ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူး အောင်နိုင်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး အောင်နိုင်ထွန်း ဖြစ်ပါတယ်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မျိုးမင်းအောင် သည် သင်တန်းတက်ရောက်နေပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့ထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူး မျိုးမင်းအောင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူး အောင်အောင်၊ တပ်မတော်သားကိုယ်စားလှယ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး အောင်အောင် ဖြစ်ပါတယ်။

တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်မှူး သက်လွင်ဦး သည် စစ်ဘက်ဆိုင်ရာ သင်တန်းတက်ရောက် နေသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူး သက်လွင်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူး/ဗိုလ်ကြီး မင်းထက်၊ တပ်မတော်သားကိုယ်စားလှယ်။**
လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ယာယီတပ်ခွဲမှူး ဗိုလ်မှူး/ဗိုလ်ကြီးမင်းထက် ဖြစ်ပါတယ်။

တပ်မတော်သားကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ကြီး အောင်သူဝင်းသည် ဆေးရုံတက်ရောက်ကုသ နေပါသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၂၀-၁၂-၂၀၁၂)ရက်နေ့မှ (၂၁-၁၂-၂၀၁၂) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီး အောင်သူဝင်း ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးလား ခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက် ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား -

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ယခု ခွင့်ပန်ကြားချက် များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ **[ ဩဘာသံများ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(ပထမနေ့) တက်ရောက်မှု အခြေအနေကို အတည်ပြုပါသလားခင်ဗျား -

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ **[ သြဘာသံများ ]**

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြား ပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော် ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဆုတောင်းမေတ္တာပို့သ အပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အတွက် မြို့ပြနဲ့ ကျေးလက်စီမံကိန်းများ ရေးဆွဲရာမှာ ပြည်သူတို့ရဲ့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျွန်တော်တို့ ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပြီး ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဟာ အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ ကျွန်တော်တို့ အနာဂတ်မှာလည်း မြို့ပြများရဲ့ စနစ်ကျမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေး မှာလည်း များစွာအရေးပါလာမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ မှာရှိတဲ့ မြို့တွေကို မြို့အင်္ဂါရပ်နဲ့ ညီအောင် မြို့ပြစီမံကိန်းများ ရေးဆွဲပြီး အနာဂတ်အတွက် ကြိုတင်မျှော်မှန်းပြီးတော့ တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အရင်းအနှီးလိုအပ်ချက် နည်းပညာ လိုအပ်ချက်နဲ့ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ချက်ရှိနေတဲ့အတွက် အကူအညီများ ကိုလည်း ရယူသွားရမှာ ဖြစ်ပါတယ်။ ဒီလိုရယူနိုင်ရန်အတွက်လည်း ဒီနေ့ ကျွန်တော်တို့ အရှေ့၊ အနောက် မခွဲခြားတဲ့ ဆက်ဆံရေးကို ထူထောင်နေခြင်း ဖြစ်ပါတယ်။ ကိုယ့်တစ်နိုင်ငံတည်း ထီးထီးနေလို့ မရတော့တဲ့ အခြေအနေမှာ နိုင်ငံအားလုံးနဲ့ သင့်တင့်အောင်လိုက် လျောညီထွေ ဆက်ဆံနေပါတယ်။ ဒီလို ဆက်ဆံခဲ့မှုကြောင့်လည်း ဒီနေ့ ကျွန်တော်တို့ ရရှိတဲ့ အကျိုးအမြတ်ကတော့ ကမ္ဘာ့အလယ်မှာ တင့်တယ်လာရုံ သာမကပဲ အလေးထား လေးစားခံရတဲ့ နိုင်ငံ ဖြစ်လာပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မြို့ကြီးတွေဟာ မြို့အင်္ဂါရပ်နဲ့ ညီအောင် ဒေသအစိုးရနဲ့ ပြည်သူလူထုအကြား ညှိနှိုင်းမှု ပုံစံများဖြင့် မူဝါဒများ ချမှတ်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒေသန္တရအုပ်ချုပ်မှု စနစ် အောက်မှာ မြူနီစီပါယ် အဖွဲ့အစည်းများကိုလည်း ပြည်သူက ရွေးချယ် ပေးတဲ့ ကိုယ်စားလှယ်အများစုနဲ့ စနစ်တကျ အမြန်ဆုံး ပြန်လည် ဖွဲ့စည်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ မြူနီစီပါယ်အက်ဥပဒေကို

သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတို့မှ ရေးဆွဲဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးနဲ့ ပတ်သက်လို့ လယ်ယာမြေစာရင်းများ လယ်မဲ့ယာမဲ့စာရင်းများ၊ လယ်ပျက်ယာပျက်စာရင်းများ၊ အလုပ်လက်မဲ့စာရင်းများ အမြန်ဆုံး ကောက်ယူပြီး ကိုယ့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး တို့က တာဝန်ခံစေပြီး စီမံချက်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကိုယ့်ဒေသဖွံ့ဖြိုး တိုးတက်အောင် ကိုယ်ကိုယ်တိုင်နဲ့ အစိုးရအဖွဲ့က တာဝန်ယူပြီး အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အုပ်ချုပ်ရေးနဲ့ ပတ်သက်လို့ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်း ဥပဒေနဲ့ အညီ အရည်အချင်းရှိတဲ့သူ၊ အဂတိ တရားကင်းရှင်းသူ၊ ရပ်ကွက်ကျေးရွာအုပ်စုရဲ့ အကျိုးကို အမှန်တစ်ကယ် ဆောင်ရွက်လိုသူများကို စနစ်တကျ အောက်ခြေမှ ရွေးချယ်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှုဟာ ပေးသူရော၊ ယူသူပါ အကျင့်ပျက်တဲ့ သိက္ခာမဲ့တဲ့ လုပ်ရပ်ဖြစ်တဲ့အပြင် အစိုးရရဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေတာဖြစ်တဲ့အတွက် ထိထိရောက်ရောက် အပြစ်ပေး အရေးယူခြင်းများနဲ့ တားဆီးသွားကြရန် လိုအပ်ပါတယ်။ ကိုယ့်ဒေသအလိုက် တည်ငြိမ်အေးချမ်းမှု ရှိအောင်၊ လူ့အဖွဲ့အစည်း လုံခြုံအောင် တရားဥပဒေစိုးမိုးအောင် ဥပဒေများနဲ့ အညီ ထိရောက်စွာ ဆောင်ရွက်သွားကြဖို့နဲ့ ခေတ်စနစ်နဲ့ အညီ၊ လူမျိုးစုတစ်စုနဲ့ တစ်စု သဟဇာတဖြစ်စေရေး အတူတစ်ကွ ပူးပေါင်းနေထိုင်ရေး လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ မခွဲခြားပဲနဲ့ လူ့အခွင့်အရေးများကို နယ်ပယ်ဒေသ အသီးသီးမှာ လေးစားလိုက်နာရေးတို့ကို အထူးအလေးထားပြီး ဆောင်ရွက်ကြရန် လိုအပ်ပါတယ်။ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို မပျက်မကွက် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဆိုပါ ကိစ္စရပ်များနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ကြုံတွေ့ရင်ဆိုင် နေကြရတဲ့ ပြဿနာများကို မိမိတို့အနေနဲ့ သတိပြု ရှောင်ရှားပြီး နောက်ကျမှလာတဲ့သူ ခံစားရတဲ့ အကျိုးကျေးဇူးဆိုတဲ့ Late Comer Advantage ကို ရယူကြိုးပမ်း ဆောင်ရွက်တဲ့ နေရာမှာ စနစ်တကျ ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေဆောင်ရွက်ဖို့အတွက်ကို ဖွံ့ဖြိုးပြီး နိုင်ငံတွေက ကူညီထောက်ပံ့ရန် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ညီလာခံများမှာလည်း ကတိကဝတ် အသီးသီး ပြုခဲ့ကြတဲ့ အနေအထားရှိ သော်လည်းပဲ ဒီနေ့ထက်တိုင် လက်တွေ့ထောက်ပံ့ပေးခြင်း မရှိသေးတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုလုပ်ငန်းစဉ်တွေကို မိမိကိုယ်ပိုင် အစီအစဉ်နဲ့လည်း ရှုမြင် သုံးသပ်ပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းထိန်းသိမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား(၁)ပါ ပြည်ထောင်စုဥပဒေ ပြုစာရင်းပါ ကိစ္စရပ်များကို ပြည်ထောင်စု လွှတ်တော်က ဥပဒေပြု ပြဋ္ဌာန်း ဆောင်ရွက်လျက် ရှိပါတယ်။ ဇယား(၂)မှာ ပါရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေပြုစာရင်းများကိုတော့ ဒီနေ့ ပြည်သူ့ကိုယ်စားလှယ် တွေဖြစ်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြု ပြဋ္ဌာန်းရေး အတွက်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စဉ်ဆက်မပြတ် လေ့လာဆောင်ရွက် ပေးရန်နဲ့ ပြုစုပေးရန်တိုက်တွန်းပြောကြား လိုပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဇယား(၅)မှာ ပါရှိတဲ့ ပြည်နယ်က ကောက်ခံရမဲ့ အခွန်အခများကိုလည်း အပြည့်အဝကောက်ခံရရှိရေးနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ခိုင်မာ တောင့်တင်းရေးအတွက်လည်း ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုအတွင်းမှာ ထာဝရငြိမ်းချမ်းရေး ရရှိစေဖို့အတွက်ကို ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဒီနေ့ အထိ ငြိမ်းချမ်းရေးရယူခဲ့တဲ့ လက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့လုံးနဲ့ ထိတွေ့ ဆွေးနွေးညှိနှိုင်းပြီး အဖွဲ့(၁၀)ဖွဲ့နဲ့ ပြည်ထောင်စုအဆင့်သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကို ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးမှာ ငြိမ်းချမ်းရေးမှာ မရှိမဖြစ် လိုအပ်တဲ့အတွက်နိုင်ငံတော်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဂရုတစိုက်မတ်မတ်ဆောင်ရွက် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့တဲ့ တိုင်းရင်းသား ပဋိပက္ခများ၊ လူမျိုးစု လက်နက်ကိုင်တိုက်ပွဲများကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေတဲ့အပြင်ပဋိပက္ခဖြစ်ပွားရာ ဒေသမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကိုများရဲ့ လူမှုဘဝစီးပွားများဟာလည်း နိမ့်ကျခဲ့ရတာ ဖြစ်ပါတယ်။

ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်တဲ့နေရာမှာ မဏ္ဍိုင်တစ်ခုသဖွယ်ဖြစ်တဲ့ တရားဥပဒေစိုးမိုးမှု Rule of Law ကိုလည်းအားနည်းစေတဲ့အတွက် လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေးဟာနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ (၂)ဦးနဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ဝင်များ တာဝန်ရှိသူများဟာ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှာရှမ်းပြည်နယ်မှာရှိတဲ့ မိုင်းလားအထူးဒေသ(၄)နဲ့ ဒီဇင်ဘာ(၄)ရက်နေ့မှာပန်ဆန်းအထူးဒေသ(၂)သို့ သွားရောက်ပြီးတော့မှ နယ်မြေဒေသဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးဆိုင်ရာနဲ့ စည်းလုံးညီညွတ်ရေးဆိုင်ရာ ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ မိုင်းလားဒေသနဲ့ ပန်ဆန်းဒေသတို့မှာတည်ငြိမ်အေးချမ်းမှုနဲ့ အတူ ဒေသဖွံ့ဖြိုးမှုအတွက် အခြေခံကောင်းများရရှိနေတဲ့ ဒေသဖြစ်တဲ့အလျောက် ၎င်းဒေသများရဲ့ တည်ငြိမ်ဖွံ့ဖြိုးမှုဟာ

အခြားဒေသများတွေကပါ အတုယူနိုင်လောက်တဲ့ အခြေအနေတွေ ရရှိနေကြပြီ ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ် အောင်မြင်မှု ရရှိပြီး အခြေအနေ ကောင်းမွန်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက်ကို ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ Reform Strategy များ ချမှတ်ပြီးတော့မှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍနယ်ပယ် အသီးသီးမှာ ပြုပြင်ပြောင်းလဲရေး တွေမှာ ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်သူကို အခြေပြုတဲ့ စနစ် People Center ကို အခြေခံပြီး ပြည်သူ့ရဲ့ လိုအပ်ချက်များ၊ လူများရဲ့ နေ့စဉ် စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ပြည်သူများ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ပြည်သူတွေ ,အလုပ်အကိုင် အခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေး စသည့် နယ်ပယ်တွေမှာ ပြည်သူ ဗဟိုပြုချဉ်းကပ် လေ့လာအကောင်အထည်ဖော်တဲ့စနစ်ကို ကျင့်သုံးလျက် ရှိပါတယ်။

ဒါ့အပြင် ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် ကို ချမှတ်ပြီး နိုင်ငံတစ်ဝှမ်းလုံးမှာ အောက်ခြေအထိ ဆင်းပြီး ကျေးလက် ပြည်သူများနဲ့ ပူးပေါင်းပြီးတော့မှ Bottom Up စနစ်နဲ့ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့လည်း ရှမ်းပြည်နယ် လွှတ်တော်နဲ့ လက်တွဲပြီး နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အနာဂတ်ဘဝ သာယာလှပရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာ စေရန်နဲ့ ရေရှည်တည်တံ့ စေရန် ကြိုးပမ်းအကောင်အထည်ဖော် သွားမည် ဖြစ်ပါကြောင်း ကတိပြုပြောကြားရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ [ ဩဘာသံများ ]

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး(ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ ဂ အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ယနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကို တက်ရောက် လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သရင်း ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးများ ကျင်းပပုံကို ရှမ်းပြည်နယ်လွှတ်တော်မှ တက်ရောက်လေ့လာရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မိမိတို့ နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက် သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်လျက်ရှိရာမှာ အခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်လာသော်လည်း လွှတ်တော်အသီးသီးမှာ လက်တွေ့ကိုယ်တိုင် ဆောင်ရွက်နေရတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီမိုကရေစီ သက်တမ်း နုနယ်နေသေးတဲ့ အလျောက် တစ်ဦးချင်းစီရဲ့ ပင်ကိုယ် အရည်အချင်း တိုးတက်လာအောင် ပြုစု ပျိုးထောင်ခြင်း၊ အဖွဲ့လိုက် အရည်အချင်း တိုးတက်အောင် ပြုစုပျိုးထောင်ရန် လိုအပ်လျက် ရှိပါတယ်။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားလာစေဖို့အတွက် မိမိတို့ ထက်တစ်ဆင့်မြင့်တဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ နေပြည်တော်မှာ ကျင်းပနေတဲ့ အချိန်မှာ သွားရောက် လေ့လာသင့် ပါတယ်။

အဆိုပါ လွှတ်တော်များ ကျင်းပနေပုံကို လက်တွေ့သွားရောက်လေ့လာခြင်းအားဖြင့် ပြည်ထောင်စု စိတ်ဓါတ်ပိုမိုမြင့်မားလာစေခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အထောက်အကူပြုစေခြင်း၊ အခြား နိုင်ငံများကပင် မြို့တည်ဆောက်ပုံကို လေ့လာနေရတဲ့ နေပြည်တော်ရဲ့ ဂုဏ်အခြေအနေများကို မြင်တွေ့လေ့လာနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများ ဖြစ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်လွှတ်တော်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေး၊ အရည်အချင်း Capicity Bulding မြင့်မားလာစေဖို့ အတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးများ နေပြည်တော်မှာ ကျင်းပတဲ့အခါမှာ သွားရောက်တက်ရောက်လေ့လာရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ မှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းမှတ်၊ လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ မေးမြန်းထားတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အစည်းအဝေး နေပြည်တော်မှာ ကျင်းပတဲ့အခါမှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လေ့လာနိုင်ရန် ကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ကျွန်တော် ဦးစိုင်းခမ်းမှတ် က ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် အပါအဝင် လွှတ်တော် အဆင့်ဆင့်ဟာ ပြည်သူများရဲ့ အသံကို နားထောင်ပြီး လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနဲ့ ဥပဒေကြမ်းများ ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်လျက်ရှိသလို လွှတ်တော် ပြင်ပမှာလည်း ပြည်သူတို့ရဲ့ သဘောထား၊ ပြည်သူတို့ရဲ့ ဆန္ဒ ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သိရှိအောင်လေ့လာပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပြည်သူများထံ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် ပြန်လည်ရှင်းလင်း တင်ပြရန် ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ နေပြည်တော်မှာ ပြုလုပ်ကျင်းပတဲ့ လွှတ်တော် အစည်းအဝေးရဲ့ ဆောင်ရွက်ချက်ကို အများပြည်သူတို့ ကိုယ်တိုင်ကိုယ်ကျ ကြားမြင်သိရှိနိုင်အောင်လည်း နိုင်ငံတော်ရဲ့ အစီအမံဖြင့် Hluttaw Channel ကို အချိန်နှင့် တစ်ပြေးညီ အချိန်ပြည့် ထုတ်လွှင့်ပြသနေတာလည်း ရှိနေပါတယ်။

နေပြည်တော်မှာ ပြုလုပ်တဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးများမှာ နိုင်ငံ တစ်ဝှမ်းလုံးမှ ပြည်သူ့ ကိုယ်စားလှယ်များက နယ်မြေဒေသ ကွဲပြားမှု အလိုက် အတွေ့အကြုံများ ဆွေးနွေးမှု ဖလှယ် ကြပါတယ်။ နေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေး အတွေ့အကြုံရရှိအောင်နဲ့ အရည်အသွေးများ မြင့်မားတိုးတက်အောင် ရည်ရွယ်ပြီး ယခင်က ကျင်းပပြုလုပ်ခဲ့တဲ့ လွှတ်တော်အစည်းအဝေးများနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများအား အကြောင်းကြားစာပေးပို့ပြီး လေ့လာသူ အဖြစ် တက်ရောက် ခွင့်ပြု ခဲ့ပါတယ်။ ယခုဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ လေ့လာလိုတဲ့ ဆန္ဒရှိပါက နေပြည်တော်မှာ ပြုလုပ်တဲ့ လွှတ်တော် အစည်းအဝေးများသို့ တက်ရောက် လေ့လာ နိုင်ကြောင်း သိရှိရပါတယ်။

လွှတ်တော်အစည်းအဝေးများ သာမက ရေးရာကော်မတီ အစည်းအဝေးများပါ တက်ရောက်လေ့လာ နိုင်ကြောင်း မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့ရဲ့ (၁၉-၁၁-၂၀၁၁)ရက်နေ့က ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အစည်းအဝေးမှ အစည်းအဝေး ဆုံးဖြတ်ချက်ကို ကျွန်တော် ကောက်နုတ် ဖော်ပြရမယ်ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ဥက္ကဋ္ဌများ၊ ဒုတိယ ဥက္ကဋ္ဌများနှင့် လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွင် ရှိသော ဥပဒေကြမ်း ကော်မတီများ၊ ရပ်ရွာ ကော်မတီများနှင့် ပြည်ထောင်စုလွှတ်တော်တွင် ရှိသော ဖူးပေါင်းကော်မတီ များ၏ အစည်းအဝေးများသို့ တက်နိုင်ပြီး၊ များများ တက်ရောက် ပေးရန်လို့ ဖော်ပြထားကြောင်း သိရှိရပါတယ်။ ဒီလို တက်ရောက် လေ့လာသင်ယူခြင်းဖြင့် တစ်ဖက်တစ်လမ်းကလည်း လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရည်အသွေးမြင့်မားရေး Capicity Bulding ကို အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

ဒါကြောင့် နေပြည်တော်မှာ ပြုလုပ်တဲ့ လွှတ်တော်အစည်းအဝေး များသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လေ့လာရန် ခွင့်ပြုထားပါကြောင်းနှင့် တက်ရောက်လေ့လာ မည်ဆိုပါက လိုအပ်သော အုပ်ချုပ်မှုကိစ္စအတွက် သက်ဆိုင်ရာတို့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ် ခင်ဗျား။ [ **သြဘာသံများ** ]

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလွင် က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြု အပ်ပါတယ်။

ကျွန်တော်ဒီနေ့ မေးမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ်၏ အရ/အသုံးဘဏ္ဍာငွေများအရ အသုံးစရိတ်များ အဆိုပြုတင်ပြရာတွင် ခရိုင်၊ မြို့နယ်အလိုက် ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအလိုက် ပြည်နယ်အတွင်း ဖွံ့ဖြိုး လျက်ရှိသော ဒေသ၊ မြို့နယ် ဖွံ့ဖြိုးမှု လိုအပ်နေသေးသော ဒေသ၊ မြို့နယ်တို့အပေါ် အခြေခံပြီးတော့မှ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါစေရေးနဲ့ အချိုးညီညီဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရေး ကိစ္စကို ထည့်သွင်း၊ စဉ်းစား၊ သုံးသပ်၊ စီစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် သော်လည်းကောင်း၊ ဒေသအတွင်း ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးစသည့် အထွေထွေ လုပ်ငန်းများအတွက် သော်လည်းကောင်း၊ ဘဏ္ဍာငွေအသုံးစရိတ် သာမန်နှင့် ငွေလုံးငွေရင်းများကို တင်ပြတောင်းခံကြရာတွင် ရှမ်းပြည်နယ် အတွင်းရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ခရိုင်၊ မြို့နယ်များအလိုက် အဆိုပြု တင်ပြချက်များကို စုစည်းစိစစ်၍ ဆက်လက် အဆိုပြု တင်ပြတောင်းခံ ဆောင်ရွက်တယ်လို့ နားလည် ခံယူထားပါတယ်။

ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာရေးနှစ်အလိုက် ရငွေနှင့် အသုံးစရိတ်များနှင့် ပတ်သက်၍ ကနဦးအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့၏ အဆိုပြုချက်များကို မြို့နယ်ဒေသအလိုက် ဌာနအလိုက် တင်ပြချက်များအပေါ် စုစည်း ရေးဆွဲပြုစုပြီးသည့် စာရင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်သည် မြို့နယ်ပေါင်း (၅၅)မြို့နယ်ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခု ပါဝင်သော ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ အုပ်ချုပ်ရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်နေတဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ ဒေသအားလုံးသို့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး စီမံခန့်ခွဲဆောင်ရွက်ပေးနေတယ် လို့လဲ နားလည် ခံယူထားပါတယ်။ ထို့အပြင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်းဒေသအနှံ့သို့ လှည့်လည်ပြီး မြို့နယ်ဒေသများအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ လိုအပ်ချက်များကိုလည်း လက်တွေ့ကျကျသိမြင်ထားပြီးဖြစ်သည်လို့လဲ ယုံကြည်မိပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စိစစ်အဆိုပြုနိုင်ခွင့်ရှိသော အသုံးစရိတ်များနှင့် ပတ်သက်၍ ခရိုင်၊ မြို့နယ်များအလိုက် သော်လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း) ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း/ဒေသများအလိုက် သော်လည်းကောင်း တင်ပြတောင်းဆိုလာသော အသုံးစရိတ် ဆိုင်ရာကိစ္စများအား ပြည်နယ်အတွင်း ဖွံ့ဖြိုးလျက်ရှိသော ဒေသ၊ မြို့နယ် ဖွံ့ဖြိုးမှုလိုအပ်နေသေးသော ဒေသ၊ မြို့နယ်တို့အပေါ် အခြေခံ၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရေးနှင့် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရေးကို ထည့်သွင်း၊ စဉ်းစား၊ သုံးသပ်၊ စိစစ် ဆောင်ရွက်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း ဖြေကြားပေးနိုင်ပါရန် မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ဒုတိယ ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မှ ရှမ်းပြည်နယ်ရဲ့ အရ/အသုံး ဘဏ္ဍာငွေများ အရ/အသုံး စရိတ်များ အဆိုပြုတင်ပြရာတွင် ခရိုင်၊ မြို့နယ်အလိုက် ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအလိုက် ပြည်နယ်အတွင်း ဖွံ့ဖြိုးလျက်ရှိသော ဒေသ၊ မြို့နယ်၊ ဖွံ့ဖြိုးမှုလိုအပ်နေသော ဒေသ၊ မြို့နယ်တို့အပေါ် အခြေခံ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရေးနဲ့ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရေးကိစ္စကို ထည့်သွင်းစဉ်းစား၊ သုံးသပ်၊ စိစစ်ဆောင်ရွက်ခြင်း ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော့်အနေနဲ့ ဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရဲ့ အရ/အသုံး ဘဏ္ဍာငွေများအရ အသုံးစရိတ်များ အဆိုပြုတင်ပြတဲ့နေရာမှာ ခရိုင်၊ မြို့နယ်အလိုက် ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)အလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများ အလိုက် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရှိနေတဲ့

ဒေသ၊ မြို့နယ် ဖွံ့ဖြိုးမှုလိုအပ်နေသော ဒေသ၊ မြို့နယ်တို့အပေါ် အခြေခံ၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရေးနှင့် အချိုးညီညီဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရေးကိစ္စကို လက်ရှိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသည် ပြည်နယ်အတွင်းရှိ (၂၄)ခုသော ဌာနများရဲ့ သာမန်ငွေလုံးငွေရင်း အသုံးစရိတ်များကို အခြေပြု ရေးဆွဲထားရခြင်း ဖြစ်ပြီး၊ ကျန် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း ဖြစ်သော ဌာနများ၏ အရ/အသုံးစာရင်းများတွင်လည်း အချိုးညီဖြစ်ပေါ်စေရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ(၅)ခု အပါအဝင် ရှမ်းပြည်နယ်တစ်ခုလုံးအတွက် ထည့်သွင်းစဉ်းစား သုံးသပ်၊ စိစစ်၊ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းစောလုံ က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်သည် လင်းခေး-မိုးနဲ-မိုင်းပန်-မောက်မယ် မြို့နယ်တို့ အပြင် ကျိုင်းတောင်းမြို့နယ်ခွဲ၊ ဟိုမိန်းမြို့နယ်ခွဲတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်း ခရိုင်အတွင်းရှိ ဝန်ထမ်းများအား ခံစားခွင့်လစာတိုးမြှင့်

ပေးရာတွင် မိုးနဲမြို့နယ် တစ်မြို့နယ်သာ ချန်လှပ်ထားပါတယ်။ မြို့နယ်ခြား အကွာအဝေးများမှာလည်း လင်းခေးသို့ (၂၂)မိုင်၊ မောက်မယ်သို့ (၂၇)မိုင်၊ မိုင်းပန်သို့ (၅၃)မိုင်သာ ကွာခြားမှု ရှိပါတယ်။ ဖွံ့ဖြိုးမှုအနေဖြင့် မိုးနဲမှ နမ့်စန် ရထားလမ်းရှိခဲ့သည်ဟု ဆိုပါသော်လည်း ပြီးခဲ့သည့် (၁၂-၆-၂၀၁၁)ခုနှစ် မှစတင်ပြီး ပြေးဆွဲမှု ရပ်ဆိုင်းထားခဲ့သည်မှာ ယနေ့ထိပင် ဖြစ်ပါတယ်။ မိုးနဲမှ ကျိုင်းတုံ ရထားလမ်း စီမံကိန်းမှာလည်း ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ ဧပြီလမှစ၍ ယနေ့ထိ ရပ်ဆိုင်းထားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မိုးနဲမြို့နယ်အတွင်းရှိ ဝန်ထမ်းများအား ခရိုင်အတွင်းရှိ မြို့နယ်များ နည်းတူလစာတိုးမြှင့်ခံစား ခွင့် ရှိ/မရှိ သိလိုပါတယ်။ အကယ်၍ မရှိနိုင်ပါက မည်သည့်အကြောင်းများကြောင့်ဆိုသည်ကို ရှင်းလင်းတိကျသော အချက်အလက်များဖြင့် သိရှိလိုပါကြောင်း မြို့နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများ ကိုယ်စား မေတ္တာရပ်ခံ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံမှ မေးမြန်းထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း ) လင်းခေးခရိုင်၊ လင်းခေး - မိုးနဲ - မိုင်းပန် - မောက်မယ်မြို့နယ်နှင့် ကျိုင်းတောင်း - ဟိုမိန်းမြို့နယ်ခွဲတို့ဖြင့် ဖွဲ့စည်းထားပြီး မိုးနဲမြို့နယ်တစ်ခုသာ ဒေသစရိတ်ခံစားခွင့်မရရှိဘဲ ကျန်မြို့နယ်နှင့် မြို့နယ်ခွဲများမှာ ဒေသစရိတ်ခံစားခွင့်ရရှိပါတယ်။

သို့ပါ၍ မိုးနဲမြို့နယ်အတွင်းရှိ ဝန်ထမ်းများ၊ ခရိုင်များ အတွင်းရှိ မြို့နယ်များနည်းတူ လစာတိုးမြှင့်ခံစားခွင့် ရှိ/မရှိ သိလိုပါသည်ဆိုသော မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဦးခွန်သိန်းမောင် မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုးနဲမြို့နယ်အတွင်းရှိ ဝန်ထမ်းများ၏ ဒေသစရိတ်ခံစားခွင့် ရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ အကျိုးအကြောင်းဖြင့် တင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီချက် ဦးစွာရယူ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကံက ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်ခွဲတွင် ကုမ္ပဏီအဖွဲ့များမှ ခနောက်စိမ်းများ တူးဖေါ်ထုတ်လုပ်ခဲ့ကြသည်မှာ နှစ်ချီကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းခနောက်စိမ်း တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းရှင်များမှ ရှမ်းပြည်နယ်အစိုးရ၏ အခွန်ဘဏ္ဍာရပုံငွေရရှိမှု ရှိ/မရှိ ၎င်းလုပ်ငန်းများမှ ဆိုးကျိုးများ ပြည်သူများအပေါ် ကျရောက်လာပါက ဒေသခံပြည်သူများကို ပြန်လည်ကူညီကယ်ဆယ်ရန် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် ရှိပါက မည်သို့မည်ပုံ ဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာ လူကြီးမင်းများမှ ဖြေကြားပေးနိုင်ပါရန် ပြည်သူများ ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံမှ မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်ခွဲတွင် ကုမ္ပဏီအဖွဲ့အစည်းများမှ ခနောက်စိမ်းများ တူးဖေါ်ထုတ်လုပ်ခဲ့ကြသည်မှာ နှစ်ချီကြာမြင့်ခဲ့ပြီး ၎င်းလုပ်ငန်းမှ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ ရရှိမှု ရှိ/မရှိ ဆိုးကျိုးများ ဒေသခံပြည်သူများအပေါ် ကျရောက်လာပါက ပြန်လည်ကူညီကယ်ဆယ်ဆောင်ရွက်ထားရှိခြင်းကိစ္စ ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဦးခွန်သိန်းမောင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ မိုင်းစံမြို့နယ်ခွဲတွင် ကုမ္ပဏီအဖွဲ့များမှ ခနောက်စိမ်းများ တူးဖော်ထုတ်လုပ်ခဲ့ကြသည်မှာ နှစ်ချီကြာမြင့်ခဲ့ပြီး ၎င်းလုပ်ငန်းမှ ရှမ်းပြည်နယ်၏ ဘဏ္ဍာရံပုံငွေတွင် ပါဝင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဓါတ်သတ္တုများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်ဝင်ငွေရရှိကြောင်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု နည်းပါးစေရန် သတ္တုတူးဖော်ထားရှိပြီးသော မြေနေရာများတွင် ၎င်းသတ္တုတူးဖော်ရေးကုမ္ပဏီများမှ သစ်ပင်များ ပြန်လည်စိုက်ပျိုးထားရှိစေခြင်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှလည်း သစ်ပင်များ စိုက်ပျိုးထားရှိသွားမည်ဖြစ်ကြောင်းနှင့် ဆိုးကျိုးများဒေသခံပြည်သူများအပေါ် ကျရောက်လာပါက ပြန်လည်ကူညီကယ်ဆယ်ဆောင်ရွက်နိုင်ရေးကိစ္စကိုလည်း စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းကံ က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော် ဒုတိယ မေးခွန်းကို ဆက်လက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကံ ဖြစ်ပါတယ် ခင်ဗျား။

ရတနာနယ်မြေဖြစ်သော မိုင်းရှူးမြို့မှ တောင်ပေါ်ဝမ်ကန်သို့ ဆက်သွယ်ထားသော လမ်းသည် (၁၇)မိုင်ခန့် ကွာဝေးပါသည်။ လမ်းများ ဆိုးရွားစွာ ပျက်စီးခဲ့သည်မှာ (၃)နှစ်ခန့်ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။ အထူးသဖြင့် မိုးတွင်းကာလများတွင် ကုန်တင်ကားများ ညအိပ်သွားရတဲ့ အခြေအနေမျိုးလည်း ကြုံကြိုက်ကြရပါတယ်။ ကျောက်ခေတ်ကောင်းစဉ်က ပြည်သူများ ကိုယ်ထူကိုယ်ထစနစ်ဖြင့် လမ်းများပြုပြင်ထိန်းသိမ်း

နိုင်ခဲ့ပါသော်လည်း ယနေ့ဒေသခံ ပြည်သူများတို့သည် ခက်ခဲသော လမ်းပန်းဆက်သွယ်မှု၊ ကျောက်ချွေးမကောင်းမှု၊ ကျောက်ထွက် လျော့နည်း လာမှုကြောင့် ပြည်သူများအားဖြင့် ဆောက်လုပ်သွားရန် မဖြစ်နိုင်တော့သည့် အနေအထားသို့ ဆိုက်ရောက်နေရပါတယ်။ ယနေ့ မိုင်းရှူးရတနာမြေနေ ဒေသခံပြည်သူများတို့သည် ဖောင်စီးရင်းရေငတ်၊ နာမည်ကြီးထမင်းငတ် ဆိုသလိုဖြစ်နေရပြီး ကြီးမားသော စားဝတ်နေရေး စရိတ်ဒဏ်ကို ခံနေရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းအား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာ လူကြီးမင်းများမှ ဖြေကြားပေးနိုင်ပါရန် ပြည်သူများ ကိုယ်စား လေးစားစွာ မေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံ ၏ မိုင်းရှူးမြို့နယ်မှ ရတနာမြေ ဝမ်ကန်အုပ်စုသို့ ဆက်သွယ်ထားသော မြို့၊ ရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းတွင် ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေး ဝန်ကြီး ဦးတူးမောင်မှ ပြန်လည်ဖြေကြား သွားပါမယ် ခင်ဗျား။

မိုင်းရှူးမြို့မှ ရတနာမြေ ဝမ်ကန်အုပ်စုသို့ ဆက်သွယ်ထားတဲ့ လမ်းဟာ မိုင်းရှူး-ဟိုဆိုင်-ဝမ်ကန်လမ်း အမည်ပေါက်သော ကျေးလက်လမ်းတစ်လမ်း ဖြစ်ပါတယ်။ လမ်းအရှည်အားဖြင့် (၁၆)မိုင် (၁. ၉၄)ဖာလုံ ရှည်လျားသော လမ်း ဖြစ်ပါတယ်။ မိုင်းရှူးမြို့မှ ရတနာမြေ ဝမ်ကန်အုပ်စုသို့ ဆက်သွယ်ထားသော လမ်းသည် ကျောက်လမ်း(၉)မိုင်၊ (၅. ၄၇)ဖာလုံ၊ မြေလမ်း(၃)မိုင်(၂. ၄၇)ဖာလုံ ပါဝင်ပြီး ရတနာမြေအတွင်းရှိ ရပ်ကွက်များတွင် ကတ္တရာလမ်း(၃)မိုင် (၂)ဖာလုံ ပါဝင်နေပါတယ်။ အဆိုပါ လမ်းအား ၁၉၉၉ ခုနှစ်တွင် သက်ဆိုင်ရာ ဒေသ အာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် စတင်ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါ လမ်းမှာ အတက်အဆင်း ကြီးမားခြင်း၊ တောင်ပေါ်လမ်းဖြစ်ခြင်း၊ ရေစီးရေလာ စနစ်ကောင်းမွန်မှု မရှိခြင်းတို့ကြောင့် လမ်းပျက်စီးမှု ဖြစ်ပေါ်ရခြင်း ဖြစ်ကြောင်း ကွင်းဆင်းစိစစ်တွေ့ရှိ ရပါတယ်။ မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ငွေကျပ်သိန်းပေါင်း(၆၀၃၆၀၀၀၀/-)သိန်း ဖြစ်ပါတယ်။ အဲ့ဒီမှာ မြို့ပြလမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏(၂၀%)၊ ငွေကျပ် (၁၂၇. ၂)သိန်း၊ မြို့ပြလမ်းတံတား မွမ်းမံပြင်ဆင် လုပ်ငန်းအား ဝင်ငွေ၏ (၇. ၅%)၊ ငွေကျပ်(၄၇. ၇၀)သိန်း၊ ကျေးလက်လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းအား ဝင်ငွေ၏(၁၅%)၊ ငွေကျပ်(၉၅. ၄၀)သိန်း၊ ကျေးလက်လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏ (၂. ၅%)၊ ငွေကျပ်(၁၅. ၉၀)သိန်း၊ ကျေးလက်ရေပေးရေး တိုးချဲ့ လုပ်ငန်းအား ဝင်ငွေ၏(၅%)၊ ငွေကျပ်(၃၁. ၈၀) သိန်းဖြင့် လုပ်ငန်းများ လျာထား ဆောင်ရွက်လျက် ရှိပါတယ်။ ကျေးလက် လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လျာထားငွေကျပ်(၁၅. ၉)သိန်းဖြင့် လုပ်ငန်း(၂)ခု ဖြစ်တဲ့ မိုင်းရှူး-ဝမ်ကန်လမ်း၊ (၁၇၄၀၀)စတုရန်းပေ ပြုပြင်ခြင်း လုပ်ငန်း၊ အဆိုပါ လမ်းပေါ်မှာရှိတဲ့ နားပေတံတားနှင့် နမ့်ပေါင်တံတား ပြုပြင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါတယ်။

ကန့်သတ်

၃၆

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ငွေကျပ် (၆၄၃. ၄)သိန်းဖြစ်ပြီး မြို့ပြလမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ဝင်ငွေ၏(၂၀%)၊ ငွေကျပ်(၁၂၈. ၆၈)သိန်း၊ ကျေးလက် လမ်းတံတား မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းအား ဝင်ငွေ၏(၅%)၊ ငွေကျပ်(၃၂. ၁၇)သိန်း၊ ကျေးလက် ရေပေးရေး တိုးချဲ့လုပ်ငန်းအား ဝင်ငွေ၏(၂၀%)၊ ငွေကျပ်(၁၂၈. ၆၈)သိန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရန် လျာထား ရေးဆွဲပြီး ဖြစ်ပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ အဆိုပြုတင်ပြသော မိုင်းရှူး-ဟိုဆိုင်-ဝမ်ကန် လမ်းအား ကတ္တရာလမ်းအဆင့် တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ၍ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီး ရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဦးစီးဌာနသို့ တင်ပြ၍ လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ လည်းကောင်း၊ ရံပုံငွေရရှိမှု အပေါ်မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင် က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော့် အနေနဲ့ ဒုတိယမေးခွန်းအနေနဲ့ လင်းခေးမြို့နယ်နဲ့ ပတ်သက်တဲ့ လင်းခေးမြို့နယ် တယ်လီဖုန်းလိုင်း မကြာခဏ ပြတ်တောက်မှုအပေါ် ပြုပြင်ဆောင်ရွက်ပေးရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ မေးမြန်းထားတဲ့ မေးခွန်း ဖြစ်ပါတယ်။

ကန့်သတ်

၃၇

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်၊ လင်းခေးမြို့ဟာ လွန်ခဲ့တဲ့နှစ်များကတည်းက အော်တို တယ်လီဖုန်း ဆက်သွယ်အသုံးပြုခွင့် ရရှိခဲ့ပြီးတော့ ၂၀၁၂ခုနှစ် ဇွန်လပိုင်း လောက်မှာ မိုဘိုင်း CDMA ဖုန်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ မကြာမီကာလမှာလည်း GSM မိုဘိုင်းဖုန်းများကို ဆက်လက် ချထား ပေးရန် စီစဉ်ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ လင်းခေးမြို့နယ်မှာ တပ်ဆင်ထားတဲ့ အော်တိုနဲ့ မိုဘိုင်းစနစ်၏ အဝေးဆက်သွယ်မှုစနစ်မှာ တပ်မတော်ဖိုက်ဘာမှ ငှားရမ်းသုံးစွဲသော စနစ်ဖြစ်ပါတယ်။ လင်းခေးမြို့နယ် အနေဖြင့် စတင်တပ်ဆင်အသုံးပြုချိန်မှ စပြီးတော့ တယ်လီဖုန်း ဆက်သွယ်မှု ပြတ်တောက်ချိန်ဟာ မကြာခဏဖြစ်ပေါ်တတ်ပြီး ပြတ်တောက်ချိန်များဟာ (၇)ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်တတ်ပါတယ်။ တစ်ခါတစ်ရံ (၁)လနီးပါး ပြတ်တောက်မှုရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ လင်းခေး အိတ်ချိန်းတွင် ငှားရမ်းသုံးစွဲလျက်ရှိတဲ့ တပ်မတော်ဖိုက်ဘာ ဆက်ကြောင်းသည် တော၊ တောင်ထူထပ်သော ဒေသများကို ဖြတ်သန်း သွယ်တန်းရခြင်း၊ ရာသီဥတု နယ်မြေဒေသ အခြေအနေအရ ပြုပြင်ရန် ခက်ခဲခြင်း ရှိကြောင်း သိရှိရပါတယ်။

လင်းခေးမြို့နယ် နည်းတူ အခြားသော မြို့နယ်များတွင်လည်း ဖိုက်ဘာဆက်ကြောင်းဖြင့် ချိတ်ဆက် အသုံးပြုရာတွင် မိမိတို့၏ လင်းခေးမြို့နယ်ကဲ့သို့ ဆက်သွယ်မှု ပြတ်တောက်မှု အလွန်နည်းပါးပြီး ရံဖန်ရံခါသာ ပြတ်တောက်မှု ဖြစ်ပေါ်တာကိုလည်း လေ့လာ သိရှိရပါတယ်။ လင်းခေးမြို့နယ်ရဲ့ ဖိုက်ဘာဆက်ကြောင်းသည် မကြာခဏ ပြတ်တောက်ခြင်း လင်းခေးနှင့် မိုင်းပန် အကြားတွင် ဖိုက်ဘာဆက်ကြောင်းသည် မြေပေါ်မှာတင် တွေ့နေရခြင်း၊ ခြတောင်ပို့များ ဖုံးလွှမ်းခြင်းများကိုလည်း တွေ့နေရပါတယ်။ နောင်တွင်လည်း မကြာခဏ ဆက်လက်ပြတ်တောက်မှု အခြေအနေရှိတယ်လို့ သုံးသပ်မိပါတယ်။ လင်းခေးမြို့နယ်ဟာ ခရိုင်ရုံး စိုက်ရာ မြို့နယ်ဖြစ်တဲ့အလျောက် ဌာနဆိုင်ရာများရဲ့ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် တယ်လီဖုန်းဆက်သွယ်မှု ကောင်းမွန်မှုသာ အဆင်ပြေ ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

ကန့်သတ်

ကန့်သတ်

၃၈

ထိုကဲ့သို့သော အခြေအနေများကြောင့် ဆက်လက်ချထားပေးမည့် GSM မိုဘိုင်းဖုန်းများကို ဝယ်ယူငှားရမ်းသုံးစွဲသူများ အနေဖြင့် စိတ်ပါဝင်စားမှုနည်းပါးလျက် ရှိနေတဲ့အတွက် လင်းခေးမြို့နယ်၏ အောက်တိုမိုဘိုင်းဆက်သွယ်မှု အလွယ်တကူ ကောင်းမွန်နိုင်ရေး ဌာန၏ ဘဏ္ဍာငွေ ဆုံးရှုံးမှုနည်းပါးနိုင်ရေးတို့အတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ MPT Statellite Terminal ဂြိုလ်တု ဆက်သွယ်ရေး စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ပေးခြင်း(သို့မဟုတ်) ပိုမိုသင့်လျော်သော စီမံခန့်ခွဲဆောင်ရွက်မှုဖြင့် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိနေပါတဲ့ အတွက်ကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရင်း တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော် ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံ ပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်ဖြစ်ပြီး ကျွန်တော့် အနေနဲ့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် မေးမြန်းတဲ့ လင်းခေးမြို့နယ် တယ်လီဖုန်းလိုင်း မကြာခဏ ပြတ်တောက်မှု ဖြစ်ပေါ်ခြင်းအပေါ် ပြုပြင်ဆောင်ရွက်ပေးရန် ကိစ္စနှင့် ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လင်းခေးမြို့နယ်ရှိ ဆက်သွယ်ရေး အဝေးဆက်ကြောင်းလိုင်း မကြာခဏပြတ်တောက်ခြင်းကိစ္စကို ဆက်သွယ်မှုစနစ် ပိုမိုကောင်းမွန်စေရန်အတွက် အခြားသင့်လျော်တဲ့ စနစ်ဖြင့် အစားထိုးဆောင်ရွက်နိုင်ရေး မြန်မာ့ဆက်သွယ်ရေး(ရုံးချုပ်)ကို တင်ပြထားပြီး ဖြစ်ပါတယ်။ ဆက်ကြောင်းပြတ်တောက်မှု လျော့နည်းစေရေး အတွက်လည်း တပ်ဆင်ထားတဲ့ တပ်မတော်ဖိုက်ဘာဆက်ကြောင်း၊ လမ်းကြောင်းအား မူလလမ်းကြောင်း အစား လမ်းကြောင်းအသစ်ဖြင့် ပြောင်းလဲတပ်ဆင် သုံးစွဲလျက်ရှိပါကြောင်း လင်းခေးမြို့ အဝေးဆက်ကြောင်း ပြတ်တောက်မှု လျော့နည်းစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေအား ပြန်ကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းလွင်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော့်ရဲ့ ဒုတိယမြောက် မေးခွန်းဖြစ်တဲ့ ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် (၇-၁၂-၂၀၁၂) ရက်နေ့မှာ ပေးပို့ထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းမှာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရွေးချယ်ခန့်ထားခြင်းနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၂၈၉)အရ ရပ်ရွာမှ ကြည်ညိုလေးစားပြီး သမာဓိ၊ သိက္ခာရှိသည့် တစ်ဦးကို ရွေးချယ်ခန့်ထားရန်ဟု ဖော်ပြထားပြီးတော့မှ ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁)ဖြင့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဥပဒေကို အတည်ပြု ပြဋ္ဌာန်းထားရှိခဲ့ပြီး

ဖြစ်ပါတယ်။ အဆိုပါ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်တယ်လို့ သိရှိရပါတယ်။

သို့ပါသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ရပ်ကွက်ကျေးရွာများတွင် ကျေးရွာအုပ်စုများအား ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။ အချို့ မြို့နယ်များ တွင်သာ ဆယ်အိမ်စုများ၊ ဆယ်အိမ်စုမှူးများ ရွေးချယ်ခြင်း ဆောင်ရွက် ထားတာကိုလည်း တွေ့ရှိရပါတယ်။ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများဟာ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ အခြေခံအဖွဲ့အစည်း ဖြစ်ပြီး လယ်ယာမြေနည်းဥပဒေအရ ဆက်လက် ခန့်ထားရမည့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များမှာလည်း တာဝန် ယူဆောင်ရွက်ရမည့် သူများလည်း ဖြစ်ပါတယ်။ ရွေးချယ်ရာတွင်လည်း နည်းဥပဒေပါ ညွှန်ကြားချက်များနှင့် အညီဖြစ်ပြီးတော့ နိုင်ငံတော် အကျိုး၊ ပြည်သူ့အကျိုးအတွက် ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ပေး နိုင်သည့် သင့်လျော်သည့် သူများကို စနစ်တကျဖြင့် အချိန်ယူကာ ရွေးချယ်တာဝန်ပေးအပ်ရန် လိုအပ်မယ်လို့လည်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် နိုင်ငံတော် အစိုးရ၏ အခြေခံ အုပ်ချုပ်ရေးကဏ္ဍတွင် အရေးပါသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စနစ်တကျဖြင့် ရွေးချယ်တာဝန်ပေးအပ် ဆောင်ရွက်ခြင်းကို မည်ကဲ့သို့ ဆောင်ရွက်သွားမည်၊ မည်သည့် ကာလတွင် စတင်ပြီး၊ မည်သည့် ကာလတွင် ပြီးစီးအောင် ရွေးချယ်တာဝန်ပေးအပ်သွားမည်ကို သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲနိုင်အောင်၊ အစိုးရအဖွဲ့အတွင်းရေးမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးရဲနိုင်အောင်ဖြစ်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မေးမြန်းတဲ့ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခန့်ထားခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အသစ်ရွေးချယ်ခန့်ထားခြင်းနဲ့ ပတ်သက်လို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ(၂၈၉)တွင် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးမှူးကို ရပ်ရွာမှ ကြည်ညိုလေးစားပြီး သိက္ခာ၊ သမာဓိ ရှိသည့် ပုဂ္ဂိုလ်တစ်ဦးအား ဥပဒေနဲ့ အညီ ခန့်အပ်တာဝန်ပေးဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်နဲ့အညီ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၄ ရက်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁)ဖြင့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင် လ ၆ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍

ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေကို အမိန့်ကြော်ငြာစာ အမှတ် (၁၈၆/၂၀၁၂) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဌာနမှ ပြဌာန်းထားရှိပြီး ဖြစ်သည့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ လ အတွင်းက စတင်၍ ရပ်ကွက်(သို့မဟုတ်)ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအား အသစ်ရွေးချယ်ခန့်ထားရန် ပြည်ထဲရေး ဝန်ကြီးဌာနမှလည်း ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ အဆိုပါ ညွှန်ကြားချက်နဲ့ အညီ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား ရွေးချယ်ခန့်ထားရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အခြေခံ အုပ်ချုပ်ရေး ပြုပြင်ဖွဲ့စည်းရေး ရက်တိုသင်တန်းကိုလည်း အုပ်ချုပ်ရေး ပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း(မင်္ဂလာဒုံ)မှာ ( ၁၃-၇-၂၀၁၂ ) ရက်နေ့ မှ ( ၁၅-၇-၂၀၁၂ )ရက်နေ့အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး၊ သင်တန်းသို့ ရှမ်းပြည်နယ် ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (၆)ဦးကို တက်ရောက် စေခဲ့ပြီး မိမိနယ်မြေအတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် လုပ်သက်ရင့် ဦးစီးအရာရှိများအား အခြေခံအုပ်ချုပ်ရေး ပြုပြင်ဖွဲ့စည်းရေး ရက်တို ဆင့်ပွား သင်တန်းကိုလည်း ပို့ချပြီး ဖြစ်ပါတယ်။

ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ် ခန့်ထားရေးနှင့် စပ်လျဉ်း၍လည်း ( ၆-၇-၂၀၁၂ )ရက်စွဲ ဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေ အခန်း(၂)ပါ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းပါ သတ်မှတ်ချက် များနှင့် အညီ ကြီးကြပ်ရေးအဖွဲ့များ ရွေးချယ်ရာတွင် စနစ်တကျ ရှိစေရေးနှင့် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေးအတွက်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားသဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများ မှ တစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ထပ်ဆင့်အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ မြို့နယ်များ၌ ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့ အညီ နည်းဥပဒေများနဲ့ အညီ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား အသစ် ရွေးချယ်တင်မြှောက်ခန့်အပ်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ဆယ်အိမ်စု အစုအဖွဲ့များ ဖွဲ့စည်းခြင်း တို့ကို ဒီဇင်ဘာလအတွင်းမှ စတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြား တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်တို့အား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ချက်တို့အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေ့ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်း ပြုပြင်ဖြည့်စွက်ခြင်းတို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ(၁၉၀)၊ ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့် ရှိသော ပြည်နယ်နှစ်စဉ် အရ/အသုံးခန့်မှန်းခြေငွေစာရင်းနဲ့ အခွန်အကောက် ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့် အညီ ပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း ပြုပြင်ပြီး ရ/သုံးခန့်မှန်းခြေ ငွေစာရင်းနဲ့ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ရဲ့ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အဆင့်ဌာန အဖွဲ့အစည်းများမှ မူလခွင့်ပြုငွေနဲ့ မလုံလောက်တဲ့အတွက် တင်ပြ တောင်းခံလာတဲ့ ဖြည့်စွက်ခွင့်ပြုငွေမှာ ကျပ်သန်းပေါင်း(၇၄၃၂. ဝ၄၂)သန်း ဖြစ်ပါတယ်။ တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေ အခြေအနေကို တင်ပြရမယ်ဆိုရင် ဌာနဆိုင်ရာ အဖွဲ့အစည်းများဖြစ်တဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တင်ပြတောင်းခံထားတဲ့ ခွင့်ပြုငွေမှာ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၆၄၈၈. ၄၇၈)သန်း ဖြစ်ပြီး ငွေလုံးငွေရင်းသုံးစရိတ်

ဘင်ပြတောင်းခံထားခြင်းမှာ ကျပ်သန်းပေါင်း (၃၃၀. ၃၇၅)သန်း ဖြစ်တဲ့အတွက် စုစုပေါင်းတင်ပြတောင်းခံတဲ့ ဖြည့်စွက်ခွင့်ပြုငွေဟာ ကျပ်သန်းပေါင်း (၆၈၁၈. ၈၅၃)သန်း ဖြစ်ပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေမှာ သာမန်အတွက် မရှိဘဲ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၆၁၃. ၁၈၉)သန်း ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၆၄၄၈. ၄၇၈)သန်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၉၄၃. ၅၆၄)သန်း ဖြစ်ပြီး စုစုပေါင်း ကျပ်သန်းပေါင်း(၇၄၃၂. ၀၄၂)သန်း ဖြည့်စွက်တင်ပြတောင်းခံထားခြင်း ဖြစ်ပါတယ်။

တင်ပြပါ ဇယားကတော့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြချက်ရဲ့ အသေးစိတ် စာရင်းချုပ်ဖြစ်ပါတယ်။ [ *ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပါသည်။* ] အားလုံးကိုကျေးဇူးတင်ပါတယ်။[ ဩဘာသံများ ]

**ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းသော ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့ (သောကြာနေ့) မှာ ဆွေးနွေးပါ့မယ်။

ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာပါတယ်။ [ သြဘာသံများ ]

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အစည်းအဝေးကို (၁)နာရီ မိနစ်(၃၀)ခန့် ရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လည်ပိုင်း အစည်းအဝေးကို နေ့ခင်း(၁း၁၅)နာရီအချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဋ္ဌမပုံမှန် အစည်းအဝေး(ပထမနေ့) နေ့ခင်းပိုင်း အစီအစဉ်

**အခမ်းအနားမှူး။** လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ မကြာမီအချိန်အတွင်း အစည်းအဝေး (ဒုတိယပိုင်း) အစီအစဉ် ကျင်းပတော့မှာ ဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံးထိုင်နိုင် ကြပါပြီ ခင်ဗျား။

ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " တောင်သူလယ်သမားတိုင်းအား မြေစာရင်း ပုံစံ(၁၀၅)( မှန်ကန်ကြောင်း သက်သေခံသော လက်ရှိ မြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ)(သို့မဟုတ်)မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်မှတ်ကမ်းစာရွက်ကို လက်ဝယ် ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက် (၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း " အဆိုနှင့် ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ " ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင် နေကြသော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေးသင့်ကြောင်း "အဆိုကို ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပေးပို့လာသော နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်မြ၏ အဆိုနှင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်တို့၏အဆို အကြောင်းအရာများသည် တူညီသည့်အတွက် ယင်းအဆို(၂)ခုကို တစ်ပေါင်းတည်း တင်သွင်းပေးဖို့ အတွက် ဦးကျော်မြအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**

ရှမ်းပြည်နယ်လွှတ်တော် ပထမအကြိမ် ပဉ္စမပုံမှန် အစည်းအဝေးကြီးကို တက်ရောက်လာတဲ့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ မဲဆန္ဒနယ် အသီးသီးက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးကြီးမှာ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းသွားမှာဘဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်ကလည်း ကျွန်တော်နဲ့ အလားတူ အဆိုတင်သွင်းထားတာဖြစ်တဲ့အတွက် ဦးအောင်ကျော်ညွန့်ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ အရင်တင်ပြသွားမှာဘဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရပ်စောက်မြို့နယ်၊မဲဆန္ဒနယ်မြေ(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် ပေးပို့ထားတဲ့ အဆိုကတော့ ကျေးရွာအုပ်စုနဲ့ ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ၏ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေသော ဥယျာဉ် ခြံမြေများအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေး သင့်ကြောင်း အဆိုတင်သွင်းဖို့ ရှမ်းပြည်နယ်လွှတ်တော်ကို တင်ပြထားတာ ဖြစ်ပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ တင်ပြထားတဲ့ အဆိုကို ဆက်လက်ပြီးတော့မှ တင်သွင်းသွားမှာဘဲ ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးကြီးမှာ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅)၊ အဲ့ဒီ(၁၀၅)ရဲ့ အရှည်ကတော့ အဓိပ္ပါယ်ဖွင့်ဆိုထားတာကတော့ မှန်ကြောင်းသက်သေခံသော လက်ရှိ မြေပုံမှာ ယခုနေ့ အသုံးပြုတဲ့ ဦးပိုင်မြေကို လက်ခံရေးကူးရန် ပုံစံ ဖြစ်ပါတယ်။ ဒါမှမဟုတ် အခုနောက်ဆုံးထုတ်ပေးနေတဲ့ မြေစာရင်း ပုံစံ(၂၂)နဲ့ ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်ထားနိုင်ဖို့ အတွက် ဖြေလျှော့ပေးသော နှုန်းထားများနဲ့ အောက်ခြေကျေးရွာများထိ စီမံချက်တစ်ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဘဲ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာ မြေစာရင်းဦးစီးဌာန သာရှိပြီးတော့မှ ကျေးရွာဦးစီးဌာန မရှိတဲ့အတွက် တောင်သူလယ်သမားများရဲ့ လယ်ယာမြေများကို တိတိကျကျမရှိတာကို တွေ့ရှိရပါတယ်။ ရွှေ့ပြောင်းတောင်ယာ စနစ်များကြောင့် မတိကျ နိုင်တာလည်း ဖြစ်ပါတယ်။ ကိန်းဂဏန်းနဲ့ ပိုင်ဆိုင်မှုတွေ မတိကျတဲ့အပြင် သက်ဆိုင်ရာ ဌာနများအနေနဲ့ နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ မြေယာဥပဒေ များကို လိုက်နာဆောင်ရွက်ရာမှာ အားနည်းမှု ချို့ယွင်းမှုများ ရှိခဲ့တဲ့ အတွက်လည်း မြို့နယ်တိုင်းလိုလိုမှာ မြေယာမှုခင်းမျိုးစုံ၊ မြေယာပြဿနာ မျိုးစုံ ဖြစ်ပွားလျက်ရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ယခု ဆွေးနွေး တင်ပြနေတဲ့ အချိန်ထိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံခန့်ခွဲတဲ့ ဥပဒေများကို ကြည့်လို့ရှိရင် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ၁၉၆၃ ခုနှစ် သီးစားချထားရေး အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်တဲ့ ဥပဒေများဟာ ပြည်ထောင်စုလွှတ်တော်မှာ ဥပဒေကြမ်းများ အတည်မဖြစ်သေးမီမှာ တည်ဆဲဥပဒေများပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြချင်တာ၊ ထည့်သွင်းတင်ပြချင်တဲ့ အချက်ကတော့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ရှမ်းပြည် နယ်လွှတ်တော် ပထမအကြိမ် တတိယပုံမှန် အစည်းအဝေး ကျင်းပတဲ့ ဖေဖော်ဝါရီလ ၂၈ ရက်နေ့က နေပြီးတော့ မတ်လ ၁၅ ရက်နေ့ထိကျင်းပတဲ့ ပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အဆိုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲ့ဒီအဆိုကို အခုချိန်ကျမှ ဒီပဥ္စမအကြိမ်ပုံမှန် အစည်းအဝေးကျမှ တင်သွင်းခွင့်ရတဲ့အတွက် ကျွန်တော်တင်သွင်းခွင့် ရတဲ့ အချို့အချက်များဟာ နည်းနည်းလေး ယခုထွက်လာတဲ့ ဥပဒေနဲ့လိုအပ် နေတာလေးလည်းရှိမယ်ဆိုတာကို ကြိုတင်ပြီးတော့မှ နားလည်ပေးဖို့ ထည့်သွင်းပြီးတော့မှ ဆွေးနွေးတင်ပြအပ်ပါတယ်။ အဲ့တော့ အခုအချိန်မှာ ဆိုလို့ရှိရင်တော့ အားလုံးသိကြပြီးဖြစ်တဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေနဲ့ နည်းဥပဒေကို နိုင်ငံတော်သမ္မတအနေနဲ့ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒီလိုဥပဒေတွေ ပြဋ္ဌာန်းထားသော်လည်း ကျွန်တော်တို့ မြို့နယ်မှာ လွန်ခဲ့တဲ့နှစ်(၂၈)က ကော်ဖီစီမံကိန်းအတွက် ဆိုပြီးတော့မှ ပုဂ္ဂလိကတွေကို ဧက(၁၂၀၀)ကျော်ချပေးရာမှာ လယ်သမား (၁၃၇)ဦးရဲ့ လယ်ယာမြေဧက(၆၀၀)ကျော် ပါဝင်သွားတဲ့ ဖြစ်ရပ်တွေ၊ ကုမ္ပဏီများကို မြေလွတ်မြေရိုင်းများ နှစ်ရှည်သီးနှံစိုက်ပျိုးဖို့အတွက် ဧက(၅၀၀)(၁၀၀၀)စတဲ့ သက်ဆိုင်ရာက ခွင့်ပြုတဲ့အခါမှာ တစ်ကယ့် မြေလွတ်မြေရိုင်းတွေ ဖြစ်ရမဲ့အစား တောင်သူတွေရဲ့ လက်ရှိစိုက်ပျိုး နေတဲ့ ယာမြေများ၊ လယ်မြေများပါဝင်သွားလို့ တောင်သူတွေက အုပ်ချုပ်ရေးအဖွဲ့အစည်းများကို တင်ပြနေကြပေမဲ့ တောင်သူတွေဘက်က မြေယာဆုံးရှုံးမှု ဖြစ်ရတဲ့အပြင် ကုမ္ပဏီမြေထဲ ဝင်ရောက်နှောင့်ယှက်မှု ကြောင့် တရားရုံးက ပြစ်ဒဏ် စီရင်လို့ထောင်ကျသွားတဲ့ မှုခင်းမျိုးတွေ၊ ပြင်ဦးလွင်-မိုးကုတ်ကားလမ်း ဖောက်လုပ်လိုက်တဲ့အတွက် လမ်းဘေး တစ်လျှောက် မြေများတန်ဘိုး ရှိလာတဲ့အချိန်ကျမှ ပူပူနွေးနွေးရယူလာတဲ့ အထက်က စာရွက်စာတမ်းများကြောင့် သံဘိုအုပ်စုက တောင်သူတစ်ချို့

စိုက်ပျိုးနေဆဲ မြေယာအချို့ လက်လွတ်ဆုံးရှုံးသွားရတဲ့အပြင် စိုက်ပျိုးထားတဲ့ သီးနှံကြောင့် တရားစွဲခံရတဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ မှုခင်းမျိုးတွေ လုပ်ပိုင်ခွင့်ရှိသူတွေကလည်း လမ်းဘေးနေရာတွေမှာ ကိုယ်တိုင်ယူရုံနဲ့ အားမရဘဲ ကေလာရကျေးမင်း စပါးနှံသယ်သလို ဆွေမျိုးမိဘတွေ အတွက်ပါ သိမ်းယူကြတဲ့ဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြို့နယ်လိုဘဲ တစ်ခြား မြို့နယ်တွေမှာလည်း အလားတူ ဖြစ်ရပ်မျိုးတွေ မှုခင်းမျိုးတွေနဲ့ တောင်သူလယ်သမားများ မြေယာဆုံးရှုံးမှု တွေ ရှိနေကြတယ်လို့ ယုံကြည်ပါတယ်။ ဒီလို တောင်သူလယ်သမားတွေရဲ့ မြေယာများ၊ ဆုံးရှုံးခြင်း၊ မြေယာမှုခင်း ပြဿနာအမျိုးမျိုး ပေါ်ပေါက် နေရခြင်းဟာ တောင်သူလယ်သမားများ လက်ဝယ်မှာ မြေစာရင်းက စည်းကြပ်တဲ့ မြေခွန်ပြေစာသာရှိကြပြီး ပုံစံ(၁၀၅)(သို့မဟုတ်) မြေစာရင်း ပုံစံ(၂၂)နဲ့ ဦးပိုင်မှတ်တမ်းများ လက်ဝယ် ကိုင်ဆောင်ထားနိုင်ခြင်း မရှိမှုကြောင့် ဖြစ်ပါတယ်။ တောင်သူလယ်သမားများ အနေနဲ့လည်း ၎င်းတို့ စိုက်ပျိုးတဲ့ မြေအတွက် ပုံစံ(၁၀၅) ဒါမှမဟုတ်ရင် ပုံစံ(၂၂)နဲ့ ဦးပိုင်မှတ်တမ်းများ လက်ဝယ်ကိုင်ဆောင်ထားလိုကြသော်လည်းပဲ ရိုးသားတဲ့ တောင်သူများ အများစုအနေနဲ့ ရုံးများသွားရမှာကို ကြောက်ရွံ့ခြင်း၊ ရုံးသွား ပြန်တော့လည်း တစ်ခေါက် လောက်နဲ့ မပြီးဘဲ အကြိမ်ကြိမ်ချိန်းဆို သွားလာရခြင်း၊ ကုန်ကျစရိတ်မှာလည်း သောင်းဂဏန်း၊ သိန်းဂဏန်းထိ ပေးနေရတဲ့အတွက် အများစုဟာ ဆင်းရဲနွမ်းပါးပြီးတော့မှ မတတ်နိုင် ကြခြင်းစတဲ့ အခက်အခဲများကြောင့် အထောက်အထားများ ကိုင်ဆောင်လိုကြသော်လည်း မဆောင်ရွက် နိုင်တာကို တွေ့ရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ တောင်သူလယ်သမားတိုင်း ပုံစံ(၁၀၅)ဖြစ်စေ၊ ပုံစံ(၂၂)ဖြစ်စေ ကိုင်ဆောင် နိုင်ဖို့အတွက် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေး

ကဒ်ပြားများကို ဖြေလျှော့မှုများ ပြုလုပ်ပြီးတော့မှ စီမံချက်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးသလို ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများကိုလည်း စီမံချက်တစ်ရပ်ချမှတ်ကာ ဖြေလျှော့မှုနှုန်းထားများဖြင့် ဆောင်ရွက်ပေးနိုင်မှသာ တောင်သူလယ်သမားများ ပုံစံ(၁၀၅) (သို့မဟုတ်) ပုံစံ(၂၂)များ လက်ဝယ်ကိုင်ဆောင်ထားနိုင်ပြီး မြေယာမှုခင်းများ လျော့ကျလာမှာ ဖြစ်သလို မြေစာရင်းမြေပုံနဲ့ မြေကြီးမြေပုံများလည်း ကိုက်ညီသွားပြီးတော့မှ တစ်မျိုးသားလုံးရဲ့ အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဘိုး GDP တွက်ချက်ရာမှာလည်း မှန်ကန်တဲ့ ကိန်းဂဏန်းများ ရရှိလာနိုင်မှာ ဖြစ်ပါတယ်။

ဒီအကျိုးရလဒ်များအပြင် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်း စဉ်(၈)ရပ်နဲ့ ပထမလုပ်ငန်းစဉ်ဖြစ်တဲ့ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုရာကျတဲ့ အတွက် တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးခွင့် ပုံစံ(၁၀၅) (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂) နဲ့ ဦးပိုင်မှတ်တမ်း စာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်တစ်ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ | ဩဘာသံများ |

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**
လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးကျော်မြ အဆိုနဲ့ ဦးအောင်ကျော်ညွန့် အဆိုကို ကျွန်တော် ဦးစိုင်းစိန်ဝင်း က ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးလောရင်း၊ ကယန်း(ပဒေါင်)တိုင်းရင်းသားရေးရာ ဝန်ကြီး။**
နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ဦးကျော်မြရဲ့ အဆိုနဲ့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်ကျော်ညွန့်ရဲ့ အဆိုကို ကျွန်တော် ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးလောရင်းမှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဦးဝင်းမြင့်၊ အင်းအမျိုးသားလူမျိုးစု ကိုယ်စားလှယ်။**
လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ညောင်ရွှေမြို့နယ်၊ အင်းအမျိုးသားလူမျိုးစု ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အဆိုရှင် တင်ပြထားတဲ့ အဆိုကို ကျွန်တော့်အနေနဲ့ အဆိုတစ်ရပ်အဖြစ် တင်သွင်းသင့်ကြောင်း အလေးအနက် ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူခြင်းနှင့် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော် ဥက္ကဋ္ဌ က ကြေညာခြင်း**

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မြတင် သွင်းသွားသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ထောက်ခံသွားပါတယ်။

အဆိုမှာ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ၏ "တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံ ရေးကူးပုံစံ (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂) ဦးပိုင်မှတ်တမ်း စာရွက်ကိုလက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့သော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့တိုက်တွန်းကြောင်း" အဆိုနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ "ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော ဥယျာဉ်ခြံ မြေများအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံးပြုလုပ်ပေး သင့်ကြောင်း" အဆိုများ ဖြစ်ပါတယ်။

ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။ ၄င်းအဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား -

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုသဘောတူပါသည်။ ]**

ဥက္ကဋ္ဌ။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဦးကျော်မြရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေငြာပါတယ်။

**[ ဩဘာသံများ ]**

ဥက္ကဋ္ဌ။ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေး ရပ်နားတဲ့ အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး ကရှင်းလင်း တင်ပြပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒအဝဝ ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစိုင်းဆာလူ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်ယူဆောင်ရွက်ရတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး တစ်နည်းအားဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ မွေးမြူရေးနဲ့ သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ အချိန်ကို လေးစားသောအားဖြင့် အတတ်နိုင်ဆုံး အကျဉ်းချုပ်ပြီး ကျွန်တော်တင်ပြမှာ ဖြစ်ပါတယ်။

လယ်ယာကဏ္ဍ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်လျက် ရှိပါတယ်။ နိုင်ငံတော်သမ္မတမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲမှု(၅)မျိုးဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ရာ လမ်းညွှန်မှာ ကြားတဲ့အတိုင်းပဲ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပြောင်းလဲမှုကို (၅)ပိုင်း ဆောင်ရွက်လျက် ရှိပါတယ် -

(၁) စိတ်ဓါတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု
(၂) မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးမှု
(၃) ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် ပြောင်းလဲမှု
(၄) ခေတ်မီလယ်ယာ ပြုပြင်မှု
(၅) စက်မှုလယ်ယာစနစ် ပြောင်းလဲမှု တို့ဖြစ်ပါတယ်။

ဒီလုပ်ငန်းဆောင်ရွက်ရာမှာ အောက်ပါဦးစီးဌာနများကို ကြီးကြပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ် -

(က) ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
(ခ) စိုက်ပျိုးရေးဦးစီးဌာန
(ဂ) စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန
(ဃ) စက်မှုလယ်ယာဦးစီးဌာန
(င) ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်း
(စ) ဆည်မြောင်းဦးစီးဌာန
(ဆ) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
(ဇ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တို့ဖြစ်ပါတယ်။

ကြေးတိုင်မြေစာရင်းဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုနဲ့ ပတ်သက်၍ တင်ပြရမယ်ဆိုရင် ရှမ်းပြည်နယ်မှာ အကျယ်အဝန်း ဧက (၃၈၄၉၉၃၄၅) ဧကနဲ့ စတုရန်းမိုင်အားဖြင့် ဆိုရင် (၆၀၁၅၅. ၂၃)စတုရန်းမိုင် ကျယ်ဝန်း ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် မြေအသုံးချမှု အခြေအနေအရ လက်ရှိ စိုက်ပျိုး နိုင်တဲ့ မြေဧရိယာမှာ (၃၅၀၈၂၁၅)ဧက ဖြစ်ပြီး ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ဧရိယာမှာ (၇၇၃၂၉၄၁)ဧက ဖြစ်ပါတယ်။ တောရိုင်း ဧရိယာမှာ (၁၁၈၅၀၂၈)ဧကနဲ့ မြေရိုင်းဧရိယာမှာ (၄၈၁၄၆၆၅)ဧက ဖြစ်ပြီး၊ မြို့ရွာနှင့် အခြားမြေမှာ (၁၀၅၉၂၉၃၆)ဧက ရှိပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်ရဲ့ မြေယာအသုံးချမှု အခြေအနေကို တင်ပြပါဇယားအတိုင်း ဖြစ်ပါတယ်။ [ *ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပါသည်။* ]

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရာမှာ အဓိက အခြေခံ အကျဆုံးဖြစ်တဲ့ မြေယာပြုပြင် ပြောင်းလဲရေး Land Reform ကို အဓိကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် မြေယာဥပဒေများမှာ တိုးတက် ပြောင်းလဲ လာတဲ့ခေတ်စနစ် အခြေအနေ အရပ်ရပ်နှင့် ကိုက်ညီမှု မရှိတော့တဲ့အတွက် လယ်ယာမြေဥပဒေနဲ့ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ် လ ၃၀ ရက်နေ့မှာ အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာမြေ ဥပဒေအရ တောင်သူလယ်သမားများ အားလုံးရဲ့ လယ်ယာ လုပ်ပိုင်ခွင့် Land Use အလိုက် အခွင့်အရေးကို ဥပဒေနဲ့အညီ သားစဉ်မြေးဆက် တိုင်အောင် မှန်ကန်စွာ ရရှိစေရန် အဓိက ရည်ရွယ်သည့် အားလျော်စွာ လယ်ယာမြေ လုပ်ကိုင်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်ရှိ ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၅၀)၊ မြို့နယ်ခွဲ (၂၄)မြို့နယ်၊ ရပ်ကွက်ပေါင်း (၂၉၅)၊ ကျေးရွာအုပ်စုပေါင်း (၉၆၂)အုပ်စု၊ ကွင်းပေါင်း(၆၁၅၄)၊ အကွက် ပေါင်း(၅၀၇)ကွက်နဲ့ လက်ရှိစာရင်း ကောက်ယူထားတဲ့ တောင်သူပေါင်း (၅၈၂၅၃၁)ဦးကို လက်ရှိ ဧရိယာ(၂၂၅၈၈၁၄)ဧကကို လယ်ယာမြေ လုပ်ကိုင်ခွင့် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ စာရင်းကောက်ပြီး ဆက်လက် ကျန်ရှိနေသေးတဲ့ တောင်သူများကိုလည်း ဆက်လက် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုနဲ့ ပတ်သက်၍ တင်ပြမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ အဓိကတာဝန်(၃)ရပ်ကို အဓိကအကောင်အထည်ဖေါ် ဆောင်ရွက်လျက် ရှိပါတယ် -

(၁) မျိုးစေ့ထုတ်လုပ် ဖြန့်ဖြူးခြင်းဖြစ်ပါတယ် (Seed Production)

(၂) လေ့ကျင့်ပညာပေး ဆောင်ရွက်ခြင်းဖြစ်ပါတယ် (Traning and Education)

(၃) သုတေသနဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း ဖြစ်ပါတယ် (Result and Development) ဖြစ်ပါတယ်။

စိုက်ပျိုးသီးနှံများ အရည်အသွေးကောင်းမွန်ပြီး တစ်ဧက အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ရှမ်းပြည်နယ်အတွင်း မှာရှိတဲ့ နိုင်ငံပိုင်ခြံမှ စိုက်ပျိုးထုတ်လုပ်၍ လည်းကောင်း၊ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး ပြည်နယ်နှင့် ဆက်သွယ်မှာယူ၍ လည်းကောင်း၊ အကျိုးဆောင် တောင်သူများ စိုက်ခင်းမှာစိုက်ပျိုး ထုတ်လုပ်၍ လည်းကောင်း ဖြန့်ဝေစိုက်ပျိုးစေလျက်ရှိပါတယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၁-၂၀၁၂ခုနှစ် နဲ့ ၂၀၁၂-၂၀၁၃ သီးနှံမျိုးကောင်း မျိုးသန့် ဖြန့်ဖြူးနိုင်မှုမှာ တင်ပြပါ ဇယားအတိုင်း ဖြစ်ပါတယ်။ [ *ပရိုဂျက်တာဖြင့် ရှင်းလင်း တင်ပြပါသည်။* ] အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ သစ်တောကဏ္ဍနှင့် သတ္တုကဏ္ဍဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ သစ်တောကဏ္ဍနှင့် သတ္တုကဏ္ဍ ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီး က ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တု ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေလို့ ဆုမွန်တောင်း မေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တု ဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ သစ်တောကဏ္ဍနဲ့ သတ္တုကဏ္ဍကို လွှတ်တော်သို့ အစီရင်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ သစ်တောကဏ္ဍကို တင်ပြသွားပါရစေ။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်း သစ်တော ဦးစီးဌာနရဲ့ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနဲ့ ပတ်သက်လို့ တင်ပြသွားပါရစေ။

ရှမ်းပြည်နယ်အတွင်းမှာ ယခင်က ကြိုးဝိုင်းတော (၁၁၈)ခု ရှိခဲ့ရာ ကနေပြီးတော့ ယခုအခါမှာ ကြိုးဝိုင်းတော (၁၂၅)ခုရှိပြီး ၂၀၁၁ ခုနှစ်၊ နောက်ပိုင်းမှာ ကြိုးဝိုင်းတော(၇)ခု ထပ်မံဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ကြိုးပြင် ကာကွယ်တော ဆိုရင်လည်း(၂၉)ခု ရှိရာကနေပြီးတော့ (၁)ခု ထပ်ဖွဲ့ နိုင်ခဲ့လို့ ယခုဆိုရင်(၃၀)ဖြစ်လာပါပြီ။ သဘာဝထိန်းသိမ်းရေး နယ်မြေ (၆)ခု အပါအဝင် သစ်တောစီရင် ပိုင်ခွင့်ရှိသော မြေဧရိယာ(၁၆၁)ခု ရှိပြီးတော့ ဧရိယာကေအားဖြင့် (၇၈)သိန်းကျော် ရှိပါတယ်။ အဲ့ဒီ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော တွေမှာရှိတဲ့ သဘာဝတောတွေ ရေရှည်တည်တံ့ရေးအတွက် သဘာဝတော ထိန်းသိမ်းခြင်း လုပ်ငန်း များကို နှစ်တို/နှစ်ရှည် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီ သစ်တောမြေတွေမှာ စီးပွါးရေး စိုက်ခင်း၊ ရေဝေ/ရေလဲ စိုက်ခင်း စတဲ့ စိုက်ခင်းတွေ နှစ်စဉ်တည်ထောင်လျက်ရှိပြီးတော့ ရွှေ့ပြောင်းတောင်ယာ စနစ် ပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လူထု အခြေပြု သစ်တောစိုက်ခင်းများ တိုးချဲ့ တည်ထောင်နိုင်ရန် အတွက်လည်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတွေတည်ထောင်ခွင့်ပြုလျက် ရှိပါတယ်။ သဘာဝ သစ်တောတွေကနေ သစ်ထုတ်လုပ်မှု လျှော့ချရန် စီစဉ် ဆောင်ရွက်လျက် ရှိသလို တစ်ဖက်ကလည်း တရားမဝင် သစ်ခိုးထုတ် သယ်ဆောင်နေမှုများကို ဖမ်းဆီးအရေးယူလျက် ရှိပါတယ်။

သစ်တောကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောတွေမှာ ကျူးကျော် တောင်ယာ ခုတ်ထွင်မှုတွေ၊ ကျူးကျော်ဝင်ရောက် နေထိုင်တာတွေကိုလည်း ကန့်သတ်တားဆီးနိုင်ဖို့ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ သဘာဝတောတွေက ထင်း၊ မီးသွေး ထုတ်ယူသုံးစွဲမှု လျော့နည်းသွားစေရန် စပါးခွံ၊ ပြောင်းဖူးရိုး၊ လောင်စာတောင့်စတဲ့ ထင်းအစား အခြားလောင်စာတွေ အစားထိုးသုံးစွဲရေးနှင့် စွမ်းအားမြင့် မီးဖိုတွေကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေးကိုလည်း စည်းရုံးရေးအသွင်နဲ့ ဆောင်ရွက် လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ တော၊ တောင်၊ ရေ၊ မြေစတဲ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သစ်တောများ ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်မှာ ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက် လာစေရေးအတွက် ဟောပြောပွဲ၊ ဆွေးနွေးပွဲများကိုလည်း ကျေးရွာများအထိ သစ်တောဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် လျက်ရှိပါတယ်။

ပြည်သူများက ပူးပေါင်းပါဝင်ပြီး မိုးရာသီ သစ်ပင်များစိုက်ပျိုး နိုင်စေဖို့ ရှမ်းပြည်နယ် တစ်ခုလုံးမှာ ဆက်သွယ်ရေး လမ်းဘေးဝဲယာ ကျွန်းပျိုးပင်တွေ ၂၀၁၁ ခုနှစ် မိုးရာသီမှာ (၅၂၆၉၀)ပင် ဖြန့်ဝေ ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မိုးရာသီမှာလည်း (၇၆၃၀၀)ပင် ဖြန့်ဝေနိုင်ခဲ့ပါတယ်။

တစ်အိမ်ထောင် ကျွန်း(၃)ပင် အစီအစဉ်နဲ့လည်း ၂၀၁၁ ခုနှစ်က (၂၄၁၀၂၁)ပင် ဖြန့်ဝေခဲ့ရာက ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မိုးရာသီမှာ (၃၂၅၀၄၇)ပင် တိုးချဲ့ဖြန့်ဝေ နိုင်ခဲ့ပါတယ်။

တစ်အိမ်ထောင် သစ်မာအပင်(၂၀) အစီအစဉ်နဲ့ လည်း ၂၀၁၁ခုနှစ် တုန်းက သစ်မာပျိုးပင် (၂၃၉၀၀၀)သာ ဖြန့်ဝေနိုင်ခဲ့ပေမဲ့ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မိုးရာသီမှာ (၃၂၆၃၀၀)ပင် အထိတိုးချဲ့ဆောင်ရွက် နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ တစ်ရွာ တစ်ဧက ကျေးရွာပိုင် စိုက်ခင်းတွေ ထူထောင်ရာမှာလည်း ၂၀၁၁ ခုနှစ်က မိုးရာသီက ပျိုးပင်(၁၂၃၃၀၀)ပင်နဲ့ ၂၀၁၂ ခုနှစ် မိုးရာသီမှာ (၁၃၈၉၀၀)ပင် ဖြန့်ဝေထူထောင်နိုင်ခဲ့ပါတယ်။

အခြား ဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေကို ဖြန့်ဝေတာပါ ပေါင်းရင် ၂၀၁၁ ခုနှစ်က လူထုဖြန့်ပျိုးပင် (၁၆၀၀၀၀၀) ပျိုးထောင်ဖြန့်ဝေ နိုင်ခဲ့ပြီး ၂၀၁၂ ခုနှစ် မိုးရာသီမှာတော့ ပျိုးပင်ပေါင်းသိန်း(၂၀၅၀၀၀၀) ဖြန့်ဝေ နိုင်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါ လူထုဖြန့်ဝေမှု အစီအစဉ် ကတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့ သီးသန့် အစီအစဉ်နဲ့လည်းပဲ ရှမ်းပြည်နယ်တစ်ဝန်းမှာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် မိုးရာသီမှာ ထောပတ်၊ ဒညင်း၊ သရက်၊ ပိန္နဲ၊ မက္ကတေးနီးယား စတဲ့နှစ်ရှည်သီးနှံ စားပင်(၄၈၀၀၀)ပင် ခါတော်မှီ၊ ထင်းရှူးစတဲ့ သစ်တောသစ်ပင် (၂၆၄၀၀)ပင်နဲ့ မယ်ဇလီပင်ပေါင်း (၁၈၇၅၀၀)ပင် စုစုပေါင်း(၂၆၁၉၀၀)ပင် ပျိုးထောင်ပြီး မြို့နယ်အားလုံးမှာ ဖြန့်ဝေပေးနိုင် ခဲ့ပါတယ်။ ဒီစာရင်းဇယားတွေ ကတော့ လူထုဖြန့်ဝေထားတဲ့ စာရင်းဇယား တင်ပြထားခြင်း ဖြစ်ပါတယ်။ [ *ပရိုဂျက်တာဖြင့် ရှင်းလင်း တင်ပြပါသည်။* ]

ဥက္ကဋ္ဌကြီး ခင်ဗျား။ လာမည့်မိုးရာသီမှာလည်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ် အစိုးရ ပြည်နယ်ရန်ပုံငွေ ကလည်းပဲ သစ်တော၊ သစ်ပင်သာမက နှစ်ရှည်သီးပင် စားပင်နဲ့ ကျေးလက် ဒေသ လောင်စာဖူလုံရေးအတွက် မယ်ဇလီပင်တွေ ပျိုးထောင်ပြုစုပြီးတော့ ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ ထို့အတွက် စီစဉ်လျက် ရှိပါတယ်။

သစ်တောတွေ ရေရှည်တည်တံ့ရေးအတွက် သဘာဝပတ်ဝန်းကျင် ကို ထိခိုက်ပျက်စီးမှု အနည်းဆုံးနှင့် သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲရေး စီမံဆောင်ရွက်လျက်ရှိရာ တရားမဝင်သစ်ခိုးထုတ်မှုများကိုလည်း အရေးယူဖမ်းဆီးလျက် ရှိပါတယ်။ ရှမ်းပြည်နယ် တစ်ဝန်းလုံးမှာ ၂၀၁၁ ခုနှစ်က ကျွန်းသစ်လုံး (၄၄၈)တန်နှင့် ကျွန်းခွဲသား(၈၈)တန်၊ သစ်မာ၊ သစ်လုံး(၈၁၄)တန်၊ သစ်မာခွဲသား(၁၁၀၀)တန်နှင့် အခြားသားသစ်လုံး (၂၂၃)တန်၊ အခြားသားခွဲသား(၃၇၅)တန် ဖမ်းဆီးရမိခဲ့ပါတယ်။

စုစုပေါင်းအနေနဲ့ ၂၀၁၁ ခုနှစ်တုန်းက သစ်လုံး(၃၃၈၆)တန်နှင့် ခွဲသား (၁၄၇၄)တန် ဖမ်းဆီးရမိခဲ့ပါတယ်။ ဒီနှစ် ၂၀၁၂ခုနှစ်မှာ ဆိုရင်လည်း ရှမ်းပြည်နယ်တစ်ခုလုံးမှာ နိုဝင်ဘာလကုန်ထိ ကျွန်းသစ်လုံး(၂၇၉)တန်နှင့် ကျွန်းခွဲသား(၃၁၁)တန်၊ သစ်မာသစ်လုံး (၄၁၅)တန်၊ သစ်မာခွဲသား(၃၆၅) တန်နှင့် အခြားသားသစ်လုံး(၁၀၆၆)တန်၊ အခြားသားခွဲသား(၄၅၄)တန် ဖမ်းဆီးရမိခဲ့ပါတယ်။ စုစုပေါင်းအနေနဲ့ ၂၀၁၂ ခုနှစ်မှာ နိုဝင်ဘာလ ကုန်ထိ သစ်လုံးဖမ်းဆီး ရရှိမှုဟာ (၃၇၆၀)တန်နှင့် ခွဲသား(၁၁၃၁)တန် ဖမ်းဆီးရမိခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားမဝင် သစ်ဖမ်းဆီးရရှိမှု တန်ဖိုးကို လက်ရှိသတ်မှတ် ကြမ်းခင်းဈေးနှုန်းနဲ့ တွက်ကြည့်မယ့် ဆိုရင် ၂၀၁၁ ခုနှစ်တုန်းက သစ်လုံးတန်ဘိုးဟာ (၁၈၉. ၈၄၇)သန်းနှင့် ခွဲသားတန်ဘိုးဟာ (၁၇၃. ၁၁၂) သန်းဘိုး ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ အခု နိုဝင်ဘာလ ကုန်ထိ ဖမ်းဆီးရမိတဲ့ တရားမဝင်သစ်လုံး တန်ဘိုးကို တွက်ကြည့်မယ် ဆိုရင် (၁၈၂. ၄၃၉)သန်းနှင့် ခွဲသားတန်ဘိုး (၁၅၈. ၀၅၀)သန်းဘိုး ဖမ်းဆီးရခဲ့ မိပြီးဖြစ်ပါတယ်။ ကျန်တဲ့လေးလ ဖမ်းဆီးရမိမှုကိုပါ ထည့်တွက်မယ်ဆိုရင် ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုရရှိမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တဲ့စတဲ့ သစ်တောမြေတွေမှာ လုပ်ထုံး လုပ်နည်းနှင့် အတူ ကျွန်းနှင့်သစ်မာ သစ်လုံးတွေ တရားဝင်ထုတ်လုပ်ရာမှာလည်း မြန်မာ့သစ်လုပ်ငန်း ဌာနထုတ်နဲ့ ပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်တွေ ထုတ်တာ ပေါင်းလိုက်လို့ရှိရင် ရှမ်းပြည်နယ်တစ်ခုလုံးမှာ ၂၀၁၁-၂၀၁၂ ခုနှစ်က ကျွန်းတန်ချိန်ပေါင်း (၁၁၄၃၈၈)တန် ရှိပြီးတော့ သစ်မာက(၁၄၇၃၈၃)သန်း စုစုပေါင်း တန်ပေါင်း (၂၆၁၇၇၂)တန် ထုတ်လုပ်နိုင် ခဲ့ပါတယ်။

အဲ့ဒီ ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်ခဲ့တာကို ကြည့်မယ်ဆိုရင် ရှမ်းပြည်နယ်(တောင်ကြီး)အနေနဲ့ ကျွန်းမထုတ်လုပ်နိုင်ခဲ့ဘဲ သစ်မာ(၅၈၈၁၁)တန်သာ ထုတ်လုပ်နိုင်ခဲ့ပြီး၊ ရှမ်းပြည်နယ်(လားရှိုး)

မှာတော့ ကျွန်းသစ်(၉၄၀၁၁)တန်နှင့် သစ်မာ(၈၆၃၈၁)တန် ထုတ်လုပ်နိုင်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (ကျိုင်းတုံ)မှာတော့ ကျွန်းသစ်(၂၀၃၇၇)တန်နှင့် သစ်မာ(၂၁၉၀)တန် ထုတ်လုပ်နိုင်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။ ယခင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ရှမ်းပြည်နယ် တစ်ခုလုံး သစ်ထုတ်လုပ်ငန်းရှင်(၁၄)ဦး ရှိခဲ့ရာကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာတော့ (၂၂)ဦးထိ ရှိလာမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် တစ်ခုလုံးမှာ ကျွန်းသစ်က (၁၆၅၈၀၀)တန်နှင့် သစ်မာ(၁၈၈၅၀၀)တန် နှစ်မျိုးပေါင်း တန်ချိန်ပေါင်း (၃၅၃၄၀၀)တန် ထုတ်လုပ်ရန် လျာထား ဆောင်ရွက်လျက် ရှိပါတယ်။ ယခင်နှစ်ကထက် တန်ချိန်ပေါင်း(၉၀၀၀၀)ကျော် ပိုမိထုတ်လုပ်ရန် လျာထားကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် မြန်မာ့သစ်လုပ်ငန်းက ရှမ်းပြည်နယ် (တောင်ကြီး)ဒေသမှာ ကျွန်တော်တို့ ဒေသသုံးအတွက် တန်(၅၀၀၀)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမှာ တန်(၃၀၀၀)ထုတ်လုပ်ခွင့် ရခဲ့ပါတယ်။ ဒီ ၂၀၁၂ ခုနှစ်မှာလည်း ရှမ်းပြည်နယ်(တောင်ကြီး)မှာ သစ်တောဦးစီးဌာနက ဖမ်းဆီးရမိတဲ့ သစ်မာ(၉၉၈)တန်ကိုလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် သုံးစွဲလျက် ရှိပါတယ်။ ဒေသဖွံ့ဖြိုးရေးအတွက် သစ်လုံးများကို တန်ဖိုးမြင့်သစ်အချောထည် ခွဲစိတ်နိုင်ရန်အတွက် သစ်စက် အကြီး၊ အသေးနဲ့ အိမ်တွင်း စက်မှုလက်မှု လျှာထိုးစက်၊ ပါကေးစက်စတဲ့ စက်များကို တရားဝင်လိုင်စင်နဲ့ ခွင့်ပြုထားရာမှာ ရှမ်းပြည်နယ်(တောင်ကြီး)မှာ စက်(၉)စက်၊ ရှမ်းလားရှိုးမှာ (၇၃)စက်နဲ့ ရှမ်းပြည်နယ်(ကျိုင်းတုံ)မှာ (၂၉)စက် စုစုပေါင်း (၁၉၂)စက် ရှိပါတယ်။ ၎င်းသစ်စက်များကိုလည်း လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျ ခွဲစိတ်ရေး အတွက် သစ်တောဦးစီးဌာနက ကြီးကြပ် ဆောင်ရွက်လျက် ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သစ်တောကဏ္ဍက အခွန်တော်ရရှိသည့် အခြေအနေကို လေ့လာကြည့်မယ်ဆိုရင် ဘဏ္ဍာနှစ် အနေနဲ့ ကျပ်သန်းပေါင်း (၁၉၇. ၇၃)သန်း လျာထားရာကနေပြီးတော့ ကျပ်သန်းပေါင်း (၃၇၈. ၁၅၅)သန်း ရရှိခဲ့ပါတယ်။

GDP အနေနဲ့ တွက်မယ်ဆိုလို့ရှိရင် (၁၀၉. ၄)% ရရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ယခု ၂၀၁၂-၁၃ ဘဏ္ဍာနှစ် နိုဝင်ဘာလကုန်ထိ သစ်တောကဏ္ဍ အခွန်တော်ဘဏ္ဍာငွေ ရရှိမှုကိုကြည့်မယ်ဆိုရင် လျာထားချက် ကျပ်သန်းပေါင်း(၃၁၉. ၄၇)သန်း ဖြစ်ပြီးတော့ ယခု ကျပ်သန်းပေါင်း (၂၃၆. ၀၁၇)သန်း ရရှိပြီး ဖြစ်ပါတယ်။ ကျန်တဲ့(၄)လ အတွင်းမှာ လျာထားချက် ပြည့်မီမယ်လို့ မျှော်မှန်းရပါတယ်။ GDP နဲ့ (၇၃. ၈၇)% ရရှိပြီးဖြစ်ပါတယ်။ ဒီဟာလည်းပဲ GDP အနေနဲ့လည်းပဲ နှစ်ကုန်လို့ရှိရင် (၁၀၀%) ကျော်လွန်မယ်လို့ မျှော်မှန်းရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ နယ်စပ်ဒေသ ကနေပြီးတော့ ပြည်ပကို တိုက်ရိုက် တင်ပို့ရောင်းချမှုများကို ဆောင်ရွက်လျက်ရှိရာ တင်မြင့်ရီ ကုမ္ပဏီ ကနေပြီးတော့ တာချီလိတ်ကနေတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကျွန်းသစ်မာ၊ သစ်လုံး (၁၉၇၀၅. ၂၄၈)တန် တင်ပို့ဖို့အတွက် လျာထားတဲ့ အနက် (၁၃၆၁၈. ၉၃၄)တန်ကို ယခု ၇-၁၂-၂၀၁၂ ရက်နေ့ထိ တင်ပို့ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(လားရှိုး)မှာGood Asia ကုမ္ပဏီကနေပြီးတော့ ပိတောက်သစ်ငုတ် (၂၆၄)ငုတ် တန်အားဖြင့် (၂၃၀. ၉၅၄)တန် တင်ပို့ပြီး ဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ သစ်တောများ ရေရှည်တည်တံ့ရေး အတွက် ဆောင်ရွက်သင့်တဲ့ အစီအစဉ်များကို သုံးသပ်တင်ပြရမယ် ဆိုလို့ ရှိရင် အဓိက အဟန့်အတားအဖြစ် တရားမဝင် သစ်ခုတ်နေတာတွေကို ပုံမှန်ထုတ်ရမည့် အရေအတွက်ထက် ပိုမိုထုတ်ယူရာတွင် တရားမဝင် ခါတ်သတ္တုတူးဖော်နေတာတွေ ထင်း၊ မီးသွေးအလွန်အကျွံ စည်းကမ်းမဲ့ ထုတ်ယူနေတာတွေ စိုက်ပျိုးရေးအတွက် တောင်ယာခုတ်ထွင် ရှင်းလင်း တာတွေနဲ့ တိုးတက်လာတဲ့ လူဦးရေကြောင့် သစ်တောမြေကို အခြား မြေအသုံးချမှု ပြောင်းလဲနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ သစ်တော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးနှင့် နောင် သားစဉ်မြေးဆက်အထိ ဆက်လက် ထုတ်ယူနိုင်ရေး လက်ဆင့်ကမ်း အမွေကောင်းပေးနိုင်ရေးအတွက်ဆိုရင် ပြည်သူလူထုက ပူးပေါင်းပါဝင်ပြီး ဝိုင်းဝန်းထိန်းသိမ်းရန် အဓိက လိုအပ်လျက် ရှိပါတယ်။ သစ်တောစိုက်ခင်းများ တိုးချဲ့ စိုက်ပျိုးရေး၊ စိုက်ပြီးသား အပင်များအား ရေရှည်ရှင်သန်ရေးနှင့် သဘာဝတောများ မလျော့ပါးရေး၊ မပျက်စီးရေးတို့အတွက် ဒေသခံပြည်သူများနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများရဲ့ ကူညီပံ့ပိုးမှု၊ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဟာ အလွန်အရေးကြီးကြောင်း သုံးသပ်တင်ပြအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် သတ္တုကဏ္ဍ ဆက်လက် တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင် ဖွဲ့စည်း ချိန်မှစပြီး သတ္တုလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့မှ သတ္တုလုပ်ကွက်များ လျှောက်ထားရာတွင် သတ္တုကုမ္ပဏီများအနေဖြင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့သို့ လျှောက်ထားလိုတဲ့ သတ္တုအမျိုးအစား၊ လုပ်ကွက် တည်နေရာနှင့် ဆောင်ရွက်လိုတဲ့ မြေဧရိယာ၊ ဧကများ ဖော်ပြ၍လျှောက်ထားရပါတယ်။ သတ္တုလုပ်ငန်း လုပ်ကွက်များအနေဖြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သက်ဆိုင်ရာ မြေစာရင်းဌာနများအား မြေရာဇဝင် စိစစ်စေပြီးတော့ မြေစာရင်းပုံစံ(၁၀၅) ရေးဆွဲခွင့် ပြုပေးခြင်းနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ ကန့်ကွက်ရန် မရှိကြောင်းသဘောထား မှတ်ချက်ထုတ်ပေးခြင်းသာ ဆောင်ရွက်လျက်ရှိပါတယ်။

သတ္တုကုမ္ပဏီများ အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြု ပေးသော မြေစာရင်း ပုံစံ(၁၀၅)နဲ့ ကန့်ကွက်ရန်မရှိကြောင်း သဘောထား မှတ်ချက်များနှင့်အတူ ပြည်ထောင်စုသတ္တုဝန်ကြီးဌာနသို့ သတ်မှတ်ထားသော အခြားသောစာရွက်၊ စာတမ်းများ ပြုစု၍ ခွင့်ပြုချက်ရရှိရေး တင်ပြ လျှောက်ထား ရပါတယ်။ သတ္တုကုမ္ပဏီများမှ သတ္တုလုပ်ကွက် လျှောက်ထား

ရာမှာ လုပ်ကွက်တည်ရှိရာ ဒေသရဲ့ သက်ဆိုင်ရာ မြေစာရင်းများမှ စိစစ်ပြီးတော့ သာသနာမြေ၊ သုသာန်မြေ၊ သစ်တောမြေ၊ စိုက်ပျိုးရေးမြေ၊ ရွာမြေ၊ စီမံကိန်းမြေစသည်တို့ဖြင့် လွတ်ကင်းသော သတ္တုလုပ်ကွက်များ အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးဆွဲခွင့်မပြုမီ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရဲ့ မြန်မာ့စီးပွားရေးဘဏ်၌ ဖွင့်လှစ်ထားသော ကျေးလက်ဒေသ ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေ CF-001437 ငွေစာရင်းသို့ပေးသွင်းထားသော သတ္တုအမျိုး အစားအလိုက် (၁)ကေလျှင် သတ်မှတ်ထားသော နှုန်းထားများ အတိုင်း အလှူငွေပေးဆောင် စေပါတယ်။ သတ္တုအမျိုးအစားအလိုက် ပေးသွင်း ရသော အလှူငွေနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) ရွှေသတ္တု တစ်ကေလျှင်
အလှူငွေ (၁၀၀၀၀၀)၊ (၁ သိန်း)

(ခ) ကြေးနီ၊ ခနောက်စိမ်း၊ ခဲ၊ သွပ်၊ သံ တစ်ကေလျှင်
အလှူငွေ (၅၀၀၀၀)၊ (၅ သောင်း)

(ဂ) ကျောက်မီးသွေး၊ မာဘယ် တစ်ကေလျှင်
အလှူငွေကျပ် (၃၀၀၀၀)၊ (၃ သောင်း)

(ဃ) ဂေါဒန်၊ လမ်းခင်းကျောက် တစ်ကေလျှင်
အလှူငွေကျပ် (၂၀၀၀၀)၊ (၂ သောင်း)

(င) ထုံးကျောက် တစ်ကေလျှင်
အလှူငွေကျပ် (၁၀၀၀၀)၊ (၁ သောင်း)

အထက်ပါ သတ္တုလုပ်ငန်းများမှ ရရှိသောအလှူငွေများမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စတင်တာဝန်ယူသော (၁-၄-၂၀၁၁) ခုနှစ်နေ့ မှစ၍ ယနေ့ချိန်ထိ စုစုပေါင်း အလှူငွေ သိန်းပေါင်း (၁၆၇၅၇)သိန်း ရရှိပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါတယ်။

ဖော်ပြပါငွေများကို ရှမ်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် လယ်သမားများ၊ တောင်သူလယ်သမားများ အရင်းမပျောက် မတည်ချေးငွေအဖြစ် ဖြန့်ခွဲ၍ ချေးပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်သည် ကြီးမားကျယ်ဝန်းပြီး သဘာဝတောတောင်များ ပေါများတဲ့နည်းတူ သတ္တုမျိုးစုံ ထွက်ရှိတဲ့ ပြည်နယ်ကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရ အသစ် စတင်တာဝန်ယူပြီး သည့် နောက်ပိုင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှလည်းပဲ ကုမ္ပဏီမှတ်ပုံတင်များ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလာသည်နှင့် အမျှ သတ္တုကုမ္ပဏီ များလည်း လုပ်ကွက်များ အများအပြား လျှောက်ထားလာတာကို တွေ့ရပါတယ်။

ရှမ်းပြည်နယ်အတွင်း သတ္တုထွက်ရှိတဲ့ ဒေသများကို တင်ပြရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ဒေသမှာ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် ရွှေသတ္တု၊ သံသတ္တုနဲ့ ကြေးနီအနည်းငယ် ထွက်ရှိပါတယ်။ မိုင်းဆတ်ဒေသမှာ ခဲနှင့် အဖြိုက်နက်ရောရာ ကျောက်မီးသွေး၊ ခနောက်စိမ်း သတ္တုများ ထွက်ရှိပါတယ်။ မိုင်းဖြတ်နဲ့ တာလေဒေသမှာ ရွှေသတ္တုနဲ့ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ကျောက်မီးသွေး အနည်းငယ်ထွက် ရှိပါတယ်။ မိုင်းတုံမြို့နယ် အတွင်းမှာတော့ ခဲသတ္တုနဲ့ ခနောက်စိမ်း၊ မိုင်းယောင်း မြို့နယ်မှာ ခဲသတ္တု၊ မိုင်းပျဉ်းမြို့နယ်မှာ ခနောက်စိမ်း၊ မက်မန်းမြို့နယ်မှာလည်း ခနောက်စိမ်း၊ မိုင်းယုမြို့နယ်မှာတော့ သံသတ္တု ထွက်ရှိတာကို လေ့လာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခဲသတ္တုကို ကလောမြို့နယ်၊ ရွာငံမြို့နယ်၊ နမ့်စန်မြို့နယ်၊ ပင်းတယမြို့နယ်၊ ဆီဆိုင် မြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် လွိုင်လင်မြို့တွေမှာ ထွက်ရှိနေတာကို တွေ့ရှိရ ပါတယ်။ ခနောက်စိမ်းသတ္တုအား ဟိုပုန်းမြို့နယ်၊ လွိုင်လင်မြို့နယ်၊ ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ဖယ်ခုံမြို့နယ်တို့မှာ ထွက်ရှိပါတယ်။ ရွှေသတ္တုကိုတော့ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်မှာ ထွက်ရှိပြီး ဟိုပုန်းမြို့နယ်မှာ ကြေးနီအနည်းငယ် ထွက်ရှိပါတယ်။ မိုင်းပွန်မြို့နယ် မှာတော့ သွပ်အနည်းငယ် ထွက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ကျောက်မီးသွေးကို ဟိုပုန်းမြို့နယ်၊ မောက်မယ်မြို့နယ်၊ တောင်ကြီးမြို့နယ်၊ နမ့်စန်မြို့နယ်၊ ပင်လုံမြို့နယ်နဲ့ ရွာငံမြို့နယ်တို့မှာ ထွက်ရှိနေတာကို တွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာတော့ ခဲသတ္တုကို လားရှိုး၊ သီပေါ၊ နောင်ချို၊ ကွမ်းလုံ၊ လောက်ကိုင်၊ မန်တုံ၊ နမ္မတူ၊ မုံးကိုး၊ မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်မှာ ထွက်ရှိနေတာကို တွေ့ရှိရပါတယ်။ ခနောက်စိမ်း သတ္တုကိုတော့ မိုင်းရှူးမြို့နယ်၊ မန်တုံမြို့နယ်တို့မှာ ထွက်ရှိပါတယ်။ ရွှေသတ္တုကိုတော့ ကျောက်မဲ၊ မဘိမ်း၊ ကွတ်ခိုင်မြို့များမှာ ထွက်ရှိပြီး ကျောက်မဲမြို့နယ်မှာ ကြေးနီ၊ မန်တုံမြို့နယ်တွင် သံသတ္တု၊ နောင်ချိုမြို့နယ်တွင် သံကြွင်ဘောက်ဆိုဒ်နဲ့ ထုံးကျောက်၊ သီပေါမြို့နယ်မှာ ဂေါ်ဒန်၊ နမ့်ခမ်းမြို့နယ်မှာ သလင်းကျောက်နဲ့ တန့်ယန်းမြို့နယ်မှာ သွပ်အနည်းငယ် ထွက်ရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုတင်ပြတဲ့ ဒေသတွေ၊ မြို့နယ်တွေအလိုက် ထွက်ရှိတဲ့ သတ္တုများမှာ ယခုလက်ရှိ အချိန်ထိ သတ္တုကုမ္ပဏီများမှ သတ္တုလုပ်ကွက်ရယူပြီး ဆောင်ရွက်နေဆဲဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန်ယူသည့် အချိန်မှစ၍ ရှမ်းပြည်နယ်အတွင်း သတ္တုလုပ်ငန်းများကို သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်ရှိ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် သက်ဆိုင်ပြီး စမ်းသပ်တိုင်းတာခွင့်ပြုပေး ခဲ့သော ကုမ္ပဏီပေါင်းမှာ (၃၅)ခုနဲ့ သတ္တုလုပ်ကွက်အကြီးစား(၃)ခု၊ အသေးစား (၈၀)ခု ရှိပါတယ်။ ထုတ်လုပ်ခွင့်အနေနဲ့ကုမ္ပဏီ(၁၂)ခု သတ္တုလုပ်ကွက် အသေးစား(၂၈)ခု ရရှိခဲ့ပြီးဖြစ်ပါတယ်။ အမှတ်(၁) သတ္တုလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်သော သတ္တုများအနေနဲ့ဘာတွေလဲဆိုလို့ရှိရင် ခဲသတ္တု၊ သွပ်သတ္တု၊ ကြေးနီသတ္တု၊ ခနောက်စိမ်းသတ္တု၊ ငွေနဲ့ နီကယ်များဖြစ်ပါတယ်။ ဒါဟာ အမှတ်(၁)သတ္တုလုပ်ငန်းနဲ့သက်ဆိုင်တဲ့ သတ္တုများဖြစ်ပါတယ်။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနဲ့သက်ဆိုင်ပြီး ခွင့်ပြုပေးခဲ့သော ကုမ္ပဏီပေါင်းမှာ (၈)ခုနဲ့ သတ္တုလုပ်ကွက်အကြီးစား(၁)ခု၊ အသေးစား(၉)ခု ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ အမှတ်(၂) သတ္တုလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပေးတဲ့ သတ္တုအမျိုးအစားများမှာ ရွှေသတ္တု၊ ခဲမဖြူ၊ အဖြိုက်နက်၊ Rare Earth၊ Tatiniumတို့ ဖြစ်ပါတယ်။

အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနဲ့ သက်ဆိုင်ပြီး ခွင့်ပြုပေးသော ကုမ္ပဏီများမှာ (၁၃)ခုနဲ့ သတ္တုလုပ်ကွက် အသေးစား(၆၄)ခု ရှိပါတယ်။ ထုတ်လုပ်ခွင့်အနေနဲ့ ကုမ္ပဏီ (၁၁)ခု၊ သတ္တုလုပ်ကွက်ကြီး အကြီးစား(၄)ခု၊ အသေးစား (၂၀)ခုရှိပါတယ်။ အမှတ်(၃) သတ္တုလုပ်ငန်းမှ တာဝန်ယူပြီးတော့ လုပ်ရတဲ့ သတ္တုများမှာ ဆိုလို့ရှိရင် စက်မှုကုန်ကြမ်းများဖြစ်တဲ့ ကျောက်မီးသွေး၊ ဂေါ်ဒန်၊ ထုံးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ သံနှင့် ဘရိုက်တီး သတ္တုများ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့အချိန်ထိ သတ္တုကုမ္ပဏီပေါင်း (၄၈)ခုနဲ့ သတ္တုလုပ်ကွက်ပေါင်း အကြီးစား(၃)ကွက်၊ အသေးစား (၁၄၄)ကွက် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ထုတ်လုပ်ခွင့် ပြုပေးခဲ့ပြီး ကုမ္ပဏီစုစုပေါင်း (၃၁)ခုနဲ့ သတ္တု လုပ်ကွက်ပေါင်းအကြီးစား (၅)ကွက်နဲ့ အသေးစား (၅၇) ကွက်ကို ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။

အထက်ပါ ခွင့်ပြုပေးသော သတ္တုလုပ်ကွက်များမှာ ခဲသတ္တုစမ်းသပ်တိုင်းတာခွင့် အကြီးစား(၃)ကွက်၊ အသေးစား (၂၈)ကွက်နဲ့ ထုတ်လုပ်ခွင့် အသေးစား (၁၂)ကွက်၊ ခနောက်စိမ်းသတ္တု စမ်းသပ်တိုင်းတာခွင့် အသေးစား (၅၁)ကွက်နဲ့ ထုတ်လုပ်ခွင့်အသေးစား (၈)ကွက်၊ ကျောက်မီးသွေး စမ်းသပ်တိုင်းတာခွင့် အသေးစား (၁၉)ကွက်နဲ့ ထုတ်လုပ်ခွင့် အကြီးစား (၂)ကွက်၊ အသေးစား (၉)ကွက် မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် စမ်းသပ်တိုင်းတာခွင့် အသေးစား(၁၇)ကွက်နဲ့ ထုတ်လုပ်ခွင့်အသေးစား (၆)ကွက်၊ ရွှေသတ္တုထုတ်လုပ်ခွင့် အကြီးစား (၁)ကွက်၊ အသေးစား(၈)ကွက်၊ ခဲမဖြူ အဖြိုက်နက် ထုတ်လုပ်ခွင့် (၁)ကွက် ကြေးနီစမ်းသပ် တိုင်းတာခွင့် အသေးစား (၁)ကွက်၊ သွပ်သတ္တုထုတ်လုပ်ခွင့် အသေးစား(၈)ကွက်၊ ဘရိုက်တီးကျောက် ထုတ်လုပ်ခွင့် အကြီးစား(၂)ကွက်နဲ့ ဂေါ်ဒန်ကျောက် စမ်းသပ်တိုင်းတာခွင့် အသေးစား(၈)ကွက်နဲ့ ထုတ်လုပ်ခွင့် အသေးစား(၅)ကွက်တို့ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ စာရင်းများဟာ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန်ယူပြီးနောက်ပိုင်း ခွင့်ပြုပေးခဲ့သော သတ္တုကုမ္ပဏီစာရင်းများ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ [ သြဘာသံများ ]

ကန့်သတ်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး(ပထမနေ့)ရပ်နားခြင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကို မနက်ဖြန် ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့(သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွါပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပဥ္စမ ပုံမှန်အစည်းအဝေး အား
( ၁၄ း ၅၀ )နာရီအချိန်တွင် ရပ်နားခဲ့ပါသည်။ ]

ကန့်သတ်

၇၁

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ပဉ္စမပုံမှန် အစည်းအဝေး(ဒုတိယနေ့) မှတ်တမ်း
## ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
## ( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက် )
## [ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကို နံနက် (၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးရဲနိုင်အောင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက် ပါသည်။ ]

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပြီ ခင်ဗျား။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ကန့်သတ်

ကန့်သတ်

၈၂

## ပြည်နယ်လွှတ်တော် အစည်းအဝေး
## အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃) ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅. ၃၁)ရာခိုင်နှုန်း ရှိပြီး တက်ရောက် တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ (၁၈၀) ပုဒ်မခွဲ (က)နဲ့ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက် ကြောင်းနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) အရ၊ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

## ပြည်နယ်လွှတ်တော်အစည်းအဝေး
## ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးရဲ့ (ဒုတိယနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း မိမိအတွက် အခြားကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်မှ ဦးဝင်းမြင့် ( အင်း တိုင်းရင်းသားလူမျိုး ရေးရာ ဝန်ကြီး)သည် ထီးတော်တင်လှူခြင်း အလှူမင်္ဂလာကိစ္စရှိသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တွင် အစည်းအဝေးတက်ရောက်ခြင်းအား( ၂၁ . ၁၂ . ၂၀၁၂) ရက်နေ့ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးဝင်းမြင့် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား ။

**ဦးခွန်အေးမောင်၊ ဟိုပုန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဟိုပုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်အေးမောင် ဖြစ်ပါတယ်။

ဟိုပုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစံလွင် သည် အရေးကြီးကိစ္စ ဆောင်ရွက်ရန်ရှိသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၁. ၁၂ . ၂၀၁၂)ရက်နေ့ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစံလွင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးအာဗြာဟန်၊ ဖယ်ခုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအာဗြာဟန် ဖြစ်ပါတယ်။

ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးချိုစိန် သည် ဖခင်၏ နာရေးကိစ္စ ရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၁. ၁၂. ၂၀၁၂)ရက်နေ့ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်အေးချိုစိန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ညွှန့်သည် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး တာဝန်အရ ခရီးထွက်သွားပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၁. ၁၂ . ၂၀၁၂)ရက်နေ့ ( ၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးအောင်ကျော်ညွှန့်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား ။

**ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်မကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းငွေငွေ ဖြစ်ပါတယ်။

မိုင်းယောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစိုင်းအင် သည် နေမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် (ပုံမှန်)အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၂၁ . ၁၂ . ၂၀၁၂)ရက်နေ့ (၁ )ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းအင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါ သလား ခင်ဗျား-

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေ (၁၄၃)ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၆)ဦး ဖြစ်ပြီး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂) အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (ဒုတိယနေ့) တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား -

**[ (၃)ကြိမ်တိုင်တိုင် မေးမြန်းပါသည် ။ လွှတ်တော်က သဘောတူပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ [ **သြဘာသံများ** ]

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကြည်ဝင်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ကြည်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်(၂)။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကာယစိတ္တ သုခနှစ်ဖြာ ချမ်းသာကြပါစေလို့ လေးစားစွာ ဂါရဝပြု ဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများ၏ အကျိုးရည်မျှော်ပြီး ရှမ်းပြည်နယ်၏ တရားစီရင်ရေး မဏ္ဍိုင်အား မည်ကဲ့သို့ စီမံထားသည်ကို သိရှိလိုကြောင်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ အသွင်ကူးပြောင်းရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီး (၃) ရပ်ကို အချိုးညီညီနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းပြီး ဆောင်ရွက်ပါမှ ပြည်သူတို့ရဲ့ဘဝ၊ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီကျင့်စဉ်လည်း ရှင်သန်လာမှာ ဖြစ်ကြောင်း၊ ခံယူသုံးသပ်မိပါတယ် ခင်ဗျား။

ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ လိုလားချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ပြည်သူတို့ရဲ့ ဆန္ဒ၊ ပြည်သူတို့ အကျိုးအတွက် အစဉ်တစိုက်နားစွင့်ဖြည့်ဆည်းဆောင်ရွက်ပေးရမှာက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များရဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်။ ပြည်သူ့အသံနဲ့ ပြည်သူ့အကျိုးအတွက် ရည်ရွယ်ပြီး ရှမ်းပြည်နယ်၏ တရားစီရင်ရေး မဏ္ဍိုင်နှင့် ပတ်သက်၍ အနည်းငယ်တင်ပြလိုပါတယ် ခင်ဗျား။

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်၏ တရားစီရင်ရေး ကဏ္ဍအနက်မှ ဥပမာတစ်ခုကို ထင်ဟပ်ပြီး တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်တရားလွှတ်တော်ရုံးမှာ

(၆-၄-၂၀၀၉) ရက်နေ့က စွဲဆိုထားသည့် တရားမကြီးအမှုအမှတ် (၁၂/၂၀၀၉)သည် ယခုလက်ရှိ အချိန်အထိ ရုံးချိန်းပေါင်း (၈၄)ချိန်းနှင့် (၈-၃-၂၀၁၀) ရက်နေ့တွင် စွဲဆိုထားသော တရားမကြီးအမှုအမှတ် (၁၅/၂၀၁၂)သည် ရုံးချိန်းပေါင်း (၆၂)ချိန်း ကြာနာစစ်ဆေးခဲ့ သော်လည်း တရားလိုပြသက်သေအား ခေါ်ယူစစ်ဆေးမှု အဆင့်သာ ရောက်ရှိနေသေးကြောင်း ပြည်သူ့ထံမှ လေ့လာကြားသိရပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုလို တရားစီရင်ရေးကဏ္ဍ အချိန်ကြန့်ကြာခဲ့ခြင်းသည် အမှုသည် ပြည်သူများအတွက် ငွေကြေးနစ်နာဆုံးရှုံးမှု၊ လူမှုဘဝ ဆုံးရှုံးမှုများ ခံစားနေရမှာ ဖြစ်ပါတယ်။ တရားစီရင်ရေးကဏ္ဍမှာလည်း တရားမျှတမှု၊ လွတ်လပ်မှု၊ ထင်သာမြင်သာ ရှိမှုများ လိုအပ်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ပါမှ ပြည်သူအတွက် ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရဆိုတာ ဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်။

ထို့အတွက်ကြောင့် အဆိုပါ တရားမကြီးအမှုအား မည်ကဲ့သို့ စစ်ဆေးဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ပြန်လည်ဖြေကြားပေးရန်နှင့် ပြည်သူများအကျိုး ရည်မျှော်ပြီး ရှမ်းပြည်နယ်၏ တရားစီရင်ရေး မဏ္ဍိုင် အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို ဖြေကြားပေးပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးကို တက်ရောက်လာသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း နှစ်ဖြာနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သ မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း၏ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဦးအောင်ကြည်ဝင်း၏ အဓိက မေးခွန်းကတော့ ပြည်သူများ အကျိုးကို ရည်မျှော်ပြီး ရှမ်းပြည်နယ်၏ တရားစီရင်ရေးမဏ္ဍိုင်ကို မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းထားခြင်းသာ ဖြစ်ပါတယ်။ အဓိက မေးခွန်းမှာ အချက် (၃) ချက်ပါဝင်ကြောင်း တွေ့ရှိရပါတယ်၊ ရှမ်းပြည်နယ် တရားလွှတ်တော် ၏ တရားမကြီးအမှုအမှတ် (၇/၂၀၁၁)၊ (၁၃/၂၀၁၁) ကြန့်ကြာနေသည့်ကိစ္စကို အခြေပြုပြီး တရားစီရင်ရေး မဏ္ဍိုင်မတိမ်းစောင်းအောင် ပြည်သူ့အကျိုးအတွက် မြန်မြန်ဆန်ဆန်ဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲ ဆိုတာ သိရှိလိုတဲ့ သဘောရှိပါတယ်။

ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားမကြီးအမှုအမှတ် (၇/၂၀၁၁)၊ ယခင်က ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့၏ တရားမကြီးအမှုအမှတ် (၁၂/၂၀၀၉) ဖြစ်ပါတယ်။ ယနေ့အထိ စစ်ဆေးဆဲဖြစ်ပြီး ကြန့်ကြာ နေတာ အမှန်ဖြစ်ပါတယ်။ ကြန့်ကြာနေသော အကြောင်းရင်းများမှာ မူလတရားရုံးတွင် နှစ်ဖက်အငြင်းပွားမှုများနှင့် စပ်လျဉ်းပြီး ကြားဖြတ်အမိန့်များ လျှောက်ထားခဲ့တာ ရှိပါတယ်။

ကြားဖြတ်အမိန့်များကို (၁၀)ကြိမ် ကြားနာ ချမှတ်ခဲ့ရပါတယ်။ ချမှတ်ခဲ့တဲ့ အမိန့်အပေါ်မှ အမိန့် (၂)ခုကို အထက် တရားရုံးသို့ သက်ဆိုင်ရာ အမှုသည်များက တရားမပြင်ဆင်မှုများ တက်ရောက်ခဲ့ကြတဲ့ အတွက် ကြန့်ကြာမှုဖြစ်ရတဲ့ အကြောင်းရင်း တစ်ခု ဖြစ်ပါတယ်။

ဒုတိယကတော့ ယခင် တရားရုံးချုပ် (မန္တလေး)တွင် တရားမ ပြင်ဆင်မှုအမှတ် (၁၆၉/၂၀၀၉)မှာ ပြင်ဆင်မှု လျှောက်ထားဖို့အတွက် ရည်ဆောင်ကြည့်ရှုနိုင်ရန် တောင်းခေါ်တဲ့အတွက် ပေးပို့ခဲ့တဲ့အခါ (၄)လနီးပါး ကြာမြင့်ခဲ့ပါတယ်။ ထို့အတူပဲ ဒီအမှုပေါ်မူတည်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ပြင်ဆင်မှုအမှတ် (၆၅/၂၀၁၁)မှာ ရည်ဆောင်ကြည့်ရှုနိုင်ရန် မူလရုံးအမှုတွဲကို တောင်းခံခဲ့ရာ ပေးပို့သည့် အခါတွင် (၆)လနီးပါး ကြာမြင့်ခဲ့ပါတယ်။ ပေးပို့ထားဆဲတွင် မူလအမှုတွဲ မရှိသည့်အတွက် အငှားအမှုတွဲ ဖွင့်လှစ်ထားရပါတယ်။ အငှားအမှုတွဲ ဖွင့်လှစ်သည့် ရည်ရွယ်ချက်မှာ အမှုမပြီးပြတ်သေးပဲ ဆက်ရှိနေမယ်။ ထို့ကြောင့် ရုံးချိန်းပေးနိုင်ရန်အတွက် သာ ဖြစ်ပါတယ်။ မူလအမှုတွဲ မရှိသည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိပဲ စောင့်ဆိုင်းနေခဲ့ရတာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ တရားလိုဖက်က နေမကောင်း၍ ပျက်ကွက်သည့် အတွက် ရုံးချိန်း (၂)ချိန်း ပေးခဲ့ရပါတယ်။ တရားလိုပြ သက်သေ ဦးတင်မောင်ထွန်း မလာ၍ ရုံးချိန်း (၁)ချိန်း ပေးခဲ့ရပါတယ်။ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တရားလိုက သက်သေတင်ပြထားတဲ့ ဝန်ထမ်းသည် မလာရောက်နိုင်သည့် အတွက် ရုံးချိန်း (၁၀)ချိန်း ပေးခဲ့ရ ပါတယ်။ မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းသည် အခြားတာဝန်ဖြင့် မလာရောက် နိုင်သည့်အတွက် ရုံးချိန်း (၃)ချိန်း ပေးခဲ့ရပါတယ်။ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသည့် ဝန်ထမ်းကို ဒုတိယအကြိမ် ဆင့်ခေါ်ရာတွင် အခြားတာဝန်ဖြင့် မလာရောက်နိုင်သည့်အတွက် ရုံးချိန်း

(၇)ချိန်း ပေးခဲ့ရပါတယ်။ ထို့အပြင် တရားလိုဘက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ ဂရံအမှုတွဲ (၁)တွဲလုံးအား မိတ္တူကူး၍ သက်သေခံ တင်သွင်းမည်ဟု တင်ပြထား၍ စောင့်ဆိုင်းပေးခဲ့ပါတယ်။ အဲဒီအတွက် စောင့်ဆိုင်း ခဲ့ရသည့် ရုံးချိန်း (၄)ချိန်း ရှိပါတယ်။

အဆိုပါအမှုတွင် တရားလိုဖက်အား ဆက်လက်စစ်ဆေးနိုင်ရေး အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စာရွက်စာတမ်းများ တရားဝင် မိတ္တူကူးယူရရှိပြီး/မပြီး အခြေအနေတင်ပြရန် (၂၆-၁၂-၂၀၁၂) သို့ ချိန်းဆိုထားပါတယ်။ အဲဒီအမှုကို မှန်မှန်နှင့် မြန်မြန်စစ်ဆေးနိုင်ရေး အတွက် ရှမ်းပြည်နယ်တရားလွှတ်တော်က သက်ဆိုင်ရာ အဖွဲ့အစည်းများ နှင့် ပူးပေါင်း၍ အလေးပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။

တရားမကြီးအမှုအမှတ် (၁၅/၂၀၁၀)ကို ရှမ်းပြည်နယ်တရား လွှတ်တော်၊ တရားမကြီးအမှုအမှတ် (၁၃/၂၀၁၁)ဖြင့် ရှမ်းပြည်နယ် တရားလွှတ်တော် ဖွဲ့စည်းသည့်အချိန်မှာ ပြောင်းလဲ ဖွင့်လှစ်ခဲ့ခြင်း ပါတယ်။ အဲဒီအမှုတွဲကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က (၂၄-၁၀-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၁၁၅၄/တပြင် ၃၄ / ၂၀၁၂ အရ တောင်းခံသဖြင့် ရှမ်းပြည်နယ်တရားရေး ဦးစီးမှူး၏ (၃၁-၁၀-၂၀၁၂) ရက်စွဲပါစာအမှတ်၊ ၂၅၇၉/၅-၅/၂၀၁၂ ဖြင့် ပေးပို့ထားပြီး အငှားအမှုတွဲ ဖွင့်လှစ်၍ စောင့်ဆိုင်းနေဆဲ ဖြစ်ပါတယ်။ မူလအမှုတွဲကို ပြည်ထောင်စု တရားလွှတ်တော်မှ ပြန်လည်ရရှိပြီးနောက်မှာ ရှမ်းပြည်နယ်တရားလွှတ်တော် အနေနဲ့ ဆက်လက် စစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်သည့် ပြည်သူလူထုအကျိုးကို ရည်မျှော်၍ ရှမ်းပြည်နယ်တရားလွှတ်တော်၏ တရားစီရင်ရေးမဏ္ဍိုင်အား မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော်တို့အမြင်ပြောရလျှင် ပြည်သူလူထုအကျိုးအတွက် တရားစီရင်ရေး

ကဏ္ဍကိုလည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ တရားမျှတမှု ရှိစေရေး၊ ဥပဒေနှင့်အညီ ဖြစ်စေရေး၊ အေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားစီရင်ရေးကဏ္ဍ ဟာလည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင်မတိမ်းစောင်းရေးဆိုတဲ့ အဓိကမူကို မူတည်ပြီးတော့ ဆောင်ရွက်နေပါတယ်။ တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းစေရေးအတွက် ဆန္ဒဂတိ၊ ဒေါသဂတိ၊ ဘယာဂတိ၊ မောဟဂတိဆိုတဲ့ အဂတိ တရား(၄)ပါး ကင်းရှင်းရန် လိုအပ်ပါတယ်။ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဝန်ထမ်းများအား ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပညာပေးဆွေးနွေး စည်းရုံးခြင်းများလည်း ပြုလုပ်လျက် ရှိပါတယ်။

ပထမအကြိမ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၊ လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲမှာ လာဘ်ပေးလာဘ်ယူတွေ လျော့နည်းပပျောက်အောင် ဘယ်လိုလုပ်မလဲ ဆိုပြီး ညှိနှိုင်းတဲ့ပွဲမှာ ကျွန်တော်တင်ပြခဲ့တာ တစ်ခုရှိပါတယ်။ ဒါကလဲ ကျွန်တော့်အတွေ့အကြုံအရ လောက်ကိုင် ခရိုင်တရားရုံးကို သွားရောက် စစ်ဆေးတဲ့အခါ အဲဒီမှာ ရှိတဲ့ ဝန်ထမ်းများသည် တပ်မတော်သား သားသမီးတွေပါ။ စည်းနဲ့ကမ်းနဲ့ နေတတ်ထိုင်တတ်တာကို တွေ့ရပါတယ်။ သူတို့ရဲ့ ရင်ဘတ်မှာ တံဆိပ်၊ ၎င်းတို့၏ အမည်၊ ရာထူးနှင့် ရုံးကို ဖော်ပြထားပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ နေစဉ်က တည်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ နေတဲ့ ဝန်ထမ်းအားလုံး ရင်ထိုးတံဆိပ်တပ်ဆင်ရမည်ဟု ကျွန်တော် ညွှန်ကြားခဲ့ပါတယ်။

ရည်ရွယ်ချက်ကတော့ တရားရုံးဝန်းကျင်မှာ လာဘ်ပေးလာဘ်ယူ လုပ်တဲ့နေရာမှာ ဝန်ထမ်းများက လုပ်တာရှိသလို၊ အခြားပုဂ္ဂိုလ်များက ဝင်ရောက်ပြီး လုပ်နေတာလည်း ရှိပါတယ်။ အမှုသည်ဘက်ကနေကြည့်ရင် မည်သူက တောင်းလို့တောင်းမှန်းမသိပဲ တိတိကျကျတိုင်ကြားရန် အခက်အခဲ ရှိတဲ့အခါ တာဝန်ရှိတဲ့လူ ဟုတ်မဟုတ် သိရှိနိုင်အောင် ရင်ထိုးတံဆိပ် တပ်ဆင်သင့်သည်။ တကယ်လို့ တိုင်းကြားလျှင်လည်း တိတိကျကျ တိုင်နိုင်အောင် ကျွန်တော် အကြံပြု တင်ပြခဲ့တဲ့အခါ မြန်မာတစ်နိုင်ငံလုံး ရင်ထိုးတံဆိပ် တပ်ဆင်ရုံမျှမက လည်ဆွဲများကိုလည်း တပ်ဆင်ပေး ပါတယ်။ လည်ဆွဲတွင် ဓါတ်ပုံ၊ အမည်၊ ရာထူး၊ ရုံးအမည်တို့ကို တိတိကျကျ ဖော်ပြထားပါတယ်။

ဝန်ထမ်းများနှင့် ပတ်သက်၍ လာဘ်ပေးလာဘ်ယူမဖြစ်စေရန် အတွက် ဟောပြောစည်းရုံးပညာပေး ထားတဲ့အပြင် သက်ဆိုင်ရာ ရုံးများမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုများကို ဥပဒေနှင့် အညီ မှန်မှန် ကန်ကန် ဆုံးဖြတ်ပေးမည်၊ တရားရုံးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးမည်။ လာဘ်ငွေပေးရန် မလိုပါ။ တောင်းခံလာပါက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ( ဖုန်းနံပါတ်– ၂၀၂၀၀၄၊ ဖက်စ်အမှတ်– ၂၀၁၂၁၃ ထံနှင့်ပြည်နယ်တရားရုံး ဦးစီးမှူး ဖုန်းနံပါတ်–၂၀၂၀၀၅) ထံ တိုင်ကြားရန် ကြော်ငြာစာကပ် ထားပါတယ်။ ကြော်ငြာနှင့် ပတ်သက်ပြီး ကျွန်တော် ထပ်မံတင်ပြတာက ကြော်ငြာ အရဆိုလျှင် လာဘ်တောင်းမှသာလျှင် တိုင်ကြားလို့ရမည်၊ လာဘ်မတောင်းပဲနဲ့ ကြာအောင် ညစ်နေတာတွေ၊ အခက်အခဲ ဖြစ်အောင်လုပ်တာတွေ ရှိလာနိုင်ကြောင်း၊ ထို့ကြောင့် နောက်တစ်ချက် အနေဖြင့် ဝန်ထမ်းများ အနေဖြင့် လာဘ်ပေး လာဘ်ယူကင်းရှင်းစေရန် ရုံးတွင် အသုံးပြုရန် လိုအပ်သည့် စာရွက်စာတမ်းများ၊ ရုံးသုံးပစ္စည်း စက်ကိရိယာများကို စိုက်၍ သုံးစွဲခြင်းမရှိစေရန် ရန်ပုံငွေများ တောင်းခံ၍ ခွဲဝေချ ထားပေးလျက် ရှိပါတယ်။ ရှမ်းပြည်နယ် တရားလွှတ်တော်တွင် ဝန်ထမ်းအိမ်ရာ မရှိသဖြင့် ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် အစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံထားပါတယ်။

တရားရုံး အရာရှိများနှင့် စာရေးဝန်ထမ်းများအား အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများ ပို့ချလျက်ရှိရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ အစီအစဉ်ဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) သို့ တရားရေးအရာရှိ(၂)ဦးမှ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၄၀)နှင့် ဌာနခွဲ စာရေး တစ်ဦးမှ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြှင့်သင်တန်းအမှတ်စဉ် (၁၂)သို့ တက်ရောက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ စာရေးဝန်ထမ်းများအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စာရေးဝန်ထမ်းများ လုပ်ငန်းအရည်အသွေးမြှင့်တင်သင်တန်းများကို (၁၂)ခရိုင်စလုံးတွင် ဖွင့်လှစ်ပေးခဲ့ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင်မတိမ်းစောင်းစေရေးနှင့် တရားရေးအရာရှိများ၏ လုပ်ငန်းအရည်အသွေး မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ( ၁၁-၁၁-၂၀၁၂ )ရက်နေ့တွင် ရှမ်းပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး ရှေ့နေရှေ့ရပ်များ၊ ဥပဒေအရာရှိများကို ဖိတ်ကြားဆွေးနွေးခဲ့ပါတယ်။ နောင်တွင် ဆက်စပ်လျက်ရှိသော အခြားဌာနများ၊ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေများကို အရည်အသွေးမြှင့်မား တိုးတက်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ဖိတ်ကြားဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မိမိတို့အနေဖြင့် တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူလူထုကို ပညာပေးဆွေးနွေးနိုင်ခြင်း မရှိ၍ ပွင့်လင်းမြင်သာမှု ရှိစေရန် မီဒီယာများမှတဆင့် အသိပညာပေးရန် ဆောင်ရွက်လျက် ရှိပြီး (၂၅-၁၁-၂၀၁၂)ရက်နေ့ထုတ် အရှေ့ရိုးမ ဂျာနယ်တွင် ဆောင်းပါးထည့်သွင်းဖော်ပြခဲ့ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၁(က)ပါ နိုင်ငံတော်အချုပ်အခြာ အာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရေးမူအရ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမူတို့ကို စောင့်ထိန်းပြီး မည်သူမျှ စွက်ဖက်မခံပဲ အဂတိတရားတွေ ကင်းအောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင် နိဂုံးချုပ် အပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာသော လူကြီးမင်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အခါသမယ ဖြစ်ပါစေရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းခမ်းအေး ဖြစ်ပါတယ်ရှင်။ ကျွန်မမေးခွန်းကို မမေးမြန်းခင်မှာ တစ်ခုတင်ပြခွင့်ပြုရန် မေတ္တာရပ်ခံ တင်ပြအပ်ပါတယ်ရှင်။

ကျွန်မတို့ရဲ့ မေးခွန်းတွေ၊ အဆိုတွေ ပြည့်စုံမှု မရှိခြင်းဟာ ကျွန်မတို့ ရှမ်းပြည်နယ်ကို ကိုယ်စား ပြုနေတဲ့ သက်ဆိုင်ရာဌာနများရဲ့ အချင်းချင်းဆက်သွယ်မှု နှောင့်နှေးကြောင်း ကျွန်မသုံးသပ်မိပါတယ်။ ကျွန်မ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးကို လာရောက် တက်ရောက်ဖို့ (၁၄) ရက်နေ့မှ ဖိတ်စာရပါတယ်။ ဖိတ်စာမရခင်ကြားမှာလည်း ကျွန်မဟာ မည်သည့်ကြေးနန်းနှင့်မျှ အကြောင်းကြားရခြင်း မရှိပါဘူး။ အဲဒါကြောင့် နောက်နောင် ဖိတ်စာအစည်းအဝေးများကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်ထံသို့ အချိန်မီပေးပို့နိုင်ဖို့အတွက် မေတ္တာရပ်ခံ တောင်းဆိုတင်ပြရခြင်း ဖြစ်ပါတယ်ရှင်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးမှာ အိမ်နီးချင်းနိုင်ငံများတွင် အိုးမဲ့အိမ်မဲ့ ဘဝရောက်နေပါသော ရှမ်းပြည်နယ်မှ တိုင်းရင်းသားများအား ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည် ဝင်ရောက်နေထိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကတည်နေရာ၊ သတ်မှတ်ချက် ရှိမည်/မရှိမည်နှင့် မည်သည့်အချိန်၊ မည်သည့်နေ့ရက်၊ မည်သည့်ပုံစံဖြင့် ချမှတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ် ရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနေနဲ့ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (International Organization) ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ပြောကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော်အခြေပြု မိန့်ခွန်းမှာ ပြည်ပမှာ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသား အလုပ်သမားများရဲ့ တရားဝင် အခွင့်အရေးများ အပြည့်အဝပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရန် မူဝါဒချမှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၄ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌအနေနဲ့ ကျွန်မတို့ နိုင်ငံဆောင်ရွက်တဲ့ အချိန် ဆိုလို့ရှိရင်လည်း ရွှေ့ပြောင်း အလုပ်သမားများအတွက် ဦးစားပေးပြီး၊ ဦးဆောင်ပြီး မြန်မာနိုင်ငံအရေး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း သိရှိထားရပါတယ်။ ရွှေ့ပြောင်း လုပ်ကိုင်ခြင်း ဆိုင်ရာ မူဝါဒ၊ မူကြမ်းကိုလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ မူဝါဒ(၉)ရပ်ကိုလည်း ချမှတ်ပြီးဖြစ်ပြီး အိမ်နီးချင်းနိုင်ငံမှာ အထောက်အထားမဲ့ အလုပ်သမားများ ခန့်မှန်း(၂)သန်းခွဲအတွက်၊ (၁.၂)သန်းခွဲကိုလည်း ယာယီမြန်မာနိုင်ငံကူး လက်မှတ်တွေ ထုတ်ပေးထားကြောင်း သိရှိရပါတယ်။

အခု ကျွန်မမေးမြန်းလိုတဲ့ အိမ်နီးချင်းနိုင်ငံ အထူးသဖြင့် ထိုင်းနိုင်ငံမှာ ဝင်ရောက် ခိုလှုံနေတဲ့ ကျွန်မတို့ ရှမ်းပြည်နယ်မှာ နေထိုင်ခဲ့ဖူးတဲ့ တိုင်းရင်းသားတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံမဲ့၊ အထောက်အထားမဲ့ ဘဝနဲ့ ထိုင်းနိုင်ငံမှာ (၁၆)နှစ်ကြာ ဝင်ရောက်နေထိုင်ရတဲ့ တိုင်းရင်းသား ရွှေ့ပြောင်း အလုပ်သမားအကြောင်းကို ကျွန်မဦးတည်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အကြီးမားဆုံး အမွေပြောင်းရွှေ့ခြင်း အစီအစဉ် တစ်ခုကို ၁၉၉၆-၁၉၉၇ ခုနှစ်မှာ ရှမ်းပြည်နယ် အလယ်ပိုင်းမှာ စတင်ပြီးတော့ လုပ်ဆောင်ခဲ့ပါတယ်။

အဲလို**ဖြတ်လေးဖြတ်စနစ်**ကြောင့် ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ နမ့်စန်၊ ကျေးသီး၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းပြင်းနှင့် ဟိုပုန်းမှ ကျေးရွာပေါင်း (၁၄၇၉) မှ အိမ်ထောင်စုပေါင်း (၅၅၈၅၂)ခု လူပေါင်း (၃)သိန်းကျော်ကို ၄င်းတို့ နေထိုင်ရာဒေသမှ အတင်းအဓမ္မ အခြားဒေသကို ပြောင်းရွှေ့စေခဲ့ပါတယ်။ လိုအပ်တဲ့ မည်သည့်ရုပ်ဝတ္ထုတစ်စုံတစ်ရာကိုမှ ထောက်ပံ့ပေးခြင်း မရှိခဲ့ပါဘူး။ အဆိုပါ ကျေးရွာအများအပြားဟာ ၄င်းတို့ မူလနေရာကို ပြန်လည်နေထိုင်ခွင့် မပေးတဲ့အတွက်ကြောင့် တစ်ဝက်ကျော်ဟာ ထိုင်းနိုင်ငံကို ထွက်ပြေးတိမ်းရှောင် ခိုလှုံခဲ့ကြပါတယ်။ အခု ထိုင်းနိုင်ငံကို ကြည့်လိုက်မယ်ဆိုလျှင် ရုံး၊ ဟိုတယ်၊ မိုတယ်၊ တက္ကသိုလ်နှင့် လမ်းဘေးဈေးသည်အဆုံး ကျွန်မတို့ တိုင်းရင်းသားတွေ ဝင်ရောက်ပြီး အလုပ်လုပ်ကိုင် နေတာကို တွေ့ရပါတယ်။ သာမန်အားဖြင့် နေရာတိုင်းမှာ ကိုယ့်လူမျိုးတွေ ရှိတဲ့အတွက်ကြောင့် နိုင်ငံခြားကို ကိုယ့်ဘာသာစကားနဲ့တင် သွားရောက်လည်နိုင်တယ်ဆိုပြီးတော့ ဂုဏ်ယူစရာတော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ လုပ်နေတဲ့ အလုပ်တွေဟာ အဲဒီနိုင်ငံမှာ ရှိတဲ့ အဆင့်အနိမ့်ဆုံး သန့်ရှင်းရေး လုပ်သားဘဝတွေ အဖြစ်နဲ့ လုပ်ကိုင်နေကြရလို့ပါပဲ။

ပညာမတတ်လို့ ဝမ်းစာရေးအတွက် လုပ်ကိုင်နေရတယ်။ ရုန်းကန်နေရတယ် ဆိုပေမဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုရဲ့ အနိမ့်ဆုံး အလုပ်သမားဘဝရောက်နေတဲ့ မိမိတို့ တိုင်းရင်းသားတွေရဲ့ ဘဝကို ကြည့်ပြီးတော့ ရင်မှာ မချိအောင် ခံစားခဲ့ရပါတယ်။ ကျိမ်းမိုင်မှာ ရှိနေတဲ့ ပီဖုန်းအုပ်စု၊ အက်စ်သာထရွန်လမ်းနဲ့ သတ္တမ ကိုးရှင်းလမ်းဆုံမှာ ဆိုလျှင် မနက်တိုင်း ထမင်းထုပ်ကိုယ်စီကိုင်ပြီးတော့ ကျပန်းအလုပ်လုပ်ကိုင်ဖို့ အတွက် အလုပ်ရှင်ကို စောင့်မျှော်နေရတဲ့ ကျွန်မတို့မြန်မာနိုင်ငံ တိုင်းရင်းသားများကို တွေ့ရမှာ ဖြစ်ပါတယ်။

ပြောက်မြားလှစွာသော အလုပ်လက်မဲ့များဟာ ညနေပိုင်းအထိ အလုပ်မပေးမဲ့သူ မရှိတဲ့ အတွက်ကြောင့် နေရာမှာတင် နေ့လည်စာ ထမင်းစားပြီး ညနေပိုင်းတွင် ၉ ပေပတ်လည် အခန်းကျဉ်း၊ သွပ်မိုးသွပ်ကာ အခန်းမှာ ပြန်လည်ပြီး နေထိုင်ရတဲ့ ဘဝကိုလည်း သိရှိခဲ့ရပါတယ်။ ရှမ်းပြည်နယ်မှာ နေထိုင်ခဲ့ကြဖူးတဲ့ နိုင်ငံမဲ့ အထောက်အထားမဲ့ဘဝ ရောက်နေကြပါတဲ့ တိုင်းရင်းသားများကို -

(၁) မြန်မာနိုင်ငံရဲ့ ပြောင်းလဲမှု၊ နိုင်ငံရေးပြောင်းလဲမှု စနစ်ကို မသိတဲ့အတွက်ကြောင့် မိမိတို့ ကျေးရွာတွေမှာ ယခင်ကလိုပဲ မြေမြှုပ်မိုင်းတွေများ ရှိနေမလားဆိုပြီး မပြန်ရဲသေးတဲ့သူများ

(၂) မူရင်းနိုင်ငံ ရှမ်းပြည်နယ်မှာ အပြီးအပိုင် ပြန်လည် အခြေချ နေထိုင်မည့်သူများ

(၃) တစ်ချို့က မူရင်းနိုင်ငံကို ပြန်လည်ဝင်ရောက် နေထိုင်ပြီးတော့ ထိုင်းနိုင်ငံကိုပြန်လည် ဝင်ရောက်ပြီး အလုပ်သမား အနေနဲ့ လုပ်ကိုင်လိုသူများ ဆိုပြီး (၃)မျိုး တွေ့ရှိရမှာ ဖြစ်ပါတယ်။

အဲဒီလောက် ခက်ခဲနေတဲ့ သူတို့ဘဝကို ရှုန်းကန်နေတဲ့ဘဝကို တွေ့ရတဲ့အတွက်ကြောင့် ရှမ်းပြည်နယ်ကို မပြန်ချင်ဘူးလားလို့ မေးခွန်းများ ထုတ်မိမယ်ဆိုလျှင် ကျွန်တော်တို့ ဝမ်းစာရေး အတွက်တောင်မှ ဖူလုံအောင် မရုန်းကန်နိုင်တဲ့အတွက်ကြောင့် ခရီးစရိတ်နှင့် နယ်စပ်ဂိတ်တွေမှာ ပေးဆောင် နိုင်ဖို့အတွက် ခက်ခဲလှတဲ့ အတွက်ကြောင့် မလွဲမရှောင်သာ နေနေရပါတယ် ဆိုတဲ့အဖြေကို ရရှိမှာ ဖြစ်ပါတယ်။ ယခုလို နိုင်ငံတော် အကြီးအကဲက နေပြီးတော့ နိုင်ငံရေး ဖူလုံခွင့်နဲ့ ပြည်ပရောက်နေသူတွေ ပြန်လည်ဝင်ရောက် လာဖို့ လမ်းဖွင့်ပေးနေ သလို ပြည်ပရောက် မြန်မာနိုင်ငံသားများအား ယာယီမှတ်ပုံတင် လုပ်ဆောင်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ အတွက် ဆောင်ရွက်ပေးခြင်းနှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီမှ ကရင်လူမျိုးတွေ ပြန်ရောက်လာနိုင်ရေး အတွက် စွမ်းစွမ်းတမံ ဆောင်ရွက် နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒီလိုပါပဲ ရှမ်းပြည်နယ်အစိုးရကလဲ မိမိတို့ပြည်သူတွေအပေါ်မှာ ထားရှိတဲ့ စေတနာတွေကို ပြသွာန်းဖို့ လိုအပ်နေပါတယ်။ တိုင်းရင်းသားများ ပြန်လည်ဝင်ရောက်လာနိုင်ဖို့ လမ်းဖွင့်ပေးမယ်ဆိုတာ ကျွန်မ အခိုင်အမာ ယုံကြည်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်ပြေးဒုက္ခသည်တွေ၊ ရွှေ့ပြောင်း အလုပ်သမားတွေ၊ နိုင်ငံအထောက်အထား မဲ့သူတွေ ပြည်တွင်းမှာ ပြန်လည် အခြေချပြီး ရဲရဲဝံ့ဝံ့ ပြန်လာဖို့ဆိုတာ ကျွန်မတို့ ရှမ်းပြည်နယ်အစိုးရ အပေါ်မှာ မူတည်နေပါတယ်။ အဲဒါကြောင့် ရှမ်းပြည်နယ်အစိုးရမှ စိတ်ချ ယုံကြည်ရတဲ့ ဘဝ လုံခြုံရေးအာမခံချက် ရှိစွာနဲ့ အကာအကွယ်ပေးပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ပေး နိုင်မှာသာ ရဲဝံ့စွာ ပြန်လည်ဝင်လာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အိမ်နီးချင်းနိုင်ငံများတွင် အထူးသဖြင့် ထိုင်းနိုင်ငံတွင် အိုးမဲ့အိမ်မဲ့ ဘဝရောက်ရှိနေပါသော ရှမ်းပြည်နယ်မှ တိုင်းရင်းသား များအား ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ရန် ရှမ်းပြည်နယ်အစိုးရမှ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက တည်နေရာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်နေရာ မည်သည့် ပုံစံဖြင့် ချမှတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ရှင်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး အောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမ ဦးစွာနှုတ်ခွန်းဆက်သ အပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ ရွှေ့ပြောင်းအလုပ်သမားများ အဖြစ် အိမ်နီးချင်း နိုင်ငံများတွင် အိုးမဲ့အိမ်မဲ့ဘဝ ရောက်ရှိနေပါသော ရှမ်းပြည်နယ်မှ တိုင်းရင်းသားများစွာ ရှိနေပါသည်။ ၎င်းရွှေ့ပြောင်းအလုပ်သမားများကို ရှမ်းပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ရန် ရှမ်းပြည်နယ် အစိုးရမှ ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက ရှမ်းပြည်နယ်အစိုးရမှ နေရာပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သည့်ပုံစံဖြင့် စီစဉ်ဆောင်ရွက်ရန် ရှိကြောင်း ဆိုသည့် မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်သူ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အိမ်နီးချင်း ထိုင်းနိုင်ငံရောက် မြန်မာတိုင်းရင်းသား ရွှေ့ပြောင်း အလုပ်သမားများအား အလုပ်သမား ကိုယ်စားလှယ်မှ ၎င်းအလုပ်သမားရဲ့ ကိုယ်ရေးအချက်အလက်၊ နေရပ်လိပ်စာဖော်ပြ၍ သက်ဆိုင်ရာ သံရုံးမှ တစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ အကြောင်းကြား လာပါက ၎င်းတို့၏ ဖော်ပြပါ နေရပ်လိပ်စာ၊ မြို့နယ်များအလိုက် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးများသို့ တစ်ဦးချင်း စာရင်းအလိုက် ချပြစိစစ်၍ ပြန်လည်တင်ပြစေခဲ့ပါတယ်။ ပြည်နယ်တိုင်းဒေသကြီး ဦးစီးဌာနမှူး များမှ ၎င်းတို့နေထိုင်ရာ လိပ်စာအတိုင်း မြို့နယ်များကို မြန်မာနိုင်ငံသား ဟုတ်/မဟုတ်၊ မြန်မာနိုင်ငံတွင်း နေထိုင်ခဲ့သူ ဟုတ်မဟုတ်နဲ့ မည်သည့်လူမျိုးဖြစ်ကြောင်း စိစစ်ပြီးတော့ ပြန်လည်တင်ပြ စေခဲ့ပါတယ်။

ပြန်လည်တင်ပြလာတဲ့ စာရင်းများအတိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြီး အဆိုပါ ရွှေ့ပြောင်းအလုပ်သမားများ နေထိုင်ရာ နိုင်ငံများသို့ ဆက်သွယ်၍ ပြန်လည်ဝင်ရောက်နေထိုင်ရန် လက်ခံဆောင်ရွက်ပေးလျက် ရှိပါတယ်။

စိစစ်ပြန်ကြားမှုများကို တစ်ဘက်နိုင်ငံတွင် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အလုပ်သမား မှတ်ပုံတင်ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး တရားဝင်အလုပ်သမားအဖြစ် ဆောင်ရွက်ပေးသကဲ့သို့ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လိုပါကလည်း တားဆီးမှု၊ အရေးယူမှု ဆောင်ရွက်မှုများ မရှိပဲ စိစစ်လက်ခံခြင်းကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒီလို စိစစ်ဆောင်ရွက်ပေးလျက် ရှိရာမှာ အစိုးရသစ်တာဝန်ယူသည့် အချိန်မှ စပြီး ယနေ့အထိ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသအတွင်း စိစစ်ရန် (၁၄၅၉၄)ဦးအနက် (၁၃၉၂၂)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းမှာ စိစစ်ရန် (၄၃၅၂)ဦးအနက် (၄၂၇၇)ဦးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းမှာ စိစစ်ရန် (၁၈၈၀) ဦးအနက် (၁၈၈၀)ဦး အတည်ပြုပြန်ကြားနိုင်ခဲ့ရာ ရှမ်းပြည်နယ်အတွင်း စိစစ်ရန် (၂၀၈၂၆)ဦးအနက် (၂၀၀၇၉)ဦးအား အတည်ပြု စိစစ်ပြန်ကြားပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသား တိုင်းရင်းသားများမှာ ပြန်လည် ရောက်ရှိလာလျှင် ၎င်းတို့၏ မူလနေရပ်များ ရှိနေပြီး ဖြစ်ပါသဖြင့် ၎င်းတို့ကို နေရာပြန်လည် ချထားပေးရန် မလိုအပ်ပါသောကြောင့် ၎င်းတို့၏ ဇာတိ၊ နေရပ်များသို့သာ ပြန်လည်နေထိုင်လျက် ရှိကြပါတယ်။

ဒါကြောင့် အိမ်နီးချင်းနိုင်ငံများတွင် အိုးမဲ့အိမ်မဲ့ဘဝရောက်ရှိနေသော တိုင်းရင်းသားများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်နေထိုင်လိုလျှင် အလုပ်သမားကိုယ်စားလှယ်မှ တစ်ဆင့် သက်ဆိုင်ရာ သံရုံးသို့ ဆက်သွယ်ပြီး ကိုယ်ရေးအချက်အလက်၊ နေရပ်လိပ်စာ အတိအကျ စာရင်းပေးသွင်းပါက နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တစ်ဆင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဆက်သွယ်လာလျှင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်/မြို့နယ်ခွဲရုံးများမှ စိစစ်အတည်ပြု၍ မြန်ဆန်စွာ လက်ခံဆောင်ရွက် ပေးလျက် ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလွင်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ဧည့်သည်များအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာ ရှိကြပါစေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)က ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင် ဖြစ်ပါတယ်။

ဒီနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လယ်ယာနည်းမြေဥပဒေများနှင့် ပတ်သက်၍ ပြည်သူလူထုနှင့် တောင်သူလယ်သမားတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်စေရန် ရှင်းလင်းချပြခြင်း လုပ်ငန်းဆောင်ရွက်သည့်အခြေအနေနှင့် ပတ်သက်သည့် မေးခွန်းနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်သည့်မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့နိုင်ငံတော်မှာ လယ်ယာမြေဥပဒေကို ပြည်ထောင်စု လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း လယ်ယာမြေနည်းဥပဒေများကို အတည်ပြုထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်လို့ ဦးစွာ တင်ပြလိုပါတယ်။

ပထမအချက် အနေနဲ့ ထုတ်ပြန်ခဲ့တဲ့ နည်းဥပဒေများသည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ထုတ်ပြန်ခြင်းဖြစ်တဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မဲ့ ဌာနဆိုင်ရာများ သိရှိသဘောပေါက် လိုက်နာဆောင်ရွက်ရမဲ့ နည်းတစ်ခု၊ အဓိကအားဖြင့် လယ်ယာမြေနဲ့ ပတ်သက်ပြီး လက်တွေ့လုပ်ကိုင်စားသောက် ဆောင်ရွက်နေရတဲ့ တောင်သူဦးကြီးများ လုပ်သားပြည်သူများအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရှင်းရှင်းလင်းလင်း သိရှိသဘောပေါက်ရန် အထူးအရေးကြီးကြောင်း တင်ပြလိုပါတယ်။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေများတွင် ပါရှိသော

(၁) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း

(၂) ပြန်လည်သိမ်းယူသော လယ်ယာမြေများနှင့် အသစ်ဖော်ထုတ်သော လယ်ယာမြေများ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း

(၃) လွှဲပြောင်းလက်ခံသော၊ အမွေဆက်ခံသော လယ်ယာမြေများအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်း၊ ကြီးကြပ်ခြင်းနှင့် ပံ့ပိုးခြင်း ဆောင်ရွက်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားခြင်းနှင့် အယူခံဝင်ခြင်း၊ နစ်နာကြေးနှင့် လျော်ကြေးများ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခြင်း၊ လယ်ယာမြေကို စီမံခန့်ခွဲခြင်း၊ တရားစွဲဆိုခြင်း

စတဲ့ အချက်များကို လယ်ယာစိုက်ပျိုးရေးကို အသက်မွေး ဝမ်းကျောင်း ပြုနေကြတဲ့ တောင်သူဦးကြီးများ၊ လုပ်သားပြည်သူများ၊ ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်ပြီးမှသာ ဥပဒေပြဋ္ဌာန်းချက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ကြောင်း လေးလေးနက်နက် တင်ပြလိုပါတယ်။

ဒုတိယ တင်ပြလိုတဲ့အချက်ကတော့ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပေးခဲ့တဲ့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ အဲဒီနောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ စတဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အမိန့်၊ ညွှန်ကြားချက်တို့အရ ဆက်လက်ဖွဲ့စည်းဆောင်ရွက်လျက် ရှိရာမှာ ဗဟိုအဆင့်မှာ မြို့နယ်အဆင့်အထိ ဖွဲ့စည်းမှုဟာ ဖွဲ့စည်းပုံအရ ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သော်လည်း အဓိက အောက်ခြေ အဖွဲ့အစည်းဖြစ်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များကို ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အပါအဝင် ရပ်မိရပ်ဖများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက် ထားတာကိုလည်း လေ့လာသိရှိရပါတယ်။

အဲဒီလိုအခြေခံ အကျဆုံးသော ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များဟာ လယ်ယာမြေလုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီး ပထမဦးဆုံးသော လျှောက်ထားချက်များကို စိစစ်ရခြင်း၊ အတည်ပြုရခြင်း များကို ကနဦး ဆောင်ရွက်ရတဲ့ အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် တောင်သူ လယ်သမားများရဲ့ အခွင့်အရေးရရှိမှု နစ်နာဆုံးရှုံးမှုများကို ဦးစွာ အဆုံးအဖြတ် ပြုရတဲ့ အဓိကကျတဲ့ အခြေခံအကျဆုံးသော အဖွဲ့ ဖြစ်တာကိုလည်း အလေးအနက်ထားပြီး တင်ပြလိုပါတယ်။ အဲဒီလို လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားခြင်း ဆိုင်ရာကိစ္စနှင့် ပတ်သက်ပြီး

ကနဦးစိစစ်ရတဲ့ အဖွဲ့အစည်းဖြစ်တဲ့ ရပ်ကွက်/ကျေးရွာအုပ်စု မြေယာစီမံခန့်ခွဲမှု အဖွဲ့သည် လည်းကောင်း၊ ယင်းအဖွဲ့မှာ တာဝန်ယူ ဆောင်ရွက်ကြမဲ့ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များသည် လည်းကောင်း၊ မိမိတို့ရဲ့ အဖွဲ့၏ အရေးပါမှုကို နားလည် သိရှိသဘောပေါက်ပြီး ဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်မှသာ တောင်သူလယ်သမားများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အဓိက အခြေခံအကျဆုံး ဆောင်ရွက်နိုင်မှာ ဖြစ်မယ်လို့ တင်ပြလိုပါတယ်။

လယ်ယာမြေလုပ်ကိုင်ခွင့်လျှောက်ထားခြင်းကိစ္စများအပြင် လယ်ယာမြေအငြင်းပွားမှုများကို မူလမှုခင်း ဖွင့်လှစ်စုံစမ်းခြင်းနှင့် ကြားနာခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ လွှဲပြောင်းလက်ခံမှုများတွင် စာချုပ်ချုပ်ဆိုပေးခြင်း၊ စသည့် အရေးပါသည့် လုပ်ငန်းတာဝန်များကို ထမ်းရွက်ရတဲ့ အဖွဲ့ဖြစ်ကြောင်း တင်ပြလိုပါတယ်။

အထက်က တင်ပြခဲ့တဲ့ အချက်(၂)ချက်နှင့် ပတ်သက်ပြီး မေးမြန်းချင်တဲ့ ပထမမေးခွန်းကတော့ တောင်သူဦးကြီးများ၊ လုပ်သားပြည်သူများအကြား လယ်ယာမြေဥပဒေနှင့် ပတ်သက်ပြီး ရှင်းလင်းချပြ ဆောင်ရွက်ခြင်းကို အချို့သော မြို့နယ်မှာ ဆောင်ရွက်တာကို တွေ့ရှိရပြီး ကျေးရွာအထိ ရှင်းလင်းဆောင်ရွက်မှု မရှိသေးခြင်း၊ အချို့ မြို့နယ်များမှာ ရှင်းလင်းဆောင်ရွက်မှု မရှိသေးခြင်းများကိုလည်း တွေ့ရှိနေရပါတယ်။

ရှင်းလင်းမှု ပြုလုပ်ပြီးတဲ့ မြို့နယ်မှာ ရှိတဲ့ ကျေးလက်နေလုပ်သားပြည်သူ တောင်သူလယ်သမား များကို မေးမြန်းကြည့်တဲ့အခါ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်ပြီး မည်သို့ရှိသည်။ မည်သူတို့က လျှောက်ထားနိုင်သည်။ မည်သို့လျှောက်ထားနိုင်သည်။ မည်သို့လျှောက်ထားရမည်ကို လုံးဝသိရှိနားလည်ခြင်း မရှိသေးကြောင်းကိုလည်း လေ့လာ တွေ့ရှိရပါတယ်။

ဒါကြောင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်ပြီး သက်တွေ့ဆောင်ရွက်ရတဲ့ ဌာနဆိုင်ရာများအပြင် အဓိကကျတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ ပါဝင်ဖွဲ့စည်းထားမဲ့ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များနဲ့ လက်တွေ့လယ်ယာမြေပေါ်မှာ လုပ်ကိုင်စားသောက်ခွင့် လျှောက်ထားကြမဲ့ တောင်သူလယ်သမား၊ လုပ်သားပြည်သူများကောင်းစွာ သဘောပေါက်နားလည်ဖို့အတွက် မြို့ပေါ်ရပ်ကွက်တွေမှာ ခေါ်ယူတွေ့ဆုံ ရှင်းလင်းမှုများအပြင် အောက်ခြေကျေးရွာအထိ ရှင်းလင်းပွဲများ ပြုလုပ်ပေးခြင်း၊ နည်းဥပဒေဆိုင်ရာ သိသင့်သိထိုက်သော အချက်အလက်များကို တိုင်းရင်းသားဘာသာဖြင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေခြင်း၊ စသည်တို့ကို ကျေးရွာများအရောက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုတဲ့ မေးခွန်းဖြစ်ပါတယ်။

နောက်မေးခွန်း (၁)ခုကတော့ ယခုအခါမှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ ဖွဲ့စည်းရာမှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုရဲ့ ညွှန်ကြားချက်အရ သက်ဆိုင်ရာ ခရိုင်/မြို့နယ်မြေစာရင်းများမှတစ်ဆင့် ရပ်ကွက်/ကျေးရွာအုပ်စု ရုံးများသို့ အမည်စာရင်းတောင်းခံ ဆောင်ရွက်လျက် ရှိကြောင်းလည်း သိရှိရပါတယ်။ အဲဒီလို ကာလသတ်မှတ်ဖွဲ့စည်းရန် ညွှန်ကြားချက်အရ ရပ်ကွက်/ကျေးရွာအုပ်စု များမှလည်း အချိန်မီ လက်လှမ်းမီသော အမည်စာရင်းများကို ပြုစု၍ ဖွဲ့စည်းတင်ပြသည်ကိုလည်း လေ့လာ သိရှိရပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှာ ပါရှိတဲ့ ရပ်မိရပ်ဖများ တောင်သူလယ်သမား ကိုယ်စားလှယ်များဟာ ပြည်သူများ၊ တောင်သူလယ်သမားများ ရွေးချယ်တဲ့ ပုဂ္ဂိုလ်များ မဟုတ်တော့ပဲ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ရွေးချယ်ခန့်ထားတဲ့ သဘောဖြစ်နေပါတယ်။ ပြည်သူလူထုများ၊ တောင်သူလယ်သမားများ အကျိုးအတွက် ဆောင်ရွက်ပေးမဲ့ ရပ်မိရပ်ဖနဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်များဟာ ပြည်သူတောင်သူလယ်သမားများကိုယ်တိုင် ရွေးချယ်တဲ့ တောင်သူများ ဖြစ်ဖို့လိုအပ်တဲ့အတွက် ပြည်သူများ ကိုယ်တိုင်ရွေးချယ်တဲ့ ကိုယ်စားလှယ်နဲ့ ဖွဲ့စည်းဆောင်ရွက်ရေး ဖြစ်သင့်ပါတယ်။

## ၉၇

အဲဒီအပြင် ကျေးရွာအုပ်စုတစ်ခုမှာ ကျေးရွာ (၁၀)ရွာ၊ သို့မဟုတ် ကျေးရွာ (၄)ရွာ၊ (၄၀) (၅၀)အထိ ဖြစ်နိုင်တဲ့အတွက်ကြောင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တွေမှာ ဖွဲ့စည်းတာဝန်ပေးအပ်တဲ့ အခါမှာ ကျေးရွာရပ်မိရပ်ဖနဲ့ တောင်သူလယ်သမားကိုယ်စားလှယ်ဟာ သက်ဆိုင်ရာ ပါရှိတဲ့ ကျေးရွာတိုင်း က ကိုယ်စားလှယ်များပါရှိခွင့် ရှိတဲ့ ဦးရေ ဖြစ်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ အဲဒါမှ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားမှုက အစ လယ်ယာမြေအငြင်းပွားမှု လွှဲပြောင်းလက်ခံသော လယ်ယာမြေများ၊ စတဲ့အခြေခံ အချက်အလက်တွေကို အနီးကပ် သိရှိ နိုင်တဲ့ သက်ဆိုင်ရာ ကျေးရွာက ကိုယ်စားလှယ်များ တောင်သူလယ်သမား များအတွက် အနီးစပ်ဆုံး၊ အမှန်ကန်ဆုံး၊ ဆောင်ရွက်ပေးနိုင်တဲ့ ဥပဒေ၊ နည်းဥပဒေရဲ့ မူလရည်ရွယ်ချက်ကို အကောင်းဆုံးအကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေရရှိမယ်လို့ ယူဆပါတယ်။

ဒါကြောင့် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ ဖွဲ့စည်း တာဝန် ပေးအပ်ရာမှာ လယ်ယာဆိုင်ရာ ကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ရမည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဟာ

(၁) လယ်ယာမြေနည်းဥပဒေများကို သိရှိနားလည်သူများ ဖြစ်စေရန်

(၂) ပြည်သူများ၊ တောင်သူလယ်သမားများ ကိုယ်တိုင် ရွေးချယ်လိုသော သူများဖြစ်စေရန်

(၃) ကျေးရွာတိုင်းပါဝင်သော ကိုယ်စားလှယ်ဦးရေဖြင့် ပါဝင် ဖွဲ့စည်းခွင့်ရရှိရန်

စတဲ့ အချက်အလက်နဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအနေနဲ့ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး လိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစိုင်းလွင်မှ လယ်ယာမြေဥပဒေ၊ လယ်ယာမြေနည်းဥပဒေများနဲ့ ပတ်သက်၍ ပြည်သူလူထုနှင့် တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိ သဘောပေါက်စေရန် ရှင်းလင်းချပြသည့်လုပ်ငန်း ဆောင်ရွက်သည့်အခြေအနေနှင့် ပတ်သက်ပြီး မေးခွန်း ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားမှာ ဖြစ်ပါတယ်။

လယ်ယာမြေ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)ဖြင့် ၂၀၁၂ခုနှစ် မတ်လ ၃၀ရက်နေ့ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေဥပဒေပုဒ်မ(၂)အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆၂/ ၂၀၁၂)အရ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် လယ်ယာမြေဥပဒေ စတင် အာဏာတည် ခဲ့ပါသည်။ လယ်ယာမြေဥပဒေတွင် အခန်း(၁၃)ခန်းနှင့် ပုဒ်မပေါင်း(၄၃)ခု ပါဝင်ပါတယ်၊ လယ်ယာမြေနည်းဥပဒေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၂ခုနှစ် ဩဂုတ်လ ၃၁ ရက် နေ့စွဲပါအမိန့် ကြော်ငြာစာအမှတ်(၂/ ၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ရာ အခန်းပေါင်း (၁၃)ခန်းနှင့် အပိုဒ်ပေါင်း (၁၂၇)ခု ပါဝင်

ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ လယ်ယာမြေနဲ့ ဆက်စပ်ပတ်သက်လျက်ရှိတဲ့ နိုင်ငံသားအားလုံး လယ်ယာမြေဥပဒေ၊ လယ်ယာမြေ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကို လက်တွေ့ လိုက်နာ ကျင့်သုံး၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လယ်ယာမြေ ဥပဒေပုဒ်မ(၁၅)၊ ပုဒ်မခွဲ(က)အရ ဗဟိုလယ်ယာ မြေ စီမံခန့်ခွဲမှုအဖွဲ့ကို ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ဆောင်ရွက်ပြီး ဒုတိယ ဥက္ကဋ္ဌအဖြစ် ဒုတိယဝန်ကြီး လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လည်းကောင်း၊ အဖွဲ့ဝင်ပေါင်း (၁၇)ဦးကို ဌာနဆိုင်ရာအကြီးအကဲနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အတွင်းရေးမှူး အဖြစ် ညွှန်ကြားရေးမှူးချုပ် ကြေးတိုင်နှင့် မြေစာရင်းဦးစီး ဌာနက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ(၁၆)၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်ကိုလည်း ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၁၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)အရ နေပြည်တော်ကောင်စီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးသွားရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များကို အမည်နှင့်တစ်ကွဖွဲ့စည်း ဆောင်ရွက် ပေးသွားရန်နှင့် ဖွဲ့စည်းပြီးစီးမှုကို အတည်ပြုချက်ရယူတင်ပြသွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၂၁-၁၁-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၁၀၇၈၄/၃-၆၂၉ /အစရ(ရှမ်း)ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေ

များကို ပြည်သူလူထုနှင့် တောင်သူလယ်သမားများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိ သဘောပေါက်စေရေးအတွက် ပထမဦးစွာပါဝင်သော ဌာနဆိုင်ရာ ဝန်ထမ်းများကို မြို့နယ်အားလုံးတွင် ဆင့်ပွား သင်တန်းပို့ချပြီး ဖြစ်ပါတယ်။ အချို့သော မြို့နယ်များတွင် ဝန်ထမ်းများသာမက ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ၊ စိတ်ပါဝင်စားသည့် တောင်သူလယ်သမားများပါ သင်တန်းတက်ရောက်ခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။

ရပ်ကွက်/ကျေးရွာအုပ်စုတိုင်းကို လယ်ယာမြေ ဥပဒေ စာအုပ် (၁)အုပ်၊ လယ်ယာမြေနည်းဥပဒေ စာအုပ်(၁)အုပ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၂) လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း စာအုပ်(၁)အုပ်၊ ဗဟိုစီမံခန့်ခွဲမှု အဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ခြင်း စာအုပ်(၁)အုပ် စုစုပေါင်း စာအုပ်(၁)အုပ်ကို အခမဲ့ ဖြန့်ဝေပေးပြီး ဖြစ်ပါတယ်။ ထို့အပြင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သော အကြောင်းအရာ များ၊ လက်ကမ်းစာစောင်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသီးသီး တွင် အခမဲ့ဝေငှထားပြီးဖြစ်ပါတယ်။ ဆက်လက်၍လည်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် ပုံနှိပ်ထုတ်ဝေရန် အပ်နှံထားရှိပြီး ပုံနှိပ်ရရှိပါက အမြန်ဖြန့်ဝေဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထက်တွင် ဖော်ပြပြီးဖြစ်သည့် ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များကို အမည်စာရင်းနှင့် တစ်ကွ ဖွဲ့စည်းဆောင်ရွက် သွားရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်အုပ်ချုပ်ရေးမှူး များအား အကြောင်းကြားထားပြီး ဖြစ်ပါတယ်၊ သို့ရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ဖွဲ့စည်းနေချိန် ဖြစ်နေသေး၍ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို အမည်စာရင်း ရရှိရန် ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ ထို့အတူ ရပ်ကွက်/ကျေးရွာ

လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်ပါဝင် ကြသည့် ရပ်ကွက်/ကျေးရွာအုပ်စု ရပ်မိ ရပ်ဖနှင့် တောင်သူ လယ်သမားကိုယ်စားလှယ်များအား ရွေးချယ်ရရှိနိုင်ရေး အတွက် အကြံပြုချက်များကိုလည်း တင်ပြထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း အကြံပြုပူးပေါင်း ပါဝင်ပေးရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ရပ်ကွက်/ကျေးရွာ ရပ်မိရပ်ဖ တောင်သူလယ်သမားကိုယ်စားလှယ်များ ရွေးချယ်အတည်ပြုပြီး ဖြစ်ပါက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများကို ထပ်မံဆင့်ပွား သင်တန်း ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီးက ပထမမေးခွန်း ကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**
မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ ဒေါ်ရီရှမ်း(ခ) ဒေါ်စမ်းစမ်းအား မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ပြုသည့်ကိစ္စနှင့် စပ်လျဉ်းပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု၊ နမ့်မော်စွန်းကျေးရွာ အုပ်စု၊ မိုက်ဟိုင်းကျေးရွာအုပ်စု၊ ကွန်နားကျေးရွာအုပ်စု၊ နမ့်မော်စွန်းကျေးရွာ အုပ်စုတွင် နေထိုင်ကြသော ဥယျာဉ်၊ ခြံ၊ ယာ တောင်သူလယ်သမား အများစု (၂၀၀)ခန့်သည် မိုးနဲမြို့၊ လွယ်မြေရပ်ကွက်နေ ဒေါ်ရီရှမ်း(ခ) ဒေါ်စမ်းစမ်းမှ

ယခင် အစိုးရထံ လျှောက်ထားသော မြေလွတ်၊ မြေရိုင်း ဧက(၅၀၀၀) ကျော် ထုတ်ရေး ဧရိယာအတွင်း လုပ်ကိုင် စားသောက်နေထိုင် ကြသူများ ဖြစ်ပါတယ်။ အဆိုပါ ဧရိယာအတွင်းတွင် နိုင်ငံတော်အစိုးရထံ ဒေါ်ရီရှမ်း(ခ) ဒေါ်စမ်းစမ်းမှ ဧက(၅၀၀၀)ကျော် ထုတ်ရေး မလျှောက်ထားခင်ကတည်းက အနှစ်(၁၀)နီးပါး မှလုပ်ကိုင် စားသောက် နေကြသောမြေများ ဖြစ်ပါတယ်။ ထိုသို့လျှောက်ထားပြီး မြေလွတ်၊ မြေရိုင်း ဧက(၅၀၀၀)ကျော် ထုတ်စိုက်ပျိုးခွင့် ရရှိခဲ့သော်လည်း ၎င်း စီမံချက်အတိုင်း ဖော်ပြထားသည့် နှစ်ရှည်သီးနှံပင်များကို(၁၅)နှစ်ခန့် ရှိသော်လည်း မည်သို့မျှ အကောင်အထည် ဖော် ဆောင်နိုင်ခြင်း မရှိခဲ့ပါ။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီ လ ၁၄ ရက်စွဲ အမှတ်၊ ဧဂ၄၄ / မရဟဒ (၉၅) မြေလွတ်မြေရိုင်း စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၊ ကြေးတိုင်မြေစာရင်းဦးစီးဌာနမှ ဒေါ်ရီရှမ်း(ခ) ဒေါ်စမ်းစမ်းအား ဧက(၅၀၀၀)ခွင့်ပြုထားသည့် ကိစ္စတွင် ယခင် ဘိုးဘွားဘီဘင် လက်ထက်ကတည်းက အမှန်တစ်ကယ်လုပ်ကိုင်စားသောက်နေသော တောင်သူလယ်သမားများ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာလျက် ရှိပါသည်။

အဆိုပါ ထိခိုက်နစ်နာလျက်ရှိသည့် မြေယာပိုင်ဆိုင်မှုကိစ္စတွင် တောင်သူလယ်သမားများအနေဖြင့် မြေပိုင်လက်မှတ်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို ပြည်သူလူထု ကိုယ်စား မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ကြီး မှ ဒေါ်ရီရှမ်း(ခ)ဒေါ်စမ်းစမ်းအား မြေလွတ်/မြေရိုင်း လုပ်ပိုင်ခွင့်ပြု သည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော် ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒေါ်ရီရှမ်း(ခ) ဒေါ်စမ်းစမ်း ရှေ့လင်းယုန်ကုမ္ပဏီအား မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ (၁၄-၂-၁၉၉၅)ခုနှစ် ရက်စွဲပါစာအမှတ်၊ ၈၈၄၄/မရ(ခ)(၁၁)၉၅ဖြင့် မြေလွတ်/မြေရိုင်း လုပ်ကိုင်ခွင့်ပြု ထားသော မြေဧရိယာ (၅၀၀၀)ဧကဖြစ်ပါတယ်။ အဆိုပါ လုပ်ပိုင်ခွင့်ရ မြေပေါ်တွင် ဒေါ်ရီရှမ်း(ခ)ဒေါ်စမ်းစမ်းမှ ဦးဆောင် ကြီးကြပ်၍ မယ်ဇလီမြိုင်ကျေးရွာနေ လီဆူးတိုင်းရင်းသားတို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပြီး ၂၀၀၅ ခုနှစ်အထိ မြေဧရိယာ (၃၄၀၀)ဧက မြေပြင်တောခုတ်ဆောင်ရွက်ခဲ့ကြောင်း၊ နှစ်ရှည်ပင် ဖြစ်သော သီဟိုဠ်သရက်(၂. ၅၀)ဧက၊ ငှက်ပျော(၁၀)ဧကနှင့် ရာသီ သီးနှံ(၃၃၈၈)ဧက စိုက်ပျိုးခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၀၅ခုနှစ် နောက်ပိုင်းတွင် ဒေါ်ရီရှမ်းမှ နယ်မြေအခြေအနေအရ လုပ်ကိုင်ဆောင်ရွက် နိုင်ခြင်း မရှိသဖြင့် မယ်ဇလီမြိုင်ကျေးရွာနေ ဦးလော်မူး လီဆူးတိုင်းရင်းသား မိသားစုအား အဖွဲ့ခေါင်းဆောင်အဖြစ် ကြီးကြပ် ဆောင်ရွက်ရန် အပ်နှံ တာဝန်ပေးအပ်ခဲ့ကြောင်း ယခုအခါတွင် ဦးလော်မူးကွယ်လွန်ပြီးဖြစ်၍ ဒေါ်ရီရှမ်းက အနီးကပ် ကြီးကြပ်ဆောင်ရွက်မှု မရှိလျှင် အကြောင်းအမျိုးမျိုး ကြောင့် အစိုးရကမြေလွတ်/မြေရိုင်း လုပ်ကိုင်ခွင့်ပြန်လည်ရုပ်သိမ်းပါက မယ်ဇလီမြိုင်ကျေးရွာနေ လီဆူးတိုင်းရင်းသားမိသားစု (၁၁၃)ဦး လုပ်ကွက်မြေ ဧရိယာ(၁၂၄၁)ဧကပါ ဆုံးရှုံးသွားမည်ကို စိုးရိမ်သဖြင့် လုပ်ကိုင်ခွင့် ဆက်လက် ရရှိရေး တင်ပြရခြင်း ဖြစ်ပါတယ်။

၂၀၀၅ခုနှစ် နောက်ပိုင်းတွင် ဒေါ်ရီရှမ်းမှ နယ်မြေအခြေအနေ အရ လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ၂၀၁၃ ခုနှစ် စိုက်ပျိုးရာသီမှစ၍ ဒေါ်ရီရှမ်းနှင့်တစ်ကွ MTA မိသားစုက စီမံကိန်း လျာထားချက်နှင့် အညီ ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ဒေါ်ရီရှမ်းမှ မိုးနဲမြို့နယ်၊ မြေစာရင်းဦးစီးဌာနသို့ တင်ပြထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ မြေနေရာသည် ဒေါ်ရီရှမ်း၊ ရွှေလင်းယုန်ကုမ္ပဏီအား မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ မြေလွတ်/မြေရိုင်း လုပ်ကိုင်ခွင့်ပြုထားသော ဧရိယာ (၅၀၀၀)ဧကဖြစ်ပြီး၊ ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် ဒေါ်ရီရှမ်းမှ နယ်မြေအခြေ အနေအရ လုပ်ကိုင်ဆောင်ရွက် နိုင်ခြင်း မရှိခဲ့သဖြင့် အကြောင်းအမျိုးမျိုးကြောင့် အစိုးရက မြေလွတ်/မြေရိုင်း လုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းပါက အဆိုပါ မြေဧရိယာ(၅၀၀၀)ဧက အတွင်းရှိ မယ်ဇလီမြိုင်ကျေးရွာနေ လီဆူးတိုင်းရင်းသား မိသားစု(၁၁၃)ဦး လုပ်ကိုင် နေသော မြေဧရိယာ(၁၂၄၁)ဧကပေါ် ဆုံးရှုံးမည်ကို စိုးရိမ်သဖြင့် တင်ပြခြင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ် စိုက်ပျိုးရာသီမှစ၍ ဒေါ်ရီရှမ်းနှင့် တစ်ကွ MTA မိသားစုတို့က စီမံကိန်းလျှာထားချက်နှင့်အညီ ပြန်လည် အကောင်အထည် ဖော်ဆောင်ရွက်မည်ဟု ဒေါ်ရီရှမ်း တင်ပြချက်အရ သိရှိရပါတယ်။

ဒေါ်ရီရှမ်း မြေလွတ်မြေရိုင်းလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၈-၆-၂၀၁၂)ရက်စွဲပါ စာအမှတ်၊ ၄၈၉၇/၃-၆၂၉ /အစရ(ရှမ်း)ဖြင့် အကြောင်းကြားချက်အရ ပြည်နယ် မြေစာရင်းဦးစီးဌာနက (၁၆-၇-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၂၂၃၇/မအ(၂) ဖြင့် ပြန်လည်တင်ပြခဲ့ရာ စိုက်ပျိုးလုပ်ကိုင် နေသောဒေသခံ တောင်သူ လယ်သမားများ နစ်နာမှုမရှိစေရေးအတွက် မြေလွတ်/မြေလပ်နှင့် မြေရိုင်း လုပ်ကိုင်ခွင့်ရ ဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူ ဦးရေနှင့် စိုက်ဧကစာရင်းများ ပြုစုထား စေလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဦးစိုင်းမောင်ကြီးက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ဖင်လာပါခင်ဗျား။ မိုးနဲမြို့၊ ဆိုင်းဖယ်ရွာသစ်မှ တောင်သူများ၊ S.S.S အဖွဲ့နှင့် လယ်လုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို တင်ပြ မေးမြန်းသွားမှာဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ ဆိုင်းဖယ်ကျေးရွာ ဒေသခံများအနေဖြင့် တောင်သူလယ်သမားများ ဖြစ်သည်နှင့် အညီ ကျွဲ၊ နွားမွေးမြူပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုကြသူများ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ မြေရေိယာပိုင်ဆိုင်မှု လျော့ကျထားရာတွင် လည်းကောင်း၊ စိုက်ပျိုးလုပ်ကိုင်မည့်ဧရိယာ ခုတ်ထွင်ရှင်းလင်းရာတွင် လည်းကောင်း၊ ကျေးရွာရှိ မယ်ဇလီစိုက်ခင်းများ နှင့် မယ်ဇလီထင်းစိုက်ခင်းများ အသုံးပြုရာတွင်လည်းကောင်း၊ ကျွဲ၊ နွားစားကျက်မြေ အသုံးပြုရာတွင် လည်းကောင်း၊ S.S.S ပြည်သူ့စစ် တပ်ဖွဲ့နှင့် ကန့်သတ်ငြင်းခုံမှု ပြဿနာများရင်ဆိုင်နေရပြီး မြေယာများ လက်လွှတ်ဆုံးရှုံးလျက်ရှိပါတယ်။

သို့ပါ၍ ချစ်ကြည်ညီညွတ်စည်းရုံးရေးကို ဦးတည်ပြီး S.S.S ပြည်သူ့စစ်တပ်ဖွဲ့နှင့် ဆိုင်းဖယ်ကျေးရွာဒေသခံ ပြည်သူလူထု အကြား ဖြစ်ပေါ်နေသည့် လယ်ယာပိုင်ဆိုင်မှု ပြဿနာကို မြေပုံ၊ မြေညွှန်းများ တိကျစွာ တိုင်းထွာပြဋ္ဌာန်းပြီး ဧရိယာသတ်မှတ်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါ ကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

၁၀၆

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးမှ မိုးနဲ၊ ဆိုင်းဖယ်ရွာမှ တောင်သူများ **S.S.S** နှင့်လယ်လုပ်ပိုင်ခွင့် အငြင်းပွားမှုကိစ္စနှင့် ပတ်သက်၍ ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။

ဆိုင်းဖယ်ကျေးရွာဒေသခံများအနေဖြင့် တောင်သူလယ်သမားများဖြစ်သည်နှင့် အညီ ကျွဲ၊ နွားမွေးမြူပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ပါကြောင်း လက်ရှိအခြေအနေအရ မြေဧရိယာ ပိုင်ဆိုင်မှု လျှောက်ထားရာတွင်လည်း စိုက်ပျိုးလုပ်ကိုင်မည့် မြေဧရိယာခုတ်ထွင် ရှင်းလင်းရာတွင်လည်းကောင်း၊ ကျေးရွာရှိမူလ မယ်ဇလီထင်းစိုက်ခင်းများ အသုံးပြုရာတွင် လည်းကောင်း၊ ကျွဲ၊ နွားစားကျက်မြေ အသုံးပြုရာတွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် **S.S.S** ပြည်သူ့စစ်အဖွဲ့နှင့် ကန့်သတ်မှု၊ ငြင်းခုံမှုပြဿနာ ရင်ဆိုင် နေရပြီး စားဝတ်နေရေး ကြပ်တည်းလျက်ရှိပါကြောင်း **S.S.S** ပြည်သူ့စစ်အဖွဲ့နှင့် ဆိုင်းဖယ်ကျေးရွာ ပြည်သူလူထုအကြား ဖြစ်ပေါ်နေသည့် လယ်ယာမြေ ခြံပိုင်ဆိုင်မှု ပြဿနာကို မြေပုံညွှန်းတိကျစွာ ပြဋ္ဌာန်းပြီး ဧရိယာသတ်မှတ်ပေးနိုင်ရေးအတွက် မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၏ ၁၅-၁၀-၂၀၁၂ရက်စွဲပါ တင်ပြစာအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၁၄-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၀၄၇၈ / ၁-၂၀၃ / အစရ(ရှမ်း) ဖြင့်ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးနှင့် လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ထံ **S.S.S** ပြည်သူ့စစ်တပ်ဖွဲ့နှင့် ဆိုင်းဖယ်ကျေးရွာ ပြည်သူလူထုအကြား ဖြစ်ပေါ်နေသည့် လယ်ယာမြေပိုင်ဆိုင်မှု ပြဿနာ၏ အဖြစ်မှန်ကိုသေချာစွာစိစစ်၍ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

ကန့်သတ်

ကန့်သတ်



ထိုသို့အကြောင်းကြားချက်အရ ရှမ်းပြည်နယ်မြေစာရင်းဦးစီး ဌာနရဲ့ ၁၄-၁၂-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၄၃၆၈/မအ(၃)ဖြင့် လင်းခေးခရိုင်မြေစာရင်းဦးစီးဌာနမှူးထံ အဆိုပါကိစ္စအား ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပူးတွဲစိစစ်၍ အမြန်ပြန်လည်တင်ပြရန်လည်း အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် လင်းခေးခရိုင်မြေစာရင်းဦးစီးဌာန ခရိုင်ဦးစီးမှူးထံ မေးမြန်းစုံစမ်းချက်အရ အဆိုပါမြေနေရာသည် မိုးနဲမြို့နယ်၊ မိုက်ဟိုင်းကျေးရွာအုပ်စုနှင့် နားလွယ်ကျေးရွာအုပ်စု အတွင်း ပါဝင်ပြီး မိုးနဲမြို့မှ အရှေ့တောင်ဘက် (၇)မိုင်ခန့်အကွာ မိုးနဲ-လင်းခေးကားလမ်းရဲ့ အရှေ့ဘက်(၅)မိုင်ခန့်အကွာ ကွင်းပြင်ရှိမြေဧရိယာများဖြစ်ကြောင်း အဆိုပါမြေနေရာတွင် ဆိုင်းဖယ်ကျေးရွာမှ တောင်သူ(၃၃)ဦးနှင့် S.S.S ပြည်သူ့စစ်အဖွဲ့တို့ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း အသေးစိတ်သိရှိနိုင်ရေးအတွက် ပူးတွဲကွင်းဆင်း စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပူးတွဲစိစစ်မှု မလုပ်နိုင်သေးကြောင်း တင်ပြလာပါသဖြင့် အသေးစိတ်စိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဦးစိုင်းမောင်ကြီးက တတိယမေးခွန်းကို ဆက်လက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ လင်းခေး ခရိုင်၊ မိုးနဲမြို့နယ် ကျွန်းတောင်းဒေသမှ သစ်ထုတ်လုပ်ရန်စီမံချက်နှင့် ဒေသခံတိုင်းရင်းသားများ အတွက် တိုက်ရိုက် အကျိုးခံစားခွင့်ကို သိရှိလိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြသွားမှာ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းထိခိုက်မှု အနည်းဆုံး ဖြစ်အောင် စီမံပြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုကို နောင်လာ နောက်သား များအား ဆောင်ကျဉ်းလက်ဆင့်ကမ်းပေးနိုင်ရေး ဦးတည်ချက်ဖြင့် မေးမြန်းခြင်း ဖြစ်ပါတယ်။

လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းဒေသရှိ သစ်ထုတ်လုပ်ရန် သစ်ဆွဲဆင်များ (၈၀)ခန့် ပို့လွှတ် ထားသည်ဟု ဒေသခံများထံမှ သိရှိရပါတယ်။ နမ့်စန်နဲ့ မိုးနဲမြို့အကြား သစ်ထုတ်လုပ်ရန် စက်ယန္တရားကြီးများလည်း စခန်းချပြင်ဆင်နေမှုများလည်း တွေ့ရှိရပါတယ်။ မည်သည့်အမျိုးအစား သစ်လုံးများ ထုတ်ယူမည်ဟူသနည်း ?။ မည်သည့်ကုမ္ပဏီမှ ပြည်ထောင်စုအစိုးရ(သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ခွင့်ပြုသစ်လုံး တန်ချိန်ပေါင်း မည်မျှကို အချိန်ကာလမည်မျှကြာအောင် ထုတ်လုပ်ရန် စီမံထားပါသနည်း။ သစ်တောသယံဇာတ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ (ဥပမာ- အစားထိုးပြန်လည် စိုက်ပျိုးခြင်း)၊ စီမံချက်ဖြင့် ဒေသခံ တိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားခွင့် (ဥပမာ- လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ အခြေခံပညာရေး အဆောက်အဦများ၊ ကျန်းမာရေးအခြေခံအဆောက် အဦများ မည်ကဲ့သို့တိုက်ရိုက်ခံစားခွင့် ရှိပါသနည်း။) ရှမ်းပြည်နယ်အစိုးရမှ ဒေသခံပြည်သူများအတွက် မည်ကဲ့သို့ဆောင်ရွက်ထားပါသနည်းစသည့် မေးခွန်းများကို ဒေသခံပြည်သူလူထု ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တု ဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ မိုးနဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီးမေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဦးစိုင်းမောင်ကြီးရဲ့ မေးခွန်းအရ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် ကျိုင်းတောင်းဒေသသို့ သစ်ထုတ်ရန် သစ်ဆွဲဆင်များ(၈၀)ခန့် ပို့လွှတ်ထားသည်ဟု ဒေသခံများထံမှ သိရှိရပါတယ်။ နမ့်စန်နှင့် မိုးနဲမြို့အကြား သစ်ထုတ်ရန် စက်ယန္တရားကြီးများလည်း စခန်းချထားပြီး ပြင်ဆင်နေမှုများ တွေ့ရှိရပါသည်။ မည်သည့်အမျိုးအစား သစ်လုံးများ ထုတ်ယူမည်နည်း၊ မည်သည့်ကုမ္ပဏီမှ မည်သည့်အစိုးရ ပြည်ထောင်စု (သို့မဟုတ်) ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ခွင့်ပြုသစ်လုံးတန်ချိန်ပေါင်း မည်မျှကို အချိန်ကာလမည်မျှ ကြာအောင် ထုတ်လုပ်ရန် စီမံထားပါသနည်း။ သစ်တောသယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း (ဥပမာ- အစားထိုးပြန်လည်စိုက်ပျိုးခြင်း စီမံချက်နဲ့ဒေသခံတိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားခွင့်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ပညာရေးအခြေခံအဆောက်အဦ၊ ကျန်းမာရေးအခြေခံအဆောက်အဦ မည်ကဲ့သို့တိုက်ရိုက်ခံစားခွင့်ရှိပါသနည်း ဆိုတဲ့မေးခွန်းမေးမြန်း လာပါတယ်။ အဲ့ဒီမေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

**အပိုင်း(၁)**အနေနဲ့ သစ်ထုတ်လုပ်ခွင့်ပြုမှုအပိုင်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

(က)အနေနဲ့ သစ်နဲ့သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်နှင့် ပတ်သက်၍ သစ်တောဥပဒေပုဒ်မ(၁၈)(က)နဲ့ ၁၈(ခ)တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာနသည် မြန်မာ့သစ်လုပ်ငန်းဌာန တစ်ခုတည်းသို့သာ သစ်ထုတ်လုပ်ခွင့်နဲ့ ရောင်းချခွင့်အား ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။

ယင်းဥပဒေပြဋ္ဌာန်းချက် များအရ သစ်ထုတ်လုပ်ငန်းများအား မြန်မာ့သစ်ထုတ်လုပ်ရေးကိုယ်စား ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ခွင့်ပြုတန်ပမာဏ ကန့်သတ်ချက်အတွင်း သစ်ထုတ်ခွင့်ပြုခြင်း ဖြစ်ပါတယ်။ သစ်ခုတ်လှဲခြင်း၊ သစ်များသယ်ယူ ခြင်းစရိတ်များအတွက် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပြုရသဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်လုပ်မှုစရိတ် သယ်ယူမှုစရိတ်များအား သတ်မှတ်နှုန်းများဖြင့်ပေးချေခြင်း ပြုပါသည်။

(ခ) အနေနဲ့ ကျိုင်းတောင်း ဒေသတွင် ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁၊ ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် သစ်ထုတ်လုပ်ခြင်းမရှိခဲ့ပါ။

ယခု ၂၀၁၂-၂၀၁၃ခုနှစ်မှသာ သစ်ထုတ်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ နယ်မြေ၏ အခြေအနေ အထိုက်အလျောက် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ နိုင်ငံတော်ရဲ့သစ်တောကဏ္ဍ လိုအပ်ချက် များအရ ဖြစ်သောကြောင့် အထူးသဖြင့်နိုင်ငံတော်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဖေါ်ဆောင်လျက်ရှိတဲ့ ဒေသခံငြိမ်းချမ်းရေး အဖွဲ့အစည်းများရဲ့ အဖွဲ့ဝင်နှင့် မိသားစုများ စားဝတ်နေရေး အထောက်အပံ့ ရရှိစေရန်လည်းကောင်း၊ သစ်ထုတ်လုပ်ငန်းများ ပြန်လည် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

**အပိုင်း(၂)**အနေနဲ့ ၂၀၁၂-၂၀၁၃ခုနှစ် သစ်ထုတ်ရာသီတွင် လွိုင်လင် သစ်ထုတ်လုပ်ရေးဒေသ၊ ကျိုင်းတောင်းနှင့် မိုင်းပန်ဒေသများတွင် သစ်ထုတ်လုပ်မှုခွင့်ပြုထားမှုများကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

(က)အနေနဲ့ ITE ကုမ္ပဏီကို မိုင်းပန်မြို့နယ်မှာ ကျိုင်းတောင်းနဲ့ နားဖော့ကြိုးဝိုင်းသစ်ကွက်မှာ ကျွန်းတန်(၁၀၀၀၀) ထုတ်လုပ်ခွင့်ပြုထားပါတယ်။

(ခ) အနေနဲ့ ဦးစိုးလွင်ကုမ္ပဏီကို မိုင်းပန်မြို့နယ်၊ ဝမ်ဆာဝါးကြိုးဝိုင်းမှာ ကျွန်းသစ် လုံးတန်(၅၀၀၀) ခွင့်ပြုထားပါတယ်။

(ဂ) RCSS ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ ငြိမ်းချမ်းရေးအဖွဲ့ကို မိုင်းပန်မြို့နယ်၊ ဝမ်ဆာဝါးနဲ့ နားဖော့ကြိုးဝိုင်းမှာ ကျွန်လုံးတန်ပေါင်း(၁၅၀၀၀)နဲ့ သစ်မာလုံးတန်(၅၀၀၀) ခွင့်ပြုထား ပါတယ်။

(ဃ) တင်မြင့်ရီကုမ္ပဏီကို မိုင်းပန်မြို့နယ်၊ နမ့်တောင်းကြိုးဝိုင်းမှာ ကျွန်းတန်ချိန်(၆၅၀၀) ခွင့်ပြုထားပါတယ်။

(င) SSPP / SSA မြောက်ငြိမ်းချမ်းရေးအဖွဲ့ကို ကုမ္ပဏီနာမည် အနေနဲ့ လွယ်လိန်း-မိုင်းနင်းကုမ္ပဏီအဖွဲ့ကို မိုင်းပန်မြို့နယ်၊ ကုန်းကျိုင်း ကြိုးဝိုင်းမှာ ကျွန်းလုံးတန်(၁၀၀၀၀) ထုတ်လုပ်ခွင့်ပြုထားပါတယ်။

(စ) "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေးအဖွဲ့ကို မိုင်းပန်မြို့နယ်၊ ဝမ်ဆာဝါးကြိုးဝိုင်းမှာ ကျွန်းတန်(၁၀၀၀၀)နဲ့ သစ်မာလုံးတန်(၁၀၀၀၀) စုစုပေါင်း(၂၀၀၀၀)ထုတ်လုပ်ခွင့်ပြု ထားပြီးတော့ စုစုပေါင်း အဲ့ဒီအဖွဲ့တွေအားလုံးမှာ ကျွန်းတန်ချိန်ပေါင်း(၅၆၅၀၀)နဲ့ သစ်မာလုံးတန်ပေါင်း (၁၅၀၀၀)ခွင့်ပြုထားခြင်း ဖြစ်ပါတယ်။

**အပိုင်း(၃)**အနေနဲ့ ထုတ်လုပ်ခွင့်ကာလမှာ ၂၀၁၂-၂၀၁၃ သစ်ထုတ်ရာသီတွင် အပိုဒ်(၂)ပါ သစ်ထုတ်ခွင့်ပြုမှုများအား ကာလအားဖြင့် ၂၀၁၂ခုနှစ် မေလမှ ၂၀၁၃ခုနှစ် ဇွန်လကုန်ထိ ခွင့်ပြုမည်ဖြစ်ပြီး နောင်နှစ်၂၀၁၃-၂၀၁၄ခုနှစ် ဆက်လက်ထုတ်လုပ်ရန် သက်တမ်းကာလနှင့် တန်ပမာဏများအား ပြည်ထောင်စုဝန်ကြီး၏ အစီစဉ်ဖြင့်သာ သတ်မှတ်ခွင့်ပြုမည် ဖြစ်ပါတယ်။

**အပိုင်း(၄)**အနေနဲ့ သစ်တောပြန်လည်အစားထိုးစိုက်ပျိုးခြင်း ကဏ္ဍကို ဖြေကြားရမယ်ဆိုလျှင် လွိုင်လင်ဒေသအတွင်း နယ်မြေအခြေအနေအရ အမြဲတမ်းစိုက်ခင်းကြီးများ တည်ထောင်ခြင်းမပြုနိုင်ခဲ့သော်လည်း သစ်ထုတ်လုပ်ငန်းရှင်နှင့် ကုမ္ပဏီများအား သဘာဝတောတန်ဖိုးမြင့်စိုက်ခင်း Enrishment Planting များဆောင်ရွက်စေခဲ့ရာ ၂၀၀၈- ၂၀၀၉ခုနှစ်ထိ ကျွန်း(၁၈)ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၀၈- ၂၀၀၉ ခုနှစ်နောက်ပိုင်းကာလများတွင် သစ်ထုတ်လုပ်ငန်းဆောင်ရွက်မှုမရှိခဲ့သဖြင့် စိုက်ခင်းဆောင်ရွက် ခြင်းများ မပြုလုပ်နိုင်ခဲ့ပါ။ ယခု ၂၀၁၂- ၂၀၁၃ခုနှစ် သစ်ထုတ်ကုမ္ပဏီနဲ့ လုပ်ငန်းရှင်များအား ၂၀၁၃ခုနှစ်

မိုးရာသီတွင် နယ်မြေအခြေအနေအရ စိုက်ခင်းကြီးများ မတည်ထောင်နိုင်အောင် သဘာဝတန်ဖိုးမြင့်စိုက်ခင်း Ecrichment Planting နဲ့ သစ်ထုတ်ပြီးနေရာများတွင် ကွက်လပ်ဖြည့်စိုက်ခင်း Get Planting များဆောင်ရွက်စေရန် အစီအစဉ်များ ရှိပါကြောင်းနှင့် နယ်မြေ တည်ငြိမ်မှုရှိလာသည်နှင့် အမျှ စိုက်ခင်းများ တည်ထောင်ရေး သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းစီစဉ်ဆောင်ရွက်ရန် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အပိုင်း(၅)အနေနဲ့ ဒေသခံတိုင်းရင်းသားများအတွက် တိုက်ရိုက်အကျိုးခံစားခွင့်မှာ

(က) မြန်မာ့သစ်လုပ်ငန်း အနေဖြင့် သစ်ထုတ်ကုမ္ပဏီနှင့် လုပ်ငန်းရှင်များသို့ ပေးချေရမည့်သစ်ထုတ်ခ၊ သစ်သယ်ခငွေများနဲ့ ဝင်ငွေခွန် Quick Holding Test ၂% အား ခုနှိမ်၍ အခွန်ဦးစီးဌာနမှတစ်ဆင့် ရှမ်းပြည်နယ်၊ အစိုးရဘဏ္ဍာတော် ငွေသို့ ပေးသွင်းလျက်ရှိရာ ယင်းရရှိဝင်ငွေခွန်မှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ခွဲဝေသုံးစွဲနိုင်မည် ဖြစ်ပါတယ်။

( ခ ) မိုင်းပန်ဒေသတွင် သစ်ထုတ်လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီအနေဖြင့် မိုင်းပန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးလယ်များရေကြီးမှုမှ ကာကွယ်ရေးနဲ့ စိုက်ပျိုးရေရရှိရေးအတွက် ချောင်းများပြုပြင်တူးဖော်ပေးခြင်း၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဆေးရုံများ ပြုပြင်မွမ်းမံခြင်း၊ လမ်းတံတားများ ပြုပြင်ခြင်းများအား ဒေသခံပြည်သူလူထုရဲ့ ဆန္ဒအရ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ ကျိုင်းတောင်းဒေသတွင်လည်း သစ်ထုတ်ကုမ္ပဏီများနဲ့ လုပ်ငန်းရှင်များ အနေဖြင့် အလားတူ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုကိုခံယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ညှိနှိုင်းပေးမှုအရ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ **[ ဩဘာသံများ ]**

ကန့်သတ်

၁၁၃

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) မှ ဦးစိုင်းစောလုံက မေးခွန်းကိုမေးမြန်း ဖို့ဖြစ်ပါတယ်။

**ဦးစိုင်းစောလုံ၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးသို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်ကြီးများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြပါစေ။ ကျွန်တော် ကတော့ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ ဖြစ်ပါတယ်။

ကျွန်တော်မေးမယ့်မေးခွန်းကတော့ မိုးနဲမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများတွင် ဖွဲ့စည်းပုံလိုအပ်ချက်အရ ဝန်ထမ်းများစွာ လစ်လပ်လျက်ရှိပါတယ်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်သို့ တက်ရောက် အောင်မြင်ပြီးဆုံးခဲ့သည့် သာမန်ရိုးရိုးဘွဲ့ရ ဒေသခံလူငယ် မောင်မယ်များလည်း အဆင်သင့် ရှိနေပါတယ်။ မိဘများမှလည်း သားသမီးပညာရေးအတွက် အိမ်စရိတ်ချွေတာပြီး၊ ကျောင်းစရိတ်ထောက်ပံ့ နိုင်ရေးကို အခက်အခဲများစွာကြားက ရုန်းကန်ခဲ့ရပါတယ်။ စီးပွားရေး အဆင်ပြေသည့် မိဘအနည်းငယ်မှအပ ကျန်မိဘအများစုမှာ သားသမီးများ အလုပ်အကိုင် ရရှိရေးအတွက် မျှော်လင့်တောင့်တရပါတယ်။ [ ဥပမာ- တစ်ခု ထောက်ပြရမယ်ဆိုလျှင် မိုးနဲမြို့နယ်မှာလာမည့် သန်းခေါင်စာရင်း ကောက်ယူရာတွင် အဓိကဌာန တစ်ခုဖြစ်သည့် လူဝင်မှုကြီးကြပ်ရေး ဌာနတွင် မြို့နယ်ဦးစီးဌာနမှူးနှင့် ဒုဦးစီးမှူး စုစုပေါင်း(၂)ဦးသာရှိခြင်းကို ကြားသိနေရပါသည်။ ]

သို့ဖြစ်ပါ၍ မိုးနဲမြို့နယ်အတွင်းရှိ ဘွဲ့ရလူငယ်များအား လစ်လပ်ဌာနနေရာများတွင် ခန့်ထားမည့်အစီအစဉ် ရှိ/မရှိနှင့် အလားတူ ရှမ်းပြည်နယ်အတွင်းရှိ ဘွဲ့ရရှိပြီး အလုပ်လက်မဲ့ လူငယ်များအား ၄င်း ပြည်နယ်အတွင်း လစ်လပ်ဌာနများတွင် မြို့နယ်အလိုက် ဖွဲ့စည်းပုံ ပြည့်မီရေးအတွက် ခန့်ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလို ပါကြောင်း မေတ္တာရပ်ခံမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ၏ မိုးနဲမြို့နယ်အတွင်းရှိ ဘွဲ့ရလူငယ်များအား လစ်လပ်ဌာနနေရာများတွင် ခန့်ထားမည့်မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူးရုံးခွဲ(လွိုင်လင်)ခရိုင်ရုံးကို သဟာယ မြို့ပတ်လမ်း၊ ရပ်ကွက်(၁)၊ လွိုင်လင်မြို့တွင် ဖွင့်လှစ်ထားပါသည်။ မိုးနဲမြို့သည် လင်းခေး ခရိုင်အတွင်းရှိ မြို့နယ် တစ်မြို့နယ်ဖြစ်သည့်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(လွိုင်လင်) ခရိုင်ရုံးတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မည်သူမဆို အလုပ်သမား မှတ်ပုံတင်ကဒ် ဆောင်ရွက်နိုင်ပါတယ်။ အလုပ်သမား မှတ်ပုံတင်ရှိသူတိုင်းကို ပညာအရည်အချင်းအလိုက် အလုပ်သမားဦးစီးဌာနမှ စုဆောင်း မှတ်တမ်းထားရှိပါတယ်။ မိုးနဲမြို့နယ်အတွင်းရှိ ဘွဲ့ရလူငယ်များကို အလုပ်အကိုင်ရရှိစေရာမှာ ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်အစိုးရ မြို့နယ်၊ ခရိုင် အတွင်းရှိ သက်ဆိုင်ရာ ဌာန၊ အစိုးရ၊ ပုဂ္ဂလိကများတွင် အလုပ်သမား လိုကြောင်း အလုပ်သမား ဦးစီးဌာနသို့ အကြောင်းကြားစာပေးပို့၍ ကြော်ငြာကပ်ခေါ်ယူပေးခြင်း၊ မှတ်ပုံတင်ထားသူများမှ စုဆောင်း၍ သက်ဆိုင်ရာဌာန အစိုးရ(သို့မဟုတ်)ပုဂ္ဂလိကသို့ ပေးပို့ခြင်းများကို ဆောင်ရွက်ပေးပါတယ်။

သက်ဆိုင်ရာ အစိုးရဌာနများသည် မိမိတို့ဌာနများအလိုက် ရုံးချုပ်မှ ဘတ်ဂျက်ခွင့်ပြုချက်များ ရရှိမှသာလျှင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသို့ အလုပ်သမားလိုအပ်ကြောင်း အမှာစာ ပေးပို့ကြရပြီး သက်ဆိုင်ရာဌာန၊ အစိုးရဌာန များ၏ ပညာအရည်အချင်း၊ အသက်စသည့် ကန့်သတ်ချက်များအလိုက် အလုပ်သမားဦးစီးဌာနမှ စုဆောင်းပြီး သက်ဆိုင်ရာဌာနသို့ ပေးပို့၍လစ်လပ်ဝန်ထမ်းများကို ခန့်ထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကံမှ ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့်တစ်ကွ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်း ဆက်သ လိုက်ပါတယ်။ ကျွန်တော် ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ နားဝိုင်ကျေးရွာအုပ်စုအတွင်းရှိ အ. မ. က(နားဝိုင်) ကျောင်းဆောင်သည် ၁၉၈၀ခုနှစ်မှစပြီး ပြည်သူများတို့၏ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ကျောင်းဆောင်များဆောက်လုပ်ပြီး စာသင်ကြားလာခဲ့သည်မှာ (၃၂)နှစ်ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်ပါသဖြင့် ၎င်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ဆက်လက် စာသင်ကြားရန် အဆင်မပြေတော့သည့် အနေအထားသို့ ရောက်ရှိနေပါသည်။

သို့ဖြစ်ပါသဖြင့် အဆိုပါနားဝိုင်ကျေးရွာ အ. မ. က ကျောင်းဆောင်အဟောင်းကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာ လူကြီးမင်းများမှ ဖြေကြားပေးနိုင်ရန် ပြည်သူများ ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ၏ မိုင်းရှူးမြို့နယ်၊ နားဝိုင်ကျေးရွာအုပ်စု အတွင်းရှိ အ. မ. က (နားဝိုင်)ကျောင်းဆောင် အဟောင်းကို အသစ်ပြန်လည် ဆောက်လုပ်ပေးရေးကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းရှူးမြို့နယ်၊ နားဝိုင်ကျေးရွာ အုပ်စု အတွင်းရှိ အ. မ. က(နားဝိုင်)တွင် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ (၆၄)ဦးရှိပြီး ကျောင်းရှိ ကျောင်းဆောင်အဟောင်း ၂၇ပေ×၁၈ပေ သွပ်မိုးပျဉ်ကာတစ်ထပ် ကျောင်းဆောင်အား ၁၉၉၂ခုနှစ်တွင် မိဘပြည်သူထည့်ဝင်ငွေ (၂၀၀၀၀၀)ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ယခုအခါ ၎င်းအဆောက်အဦးမှာ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်ပါ၍ အသစ်ပြန်လည်ဆောက်လုပ်ရန်အတွက် ရှမ်းပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၏ ၁၆-၁၁-၂၀၁၂ရက်စွဲပါ စာအမှတ်၊ စိတ် ၃/၂၆၆၄/ အစအ(၂၀၁၂)ဖြင့် ကျောင်းဆောင်သစ် ၆၀×၃၀ပေ ဆောက်လုပ်နိုင်ရန် ရုံပုံငွေ (၂၁၆)သိန်းရရှိရေးအတွက် အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ မန္တလေးမြို့သို့တင်ပြတောင်းခံထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းကံကဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့်တစ်ကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်တော့်ရဲ့ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင့် ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု မိုင်းအော့ကျေးရွာကျန်းမာရေးဆေးပေးခန်းသည် မိုင်းအော့ကျေးရွာအုပ်စု နောင်အပ်နှင့်ကွန်ကျောင်းအုပ်စု တို့မှာ ပြည်သူလူထုပေါင်း(၆၅၀၀)ကျော်ခန့်လာရောက်ဆေးဝါးကုသခံယူကြသည့် ဆေးခန်းတစ်ခု ဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်တွင် အဆိုပါ ဆေးခန်း၌ တာဝန်ထမ်းဆောင်သော ကျန်းမာရေးမှူးသည် ပြောင်းရွှေ့သွားခဲ့ပြီး ဖြစ်ပါသဖြင့် ယခုအခါတွင် မိုင်းအော့ကျေးရွာဆေးပေးခန်းဌာန၌ သားဖွားဆရာမတစ်ဦးသာ ကျန်ရှိတဲ့အတွက် ပြည်သူများဆေးဝါးကုသမှု ခံယူကြရန် အခက်အခဲများ ကြုံတွေ့နေကြရပါတယ်။ ၎င်းပြောင်းရွှေ့သွားခဲ့ပြီး ဖြစ်သော ကျန်းမာရေးမှူးအစား ကျန်းမာရေးမှူးအသစ် အစားထိုးခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အသစ်အစားထိုးခန့်အပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် သက်ဆိုင်ရာ လူကြီးမင်းများမှ ဖြေကြားပေးနိုင်ပါရန် လေးစားစွာဖြင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆက်လက် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကံ၏ မိုင်းရှူးမြို့နယ် မိုင်းအော့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးမှူး ထပ်မံအစားထိုးခန့်ထား ပေးရန်ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျန်းမာရေးဝန်ထမ်း အသစ်များ ခန့်ထားခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ခန့်အပ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ကျန်းမာရေးမှူး နေရာအတွက် လက်ထောက်ကျန်းမာရေးမှူး သစ်လွင်များကို ကျန်းမာရေးဦးစီးဌာနက ခန့်အပ်ခွင့်ရသည့်အခါတွင် ဦးစားပေး ခန့်ထားပေးမည် ဖြစ်ပါသည်။

မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကျန်းမာရေးမှူးရာထူးအတွက် ခန့်ထားပေးပါရန် တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး၏ ၃-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၅/လထကမ/ခ(၃၀၆၃)ဖြင့် ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ မိုင်းအော့ကျေးလက်ကျန်းမာရေးဌာန အတွက် လက်ထောက်ကျန်းမာရေးမှူးတစ်ဦး ခန့်ထားပေးနိုင်ပါရန် တင်ပြထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

ကန့်သတ်

၁၁၉

ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ရှမ်းပြည်နယ်အစိုးရက တင်သွင်းခဲ့သော ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့နှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်း ပေးပို့ထားပါတယ်။ ဒါကြောင့် ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသောင်းရွှေ၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ပတ်သက်၍ မေးမြန်းစရာ မရှိသော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေငွေစာရင်း ပြင်ဆင်ချက်နှင့် ပတ်သက်ပြီး အနည်းငယ် မေးမြန်းလိုပါတယ်။

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနတော်တော်များများမှာ ဖော်ပြပါ ကရင်းအရ ကျွန်တော်တို့ တွေ့ရှိချက်အရ ဆိုလျှင် လိုငွေများသာ တွေ့ရှိရပြီး ထူးထူးခြားခြား စည်ပင်သာယာရေးအဖွဲ့တွင် ပိုငွေကျပ် (၅၉၄. ၄၁၃)သန်း ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသဖြင့် ယင်းပိုငွေအား စည်ပင်သာယာရေး အဖွဲ့မှ မည်ကဲ့သို့ ထပ်မံ သုံးစွဲမည်ကို သိရှိလို ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာ ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးပါရန် တင်ပြအပ်ပါတယ်။

**ဦးတူးမောင်၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၏ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ စည်ပင်သာယာရေး အဖွဲ့၏ ပိုငွေ ကျပ်သန်းပေါင်း (၅၉၄. ၄၁၃)သန်းနှင့် ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်မှ ရှင်းလင်းဖြည့်စွက် တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေး အဖွဲ့၏ သာမန်ရငွေဟာ စုစုပေါင်း ကျပ်သန်းပေါင်း (၁၁၆၃၂. ၁၇၆)သန်း ဖြစ်ပါတယ်။ အသုံးစရိတ် အနေဖြင့် သာမန်အသုံးစရိတ်နှင့် ငွေလုံးအသုံးစရိတ်ဆိုပြီး (၂)မျိုး ရှိပါတယ်။ သာမန်အသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၄၅၃၁. ၆၆၅)သန်း ဖြစ်ပြီး ငွေလုံးအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၆၅၀၆. ၀၉၈)သန်း

ဖြစ်တဲ့အတွက် အသုံးစရိတ် (၂)ခုပေါင်း သာမန်အသုံးစရိတ်နှင့် ငွေလုံး အသုံးစရိတ် စုစုပေါင်း ကျပ်သန်းပေါင်း (၁၁၀၃၇. ၇၆၃)သန်း ဖြစ်ပါတယ်။ ဒါကြောင့် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေနဲ့ အသုံးစရိတ်ပါ ခြားနား လိုက်တဲ့အခါ ပိုငွေဟာ ကျပ်သန်းပေါင်း (၅၉၄. ၄၁၃)သန်း ဖြစ်ပါတယ်။ ယခု လျာထားတဲ့ စာရင်းဟာ ခန့်မှန်း လျာထားတဲ့ ရငွေနဲ့ အသုံးစရိတ်ပဲ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှစ်အတွင်း ရငွေများ ပိုမိုရရှိလာပါက အသုံးစရိတ်အား ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံ၍ သုံးစွဲသွားနိုင်မည် ဖြစ်ပါသဖြင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ ရငွေအသုံးစရိတ်များ အချိုးညီစွာ သုံးစွဲသွားနိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ယခုခန့်မှန်းခြေငွေစာရင်းအရ ပိုငွေ ကျပ်သန်းပေါင်း (၅၉၄. ၄၁၃)သန်းအား စည်ပင်သာယာရေး အဖွဲ့မှ လိုအပ်တဲ့ လမ်းတံတား ရေပေးရေးလုပ်ငန်းအတွက် ကျပ်သန်းပေါင်း (၂၉၄)သန်း သုံးစွဲသွားမှာ ဖြစ်ပြီး ယာဉ်နှင့် စက်ယန္တရား ဝယ်ယူခြင်းလုပ်ငန်းအတွက် ကျပ်သန်း (၃၀၀) သုံးစွဲသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် စည်ပင်သာယာရေးအဖွဲ့၏ ပိုငွေကျပ် (၅၉၄. ၄၁၃)သန်းဟာ လုပ်ငန်း(၂)ခုဖြစ်တဲ့ လမ်းတံတား ရေပေးဝေရေးလုပ်ငန်းများ၊ ယာဉ်နှင့် စက်ယန္တရားဝယ်ယူခြင်း လုပ်ငန်း များတွင် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံပြီး ထပ်မံ သုံးစွဲသွားမည်ဖြစ်တဲ့ အကြောင်း ရှင်းလင်းဖြည့်စွက် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးက ထပ်မံ ဆွေးနွေးပေးဖို့နဲ့ အဆိုပါ ဥပဒေကြမ်းနှင့် ငွေစာရင်းပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးဖို့အတွက် တင်ပြပေးဖို့ ဖြစ်ပါတယ်။

ကန့်သတ်

၁၂၂

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း၊ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးသောင်းရွှေမှ မေးမြန်းပြီး စည်ပင်သာယာရေး ဝန်ကြီးမှ ဖြေကြားသွားတဲ့ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်ခန့်မှန်းခြေအရ ပိုငွေ ကျပ်သန်းပေါင်း (၅၉၄. ၄၁၃)သန်း အား စည်ပင်သာယာရေးအဖွဲ့မှ လိုအပ်တဲ့ လမ်းတံတားများရေပေးရေးလုပ်ငန်း၊ ယာဉ်ဝယ်ယူရေး လုပ်ငန်း အတွက် ကျပ်သန်းပေါင်း (၅၉၄)ကို ဖြည့်စွက်၍ တောင်းခံ တင်ပြသွားမည် ဆိုပြီး တင်ပြသွားတာ ရှိပါတယ်။ ပိုငွေ ကျပ်သန်းပေါင်း (၅၉၄. ၄၁၃)သန်းအား ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ RE မှာ ရေးဆွဲတဲ့အခါ ဖြည့်စွက်ခွင့်ပြု ထပ်မံတောင်းခံ၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ သုံးစွဲသွားနိုင်မှာ ဖြစ်ပြီး ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်လည်း ညီညွတ်ပါတယ်။ ပိုငွေအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးက တင်သွင်းသည့် ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်းပြင်ဆင်ချက်တို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား -

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

ကန့်သတ်

၁၂၃

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့) မှာ ရှင်းလင်းတင်ပြခဲ့သော ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်(၂)ခု ကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါတယ်။ [ **ဩဘာသံများ** ]

ယခု နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ် ၃၀ ခန့် ရပ်နားမည် ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။ အစည်းအဝေးကို နေ့လည် (၁း၁၅)မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် အစည်းဝေး(ဒုတိယနေ့) နေ့ခင်းပိုင်း အစီအစဉ်

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)(ဒုတိယပိုင်း)အစီအစဉ်အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ " တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ (၁၀၅) (မှန်ကန်ကြောင်းသက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ )(သို့မဟုတ်) မြေစာရင်းပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်း စာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ ပေးသော နှုန်းထား များဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း " အဆိုနှင့် " ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုး လုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေ များအား အသိအမှတ်ပြု ပုံစံ (၁၀၅)ကို အခကြေးငွေ မယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း "အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးကျော်မြ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ တောင်သူလယ်သမားများတိုင်းအား မြေစာရင်းပုံစံ (၁၀၅) မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးဆွဲရေး ပုံစံ(သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်မှတ်တမ်း စာရွက်ကို လက်ဝယ်ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့သော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများ အထိစီမံချက်(၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့တိုက်တွန်းကြောင်း အဆိုနှင့် ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင် နေကြသော ဥယျာဉ် ခြံမြေများအား အသိအမှတ်ပြု ပုံစံ(၁၀၅)ကို အခကြေးငွေ မယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း အဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။

အဆိုကို ဆွေးနွေးဖို့အတွက် ပထမဦးစွာ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ ထွန်းအောင် ကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထွန်းအောင်၊ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကျန်းမာပကာတိ ချမ်းသာစွာရှိပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစေကြောင်း ပဏာမအနေဖြင့် ဂါရဝပြုဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် အမှတ်(၁)နယ်မြေမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင် ဖြစ်ပါတယ်။

ယနေ့ ကျင်းပတဲ့ ပဉ္စမပုံမှန်အစည်းအဝေးကြီးမှာ နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်မြ အဆိုတင်သွင်းသွားတဲ့ တောင်သူလယ်သမားတိုင်းအား မြေစာရင်းပုံစံ(၁၀၅) မှန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံလက်ခံ ရေးကူးရန်ပုံစံ(သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်မှတ် တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေ ကျေးရွာများထိ စီမံချက်(၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သို့တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး အများစုဟာ ကျေးလက်နေ တောင်သူလယ်သမားများ ဖြစ်ကြပါတယ်။ မြို့နဲ့ဝေးလံတဲ့ ဒေသများမှာနေထိုင်ရတဲ့ အတွက် ပညာဗဟုသုတနည်းပါးပြီး စိုက်ပျိုးရေးကိုသာ အဓိကထားကာ ဝမ်းရေးအတွက် အချိန်ပြည့် အလုပ်ကိုသာ ကြိုးစား လုပ်ကိုင်နေရတဲ့အတွက် မြေယာနှင့်ပတ်သက်၍ လေ့လာရန် အားနည်းမှု ရှိခဲ့သောကြောင့် မြို့နယ်တိုင်းလိုလိုမှာ မြေယာမှုခင်းမျိုးစုံ ဖြစ်ပွားလျက်ရှိနေတာကို တွေ့ရှိနေရပါတယ်။

၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ/နည်းဥပဒေ ပြဋ္ဌာန်းပြီး ဖြစ်သော်လည်း လက်တွေ့အကောင် အထည်ဖော်ရာမှာ အခက်အခဲ ရလဒ်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါတယ်။ ယခင်က မြေယာနဲ့ပတ်သက်၍ ဥပဒေများနှင့်အညီ မြေယာမှုခင်းများကို ဖြေရှင်းခဲ့ရခြင်း၊ တောင်သူ လယ်သမားများ လက်ဝယ်မှာ မြေစာရင်းက စည်းကြပ်တဲ့မြေခွန် ပြေစာသာရှိပြီး ပုံစံ(၁၀၅)(သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)နှင့် ဦးပိုင်အမှတ်အသားများ လက်ဝယ်ကိုင်ဆောင် ထားနိုင်မှုမရှိခြင်း ဤကဲ့သို့ကိုင်ဆောင်နိုင်ရေး အတွက် ရိုးသားတဲ့ တောင်သူများအနေနဲ့ ရုံးသို့အကြိမ်ကြိမ် သွားရပြီး သောင်း/သိန်းဂဏန်းချီကာ ပေးရသဖြင့် ကိုင်ဆောင်နိုင်ခြင်း မပြုနိုင်သည်ကို သိရှိရပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ဤကဲ့သို့ ဦးပိုင်မှတ်တမ်း များကို ကိုင်ဆောင်နိုင်မှု မရှိခဲ့ခြင်း၊ မြေယာမှုခင်းများ ဖြစ်ပေါ်လာသည့် အခါ သုံးသပ်ဆုံးဖြတ်ရသည့် အခြေအနေမျိုးတွင် ငွေပေးသူသာ အနိုင်ရသည့် ကာလမျိုးဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် မြေစာရင်းမြေပုံနှင့် မြေကြီးမြေပုံ ကိုက်ညီအောင် လုပ်နိုင်ပါက မြေယာမှုခင်းများ လျော့ကျ လာမှာ ဖြစ်ပါတယ်။ ကျေးရွာတိုင်းမှာလည်း လယ်ယာမြေ၊ ခြံမြေ၊ လမ်းမြေ၊ ရွာမြေ၊ ကျေးရွာပိုင် နယ်နိမိတ်၊ သာသနာပိုင်မြေ၊ သစ်တော ပိုင်မြေ၊ ဘေးမဲ့သစ်တောပိုင်မြေ၊ ဆည်မြောင်းပိုင်မြေ စသည်အားဖြင့် အမျိုးမျိုးရှိနေတဲ့အတွက် ကျေးရွာလူထုများအားလုံး သိရှိနိုင်ရေးအတွက် နယ်နိမိတ် သတ်မှတ်ရန်အတွက် အရေးကြီးလိုအပ်လာပြီ ဖြစ်ပါတယ်။

ဤကဲ့သို့နယ်နိမိတ်များခွဲခြား သတ်မှတ်ခြင်းနဲ့ တောင်သူလယ်သမား များကိုလည်း မြေစာရင်းပုံစံ(၁၀၅)၊ မြေစာရင်းပုံစံ(၂၂)နှင့် အညီ ဦးပိုင်မှတ်တမ်းများကို ပြုလုပ်ပေးထားပါက မြေယာနှင့် ပတ်သက်၍ ပြဿနာများ လျော့ကျလာမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ဤကဲ့သို့ ကြီးမားသော မြေယာပြဿနာများ ဖြေရှင်းရာတွင် မှန်ကန်စွာဖြေရှင်း နိုင်ရေးအတွက် ကျွန်ုပ်တို့နိုင်ငံတွင် အခြေအနေပေးပါက အဂတိ လိုက်စားမှု စောင့်ကြည့်ရေးအဖွဲ့ (၁)ခု ဖွဲ့စည်းဆောင်ရွက်နိုင်ပါက မှုခင်း ပြဿနာမျိုးစုံ ဖြေရှင်းရာတွင် မှန်ကန်စွာဆုံးဖြတ် လာနိုင်မှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာဘဲ အင်းလေးကန်နှင့် ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးတင်ပြပါမယ်။

ယခုအခါ အင်းလေးကန်ကြီးဟာ သဘာဝမြေအနေအထား နှုံးမြေစီးဝင်မှုကြောင့်လည်းကောင်း၊ ရေလျှံကျွန်းမျှောများကြောင့် လည်းကောင်း၊ ကုမ္ပဏီများ၊ ဟိုတယ်အဆောက်အဦးများကြောင့် လည်းကောင်း ရေလှောင်/ရေထိန်းကန်များ ဥပမာ- သာစည်ကန်၊ နဒီကန်အတွင်းတိုးချဲ့ လုပ်ကိုင်လာမှုများကြောင့် လည်းကောင်း၊ အင်းလေးကန်ကြီးဟာ ကျဉ်းမြောင်းလာပြီး ရေစီး/ရေလာ မကောင်းမှု ကြောင့် တောင်သူများစိုက်ပျိုးရာတွင် များစွာအခက်အခဲ ကြုံတွေ့ လာရပါတယ်။

သို့ဖြစ်တဲ့ အတွက်ကြောင့် အင်းလေးကန်အတွင်းမှာလည်း ပုံစံ(၁၀၅)၊ ပုံစံ(၂၂)လက်ဝယ် ကိုင်ဆောင်နိုင်ရေး အတွက် လုပ်ဆောင် နိုင်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ဘဝအခြေအနေ မလှလို့ တောမှာနေရပြီး ထမင်းတစ်လုပ်အတွက် မဖြစ်မနေထင်းခုတ် စားနေရတဲ့ တောင်သူလယ်သမားများရဲ့ ဘဝမှာ အချိန်တန်လို့ အိမ်မပြန်ရသေးဘဲ တစ်ဖက်တစ်လမ်းကရရာ လုပ်ငန်းကိုမလွတ်တမ်း လုပ်ကိုင်နေရတဲ့ တောင်သူများရဲ့ဘဝအခြေ လှစေဖို့အတွက် တောင်သူ လယ်သမား တိုင်းမှာ မြေစာရင်း ပုံစံ(၁၀၅) (သို့မဟုတ်) မြေစာရင်း ပုံစံ(၂၂)နဲ့အညီ ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင် နိုင်ရေး အတွက် ဖြေလျှော့ပေးသော နှုန်းထားများနဲ့ အောက်ခြေကျေးရွာများ အထိစီမံချက်(၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး တင်ပြခွင့်ရသည့်အတွက် ကျေးဇူးဥပက္ကာရတင်ရှိကြောင်း ပြောကြားရင်း ကျွန်ုပ်ရဲ့ဆွေးနွေး ချက်ကို ဤတွင်နိဂုံးအဆုံးသတ် အပ်ပါတယ်ခင်ဗျား။

[ ဩဘာသံများ ]

ဥက္ကဋ္ဌ။ အဆိုကို ဆွေးနွေးရန်အတွက် နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦး ကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း နှုတ်ခွန်းဆက်သရင်း ပဏာမ ပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)က ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ယမန်နေ့က နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)က ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ တင်သွင်း သွားတဲ့ တောင်သူလယ်သမားတိုင်းအား မြေစာရင်း ပုံစံ(၁၀၅)၊ (သို့မဟုတ်) မြေစာရင်းပုံစံ(၂၂)ကို လက်ဝယ်ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့ ပေးသော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ် ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုနဲ့ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင် ကြသော ပြည်သူလူထုများ ပိုင်ဆိုင် သောနေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင် နေကြသော ဥယျာဉ်၊ ခြံမြေများအား အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှအမြန်ဆုံး လုပ်ပေးသင့်ကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ပြည်နယ်မှာ နေထိုင် ကြတဲ့ တိုင်းရင်းသားများဟာ ရိုးသားပြီးပညာဗဟုသုတနည်းပါး ကြတဲ့သူများအများစု နေထိုင်ကြတဲ့ အတွက် မိမိတို့ စိုက်ပျိုးလုပ်ကိုင်စားသောက် နေကြတဲ့စိုက်ပျိုးမြေများ၊ နေထိုင်နေသောရွာမှနေအိမ်များကို ပုံစံ (၁၀၅)များလုပ်ရ မှန်းမသိကြပါဘဲ မြေစာရင်းကနှစ်စဉ် ကောက်ခံနေတဲ့မြေခွန် ပြေစာများကိုသာ သိမ်းဆည်းထားပြီးရိုးသားစွာလုပ်ကိုင် နေသူများဖြစ်ပါတယ်။

ပုံစံ(၁၀၅)များ မလုပ်ထားကြတဲ့အတွက် မြေစာရင်းဌာနရဲ့မြေပုံပေါ်မှာ မြေလပ်များ၊ မြေလွတ်များ၊ မြေရိုင်းများအဖြစ် ပေါ်ပေါက်နေပြီး မြေပြင်မှာတော့ တောင်သူများမှာ အမှန်တစ်ကယ်သီးနှံစိုက်ပျိုးစားသောက်ကြတဲ့မြေများ များပါတယ်။ တောင်သူ(၁၀၀)ဦးမှာ (၁၀)ဦးလောက်က ပုံစံ(၁၀၅)များရှိကြပါတယ်။ ဒီအချိန်မှာ မြေလိုချင်ကြတဲ့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက လုပ်ပိုင်ခွင့်ရှိတဲ့ အုပ်ချုပ်ရေးပိုင်းကပုဂ္ဂိုလ်များထံချဉ်းကပ်ပြီး မြေစာရင်း မြေပုံမှာလပ်နေပြီး မြေကြီးမှာအမှန်စိုက်ပျိုးနေတဲ့ မြေများကိုပုံစံ (၁၀၅)များထုတ်ယူပြီး အထောက်အထားနဲ့အထက်စည်းလုပ်ကြတဲ့အတွက် မြို့နယ်တိုင်းမှာ မြေယာပြဿနာများ၊ မြေယာမှုခင်းများ ပေါ်ပေါက်နေရတာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခုပေါ်ပေါက်လာသော ၂၀၁၂ ခုနှစ် မြေယာဥပဒေနဲ့ နည်းဥပဒေတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေတွေကို တောင်သူတိုင်းနားလည်အောင်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူတွေကိုအသိပေး တိုက်တွန်းဖို့လိုအပ်ပါတယ်။ အထူးသဖြင့် တောင်သူလယ်သမားများ ဘဝအာမခံချက်ရရှိဖို့ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်တဲ့အခါ မှာလည်း လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရရှိနိုင်ရန် လျှောက်ထားတဲ့အခါမှာလည်းဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စည်းကြပ်သော မြေခွန်နှင့် အခြား

အခွင့် အခကာလလွဲပြီး ဌာနဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများက မမှန်ကန်တဲ့ နည်းလမ်းသုံးပြီး ဆောင်ရွက်ခြင်းမပြုကြဖို့ တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ဆွေးနွေး အကြံပြုရင်း ဦးကျော်မြ၊ နောင်ချို မဲဆန္ဒနယ် အမှတ်(၁)၏ အဆိုကို လေးလေးနက်နက် ထောက်ခံကြောင်းပြောကြားရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ **[ သြဘာသံများ ]**

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းစိန်ဝင်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းစိန်ဝင်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ (၂၀-၁၂-၂၀၁၂) ရက်နေ့က နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးကျော်မြ က တင်သွင်း ထားသည့်အဆိုကို ကျွန်တော် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သီပေါမဲဆန္ဒနယ် အမှတ်(၂)၊ ဦးစိုင်းစိန်ဝင်းမှ ထောက်ခံဆွေးနွေးပါမယ်။

ယနေ့ကျွန်တော်တို့ မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်လာသည်နှင့် အညီ ဒီမိုကရေစီစံနှုန်းပြည့်ညီအောင် ပြည်သူရဲ့အသံ၊ ပြည်သူရဲ့ဆန္ဒကို ဖော်ဆောင်နိုင်ရန် အတွက် လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ကသာ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ တောင်သူလယ်သမား တိုင်းအား မြေစာရင်း ပုံစံ(၁၀၅)လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်က လယ်ယာမြေ ဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီးကြောင်း သိရပါတယ်။

သက်ဆိုင်ရာ မြို့နယ်များမှလည်း တောင်သူလယ်သမားများ အတွက် ဆောင်ရွက်ပေးရန် စီစဉ်နေကြောင်းလည်း သိရပါတယ်။ လယ်ယာမြေများဟာ ယခင်ကတောင်သူ လယ်သမားများသည် မိမိ၏ မိသားစု စားဝတ်နေရေးအရ ပိုမိုတိုးချဲ့ဖော်ထုတ်လာသည်။ ၄င်းတိုးချဲ့ လယ်ယာမြေများကို လယ်ယာမြေခွန် စာရင်းထဲမှာမရှိပါသဖြင့် ၄င်း လယ်ယာမြေများကိုလည်း တိကျစွာ တိုင်းတာပေးရန် အတွက်လည်း လိုအပ်ပါတယ်။ လယ်ယာမြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက် ရာတွင် ကျေးရွာပြည်သူများ အခက်အခဲမရှိအောင် ပြည်သူများကို ကူညီဆောင်ရွက်ပေး နိုင်မည့် သက်ဆိုင်ရာမြို့နယ်၊ ပြည်သူများ အားကိုးယုံကြည်သည့် လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လယ်ယာမြေကော်မတီအဖွဲ့ ဖွဲ့စည်းသင့်ပါသည်။

ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများ ပိုင်ဆိုင်သည့် နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်သည့် ဥယျာဉ်ခြံမြေများ ပုံစံ(၁၀၅) ရရှိနိုင်ရန် အတွက် အလွန်အခက်အခဲများစွာ ကြုံတွေ့နေရ ပါသည်။ ကျေးရွာများတွင်ပုံစံ(၁၀၅) ရရှိရန်အတွက် အကုန်အကျများစွာ ကျခံပေးဆောင် နေရသည်ကိုလည်း တွေ့ရပါသည်။ ပုံစံ(၁၀၅)ကို အမည်ပြောင်းလဲရာတွင်လည်း ကုန်ကျများနေသည်ကို တွေ့ရှိရပါသည်။ ၄င်း ဖြစ်ရပ်များကို ရှမ်းပြည်နယ်အစိုးရက ပြည်သူများအတွက် အကုန်အကျ နည်းပါးစွာဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရန် အောက်ခြေ ဌာနဆိုင်ရာထိ တိကျစွာ စီမံခန့်ခွဲနိုင်မှသာ ပြည်သူများအတွက် တရားမျှတသော အကျိုးခံစားရမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်မြအဆိုနှင့် ဦးအောင်ကျော်ညွန့် အဆိုကို ပြည်သူများအတွက်နှင့် တောင်သူလယ်သမားများအတွက် အမှန်တကယ် များစွာ အကျိုးပြုမည်ဟု ယုံကြည်ပါသဖြင့် လေးလေး နက်နက်ထောက်ခံ ဆွေးနွေးတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ [သြဘာသံများ]

# အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အဆိုနှင့် စပ်လျဉ်းပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းဆွေးနွေးပေးဖို့ ဖိတ်ခေါ်အပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည် နယ်လွှတ်တော်ဥက္ကဋ္ဌ နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူဖြစ်ပါတယ်။ ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသွားတဲ့အဆိုကို ပထမ ဦးစွာ ရှင်းလင်း တင်ပြမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့ အကျိုးအတွက် လယ်ယာမြေဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၁)ဖြင့် ၂၀၁၂ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေဥပဒေ ပုဒ်မ(၂) အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာ တည်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆၂/၂၀၁၂ အရ ၂၀၁၂ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် လယ်ယာမြေဥပဒေ စတင် အာဏာတည် ခဲ့ပါတယ်။

လယ်ယာမြေဥပဒေ ပုဒ်မ(၁၆)၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းဖွဲ့စည်းခြင်းကိုလည်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ ၂၀၁၂ ခုနှစ် အောက်တိုဘာလ (၁၆)ရက်နေ့ နေ့စွဲပါအမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် အောက်ပါ အတိုင်းဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်-

(က) နေပြည်တော်ကောင်စီ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီဝင် လယ်ယာကဏ္ဍ | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ ပထမတန်း စစ်ထောက်လုပ်ငန်း နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူး၊ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး၊ သစ်တော ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး၊ နေပြည်တော် ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးမှူး၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစီးမှူး၊ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးစီးမှူး၊နေပြည်တော် စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | နေပြည်တော် မြေစာရင်း ဦးစီးဌာနမှူးကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အတွင်းရေးမှူး |

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

(၁) ဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ဥက္ကဋ္ဌ
ပြည်နယ်အစိုးရအဖွဲ့

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး အဖွဲ့ဝင်
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့

(၃) ဦးစီးအရာရှိ ပထမတန်းစစ်ထောက် အဖွဲ့ဝင်
လုပ်ငန်းတိုင်းစစ်ဌာနချုပ်

(၄) ပြည်နယ်အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၅) ပြည်နယ်ဦးစီးမှူး စိုက်ပျိုးရေး အဖွဲ့ဝင်
ဦးစီးဌာန

(၆) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၇) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၈) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
ပြည်တွင်းအခွန်များ ဦးစီးဌာန

(၉) ပြည်နယ်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၀) ပြည်နယ်မြေစာရင်းဦးစီး အတွင်းရေးမှူး
ဌာနမှူး ကြေးတိုင်နှင့်
မြေစာရင်းဦးစီးဌာန

(ဂ) **ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့**

(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၃) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၄) ခရိုင်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၅) ခရိုင်ဦးစီးမှူး အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(ဃ) **မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့**

(၁) မြို့နယ်အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၂) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(၃) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

(၄) မြို့နယ်ဦးစီးမှူး အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေး ဦးစီးဌာန

(၅) မြို့နယ်မြေစာရင်းဦးစီးဌာနမှူး အတွင်းရေးမှူး
ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

(င) ရပ်ကွက်နှင့်ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

(၁) ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ

(၂) ရပ်ကွက်/ကျေးရွာအုပ်စု ရပ်မိ၊ရပ်ဖ — အဖွဲ့ဝင်

(၃) တောင်သူလယ်သမား ကိုယ်စားလှယ် — အဖွဲ့ဝင်

(၄) ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်း၊အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန — အဖွဲ့ဝင်

(၅) ရပ်ကွက်/ကျေးရွာအုပ်စု မြေတိုင်းစာရေး၊ ကြေးတိုင် နှင့် မြေစာရင်း ဦးစီးဌာန — အတွင်းရေးမှူး

ဖြစ်ပါတယ်။ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့များကို အမည်နှင့်တစ်ကွ ဖွဲ့စည်းဆောင်ရွက် ပေးသွားရန်နှင့် ဖွဲ့စည်းပြီးစီးမှုကို အတည်ပြုချက် ရယူတင်ပြသွားရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ (၂၁-၁၁-၂၀၁၂) ရက်စွဲပါ စာအမှတ် ၁၀၇၈၄/၃-၆၂၉/ အစရ(ရှမ်း) ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူးများအား အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

လယ်ယာမြေဥပဒေတွင် အခန်း(၁၃)ခန်း ပုဒ်မ(၄၃)ခုနှင့် နည်းဥပဒေတွင် အခန်း(၁၃)ခန်း၊ အပိုဒ်ပေါင်း (၁၇၀)ပါဝင်ပါတယ်။ လယ်ယာမြေဥပဒေ အဓိကအခြေခံအကျဆုံး အနှစ်သာရမှာ တောင်သူ လယ်သမားတိုင်း လယ်ယာမြေကို သားစဉ်မြေးဆက် အဆက်ဆက်တိုင် အောင် ဘဝအာမခံချက် ရရှိဖို့အတွက် လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်

ထုတ်ပေးခြင်းဖြစ်ပါတယ်။ ဒီမှာသည့်လယ်ယာမြေ လုပ်ကိုင်ခွင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ဖို့အတွက် တောင်သူ လယ်သမားများ အနေဖြင့်မိမိတို့ လက်ရှိလုပ်ကိုင်နေသည့် လယ်ယာမြေများကို ဥပဒေနဲ့အညီလုပ်ကိုင်ခွင့် လက်မှတ်ရရှိရေး လျှောက်ထား ရယူရမှာဖြစ်ပြီး လယ်ယာမြေ လုပ်ကိုင်ခွင့် လက်မှတ်ရရှိပြီးမှသာ လယ်ယာမြေ ဥပဒေပုဒ်မ (၉)အရ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း စသည့် အခွင့်အရေးများ ရရှိခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ (၁၃)အရ လုပ်ပိုင်ခွင့်အငြင်းပွားမှု အရှုပ်အရှင်း ဖြစ်လာလျှင် တရားဝင်ဖြေရှင်း ဆောင်ရွက်ခွင့်ရှိခြင်း၊ လယ်ယာမြေဥပဒေပုဒ်မ (၂၆)အရ နစ်နာကြေးနဲ့ လျော်ကြေးများ ခံစားရရှိ နိုင်ခြင်းတို့အပြင် လယ်ယာမြေ ဥပဒေ ပုဒ်မ(၂၈) အရ သီးနှံပြောင်းလဲ စိုက်ပျိုးခွင့် လျှောက်ထားနိုင်ခြင်း၊ အခြားနည်း အသုံးပြုခွင့် လျှောက်ထားနိုင်ခြင်းတို့ ရရှိမှာဖြစ်ပါတယ်။

လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသည့် အခွင့်အရေးများအနေဖြင့်

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လုပ်ပိုင်ခွင့်မှ ရလာသော အကျိုး အမြတ်ကိုခံစားပိုင်ခွင့်

(ခ) လုပ်ကိုင်ခွင့်ရရှိထားသော လယ်ယာမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်

(ဂ) အမွေဆက်ခံပိုင်ခွင့်

(ဃ) သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက် ခြင်းမရှိသ၍ လယ်ယာမြေ လုပ်ကိုင်ခွင့်

(င) စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက် သမဝါယမ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ နှင့် အကျိုးတူလုပ်ကိုင်ခွင့်

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ နိုင်ငံခြားသား၊ နိုင်ငံသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ အကျိုးတူ လုပ်ကိုင်ခွင့် ရရှိမှာ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူအနေနှင့် အောက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာ ရမှာဖြစ်ပါတယ်-

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန ကြီးကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ် စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ် ချက်များနှင့် အညီ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်း အနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် (သို့မဟုတ်) အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က တရားဝင် ချထားပေးခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်း မပြုရ။

(ဆ) လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုမိန့် မရရှိဘဲ အခြားယူသုံးစွဲခြင်းမပြုရ။

(ဈ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်သီးနှံ အမျိုးအစားတို့ ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

(ဉ) ခိုင်လုံသော အကြောင်း ပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်း မပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း (သို့မဟုတ်) လယ်ယာမြေ လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း(သို့မဟုတ်) ပေးကမ်းခြင်း မပြုရ။

အသက်(၁၈)နှစ် ပြည့်ပြီးသော နိုင်ငံသားသည် အောက်ဖော်ပြပါ အချက်(၁)ရပ်ရပ်တွင် အကျုံးဝင်ပါက လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားခွင့် ရှိပါသည်။

(က) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့် ရရှိသွားသော တောင်သူလယ်သမား အိမ်ထောင်သားစု (သို့မဟုတ်) အိမ်ထောင်သားစုဝင် ဖြစ်ခြင်း၊

(ခ) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့် ရရှိထားသော တောင်သူလယ်သမား အိမ်ထောင်သားစု အကြီးအကဲ (သို့မဟုတ်) အိမ်ထောင်သားစုတွင် ပါဝင်သူ(၁)ဦး (သို့မဟုတ်)အုပ်ထိန်းသူဖြစ်ခြင်း၊

(ဂ) တစ်လုံးတစ်စည်းတည်း ဖြစ်၍ ပစ္စည်း မခွဲဝေသေးသော တောင်သူလယ်သမား အိမ်ထောင်စုတွင် ပါဝင်သူ(၁)ဦး၏ အမည်ဖြင့်ထားရှိသော လယ်ယာမြေအားလုံးကို ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအားလုံးက ပူးတွဲလက်ရှိအသုံးပြုခွင့် ရရှိထားပါက ယင်းအကျိုးတူခံစားခွင့် ရရှိသော တောင်သူ လယ်သမား အိမ်ထောင်သားစု ဖြစ်ခြင်း။

(ဃ) လယ်ယာမြေဥပဒေ အာဏာမတည်မီ လယ်ယာမြေနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ တရားဝင် လက်ဝယ် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူဖြစ်ခြင်း။

( င) မြေကိုအသုံးပြုတဲ့ စိုက်ပျိုးရေး(သို့မဟုတ်) မွေးမြူရေး (သို့မဟုတ်) လုပ်ငန်း (၂)ရပ်စလုံးကို အသက် မွေးဝမ်းကြောင်း အဖြစ် ကိုယ်တိုင်လုပ်ကိုင်သူ၊ ကိုယ်တိုင် အစဉ်တစိုက်ဖြင့် လုပ်ကိုင်သူ၊ ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူ၊ အရင်းအနှီး မတည်စိုက်ထုတ်လုပ်ကိုင်သူ၊ လုပ်ငန်းများတွင်ပါဝင် ဆောင်ရွက်နေသူ၊ မျိုးနှင့် သားပေါက်များ ထုတ်လုပ်ရောင်းချသည့် တောင်သူ လယ်သမား ဖြစ်ခြင်း။

( စ) လျှောက်ထားသည့် လယ်မြေများသည် အမှန်တစ်ကယ် လုပ်ကိုင်နေသူ၊ အသုံးပြုခွင့် ရရှိထားသူဖြစ်ကြောင်း အတည်ပြုခံရသူ အထောက်အထား တင်ပြနိုင်သူ ဖြစ်ခြင်း။

(ဆ) လယ်ယာမြေပေါ် အသုံးပြုခွင့် ရရှိထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများလည်း လျှောက်ထားနိုင်ပါသည်။

အသုံးပြုခွင့် ရရှိထားသော လယ်ယာမြေအတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရန် လျှောက်လွှာပုံစံသစ်ကို သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်)ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာအား လက်ခံရရှိသည့်နေ့မှရက်ပေါင်း(၃၀)အတွင်း မြို့နယ်မြေ စာရင်းဦးစီးဌာနသို့ စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ရမည်ဖြစ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနအနေဖြင့် လက်ခံရရှိသည့် လျှောက်လွှာကို လုပ်ငန်းစာတွဲ ဖွင့်လှစ်၍ယင်း လျှောက်လွှာ လက်ခံရသည့်နေ့မှ (၁၅)ရက်အတွင်း ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့်ကြော်ငြာစာပုံစံ(၂)ကို လယ်ယာမြေတည်ရှိရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးရုံးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတို့တွင် ကပ်ထားရမည် ဖြစ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနသည် ကန့်ကွက်စာထုတ်ထားသည့်ကာလအတွင်း လျှောက်လွှာနှင့် စပ်လျဉ်းသည့် အချက်အလက်များကို လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်း ပုံစံ(၃)တွင်ရေးသွင်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့် စစ်ဆေးချက်ပုံစံ(၄)တွင် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာအရ ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိလျှင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးတွင် ကန့်ကွက်သည့်နေ့မှ (၇)ရက်အတွင်း သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့သို့ လုပ်ငန်းစာတွဲ လွှဲပြောင်းပေးပို့၍ စုံစမ်းစစ် ဆေးတင်ပြစေရန် အကြောင်းကြားရမည် ဖြစ်ပြီး ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေး အဖွဲ့သည် မြို့နယ်မှအကြောင်းကြားစာ ရရှိသည့်နေ့မှ (၇)ရက်အတွင်း စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်မြေစာရင်းဌာနသို့ တင်ပြရမည် ဖြစ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာနသည် ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တင်ပြချက်ကို လက်ခံ ရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့် အတူဆက်လက်တင်ပြ ရမည်ဖြစ်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအနေဖြင့် ယင်းစာလက်ခံရရှိသည့် နေ့မှ(၇)ရက်အတွင်း ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ သဘောထားမှတ်ချက်နှင့် အတူတင်ပြရမည် ဖြစ်ပါသည်။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း ထပ်ဆင့်စိစစ်၍ လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို မြို့နယ်မြေစာရင်းဦးစီးဌာနကို အကြောင်းကြားရမည် ဖြစ်ပါသည်။ မြို့နယ်မြေစာရင်းဦးစီးဌာနသည် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်းအကြောင်းကြားစာရရှိလျှင် မှတ်ပုံတင်ကြေး (၅၀၀)ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၅)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြကာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ထုတ်ပေးသွားမည်ဖြစ်ပြီး ပုံစံ(၇)နဲ့အတူ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်း ပုံစံ(၁၀၅) ကိုလည်း အခမဲ့ ထုတ်ပေးသွားမည် ဖြစ်ပါသည်။ ငြင်းပယ်ခံရသူကိုလည်း မှတ်ပုံတင်စာရင်း ပုံစံ(၆)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၈) ထုတ်ပေးရမည် ဖြစ်ပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားရာမှ ထုတ်ပေးသည်အထိ သတ်မှတ်ပုံစံ(၈)မျိုးဖြင့် လုပ်ပိုင်ခွင့်လက်မှတ်နှင့်အတူ ပူးတွဲထုတ်ပေးမည့် မြေစာရင်းပုံစံ(၁၀၅)ကို ငွေကြေးတစ်ပြား၊ တစ်ချပ်မျှ

ရယူခြင်းမရှိဘဲ အခမဲ့ထုတ်ပေးသွားမည် ဖြစ်ပါ၍ တောင်သူလယ်သမားတိုင်း မိမိတို့စိုက်ပျိုးလုပ်ကိုင် အသုံးပြုလျက်ရှိသည့် လယ်ယာမြေများကို သားစဉ်မြေးဆက်၊ ဘဝအာမခံချက် ရရှိဖို့အတွက် ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ လုပ်ပိုင်ခွင့် လျှောက်ထားသွားရန် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း တွန်းအားပေးဆောင်ရွက် သင့်ပါသည်။

အဆိုတွင် ပါရှိတဲ့ မြေစာရင်းပုံစံ(၂၂)နဲ့ ဦးပိုင်မှတ်တမ်းစာအုပ်ကို လက်ဝယ်ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့သော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများအထိ စီမံချက်(၁)ရပ်ချမှတ်ဆောင်ရွက်ပေးနိုင်ရေးနှင့် ပတ်သက်၍ မြေစာရင်းဌာနတွင် အသုံးပြုလျက်ရှိသော မြေစာရင်းပုံစံ(၂၂)သည် ကွင်းမှတ်စုစာအုပ်ဖြစ်ပြီး ကွင်းမြေပုံမရှိသေးသည့်နေရာများတွင် ယာယီမြေတိုင်းတာပြီး မှတ်သားထားသည့် လုပ်ကွက်(၁)ခုချင်း တိုင်းတာသည့်ပုံစံ(၁)မျိုးဖြစ်ပါသည်။ ၎င်း ပုံစံသည် ဌာနတွင်းသုံးပုံစံသာဖြစ်ပြီး မြေစာရင်းပုံစံ(၁၀၅)ကဲ့သို့ အများပြည်သူတို့ ရေးကူးပေးရသော ပုံစံမျိုးမဟုတ်ပါ ၎င်းအပြင် မြေစာရင်းဌာနတွင် အသုံးပြုသည့် ဦးပိုင်မှတ်တမ်းစာအုပ်သည် ဦးပိုင်(၁)ဦးချင်းစီ၏ နေရာစုံကိုမှတ်တမ်းတင်ထားသည့် ပုံစံဖြစ်ပြီး ဌာနကသာ ထိန်းသိမ်းရသော ပုံစံဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းပုံစံဖြင့်တိုက်ရိုက်ပေးပို့ခွင့် မရှိကြောင်း အသိပေး တင်ပြအပ်ပါသည်။ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်သည့် မြေလွတ်/မြေရိုင်းများစီမံ ခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေအရ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်လိုသူများ အနေဖြင့် (၁)ကြိမ်လျှင် (၁၀)ဧက ထက်မပိုသော မြေလွတ်/မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ပြည်နယ်လုပ်ငန်း အဖွဲ့သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်မည့် လျှောက်လွှာနှင့်အတူ မြေစာရင်းဦးစီးဌာနက ထုတ်ပေးသည့် မြေပုံ(၂)ပုံနှင့် အတူပူးတွဲ တင်ပြရမည်ဖြစ်ပါသည်။

အဆိုပါမြေပုံကို ကွင်းမြေပုံတွင်ရှိသောဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆ လက်မ ၁ မိုင်စကေးမြေပုံမှ (၁၀၅)မြေပုံရေးဆွဲပေးရမည် ဖြစ်ပါသည်။ ကွင်းမြေပုံမရှိသောဒေသဖြစ်လျှင် ၁လက်မ ၁မိုင် စကေး(သို့မဟုတ်) ၁ း ၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်းတို့ကို လျှောက်ထားသူများသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ အခမဲ့ရေးကူး ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားမှုအပေါ် ပြည်နယ်လုပ်ငန်းအဖွဲ့မှ အဆင့်ဆင့်စိစစ်စေပြီး ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်နှင့်အညီ မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားခြင်းအား ခွင့်ပြုခြင်း(သို့မဟုတ်) ငြင်းပယ်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ခွင့်ပြုသည့် မြေလွတ်/မြေလပ်နှင့် မြေရိုင်းများ၏ ဧရိယာ ၇၅% အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီး ဖြစ်ကြောင်း အထောက်အထားခိုင်မာစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ဖြင့် လျှောက်ထားလာပါက တစ်ကြိမ်လျှင် (၁၀)ဧကထက်မပိုပဲ စုစုပေါင်းဧက၅၀အထိ ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောတူညီချက် ရယူ၍ပြည်နယ်လုပ်ငန်းအဖွဲ့မှ ထပ်မံခွင့်ပြုသွားမည်ဖြစ်ပါသည်။ လုပ်ပိုင်ခွင့်ရရှိသူ အနေဖြင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ်စိုက်ပျိုးပြီးပါက စိုက်ပျိုးသီးနှံအမျိုးအစားအလိုက် စိုက်ပျိုးလုပ်ကိုင်ပြီးစီးမှု တည်ငြိမ်သည့်အခြေအနေဖော်ပြသောဓါတ်ပုံ မှတ်တမ်းနှင့် အတူ ခိုင်လုံသောအထောက်အထားပူးတွဲ၍ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေအဖြစ်ပြောင်းလဲသတ်မှတ်ပေးရန် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ သတ်မှတ်ပုံစံဖြင့်တင်ပြလျှောက်ထား နိုင်ပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှစီစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်နှင့် အတူ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅) ကိုလည်း အခမဲ့ ပူးတွဲထုတ်ပေးသွားမည် ဖြစ်ပါသည်။ မြေစာရင်းပုံစံ(၁၀၅)သည် ကွင်းမြေပုံနှင့် မှတ်ပုံတင်စာရင်း ထူထောင်ထားသော ကွင်း/အကွက်များမှလည်းကောင်း ကွင်းမြေပုံမရှိသေးသော ဒေသများတွင် ကွင်းမှတ်စုစာအုပ်ဖြင့် ဦးပိုင်လုပ်ကွက်တိုင်းတာသည့် မှတ်စုစာအုပ်မှ လည်းကောင်း၊ ၁ လက်မ ၁ မိုင်စကေး မြေပုံများမှလည်းကောင်း၊ မိတ္တူရေးကူးထားခြင်းဖြစ်ပါသည်။ သက်ဆိုင်သူများမှ လျှောက်ထားလိုသည့် အကြောင်းအရာအလိုက် ဥပမာ- မြေငှားဂရမ် လျှောက်ထားရန်၊ အနားငှရပ်မြေတိုင်းရန်၊ စည်ပင်တင်ပြရန်၊ တရားရုံးတင်ပြရန်၊ မြေလွတ်မြေရိုင်းမြေလပ်လျှောက်ထားရန်၊ ဓါတ်သတ္တုတူးဖော်ခွင့် လျှောက်ထားရန် စသဖြင့် မြေစာရင်းပုံစံ(၁၀၅) လျှောက်ထား မှုများ ရှိကြပါသည်။

မြို့မြေအဖြစ်သတ်မှတ်ထားသော မြို့များတွင် (၆၄) လက်မ(၁)မိုင် စကေးဖြင့် တိုင်းတာထားသည့် အကွက်အလိုက် မြေပုံများရှိပြီး တောတွင်းများတွင် ၁၆လက်မ၁မိုင်စကေးဖြင့် တိုင်းတာထားရှိသည့် ဦးပိုင်လုပ်ကွက်မြေပုံများ ရှိပါသည်။ ကွင်းတိုင်းတာခြင်း မရှိသေးသည့် ဒေသများတွင် ကွင်းမှတ်စုစာအုပ်ဖြင့် ဦးပိုင်လုပ်ကွက်တစ်ခုချင်းတိုင်းတာထားသည့် လုပ်ကွက်၊ မြေလွတ်မြေလပ်နှင့် တောရိုင်းမြေ၊ ကျန်အခြားမြေတို့ကို ၁လက်မ၁မိုင်စကေး မြေပုံများကိုအသုံးပြု၍ မြေစာရင်းပုံစံ(၁၀၅)ရေးကူးရပါသည်။

အထက်ဖော်ပြပါ မြေပုံအမျိုးအစား ဦးပိုင်လုပ်ကွက်၏ တည်နေရာကို မြေစာရင်းပုံစံ(၁၀၅)တွင် မိတ္တူရေးကူးပြီး မြေဧရိယာ ကြီးကြပ်ခံရသူ၊ ပိုင်ရှင်၊ ဂရန်ရှင်များကို ဦးပိုင်မှတ်ပုံတင်စာရင်း ၁(က)မှလည်းကောင်း၊ အခွန်ကြီးကြပ်မှု မှတ်ပုံတင်စာရင်း(၂)မှ လည်းကောင်း၊ ရေးကူး ရပါသည်။ သက်ဆိုင်ရာ မြေတိုင်းစာရေးမှရေးကူးပေးပြီး

မြေစာရင်းဦးစီးမှူးမှ မြေစာရင်းမြေပုံနှင့် တိုက်ဆိုင်စစ်ဆေးကာ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးမှ အတည်ပြုလက်မှတ်ရေးထိုးပြီး မြေစာရင်းပုံစံ(၁၀၅)ကို ထုတ်ပေးရပါသည်။ မြေစာရင်းပုံစံရေးကူးထုတ်ပေးခြင်းမှာ သက်ဆိုင်ရာ ဌာနများသို့ ဆက်လက်တင်ပြနိုင်ရေးအတွက် မြေတည်နေရာ၊ အကျယ်အဝန်း၊ မြေအမျိုးအစားတို့ကို ဖော်ပြပေးသည့်မြေပုံသာ ဖြစ်ပြီး တောင်သူလယ်သမားတိုင်း မြေစာရင်းပုံစံ (၁၀၅)၊ ရရှိလိုပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်လျှောက်ထားစေရန် တွန်းအားပေး ဆောင်ရွက်သင့်ကြောင်းနှင့် လုပ်ပိုင်ခွင့် လက်မှတ်နှင့်အတူ မြေစာရင်းပုံစံ (၁၀၅)ကို အခမဲ့ထုတ်ပေးသွားမည် ဖြစ်ပါသောကြောင့် အဆိုအားပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ အဆိုကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျေးရွာအတွင်း နေထိုင်သော ပြည်သူလူထုများ၏ ပိုင်ဆိုင်သော နေအိမ်များကို အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေ မယူပဲ အမြန်ဆုံးပြုလုပ်သင့်ကြောင်းအဆိုနှင့် ပတ်သက်၍ မြေစာရင်းဌာနမှ ထုတ်ပေးသော မြေစာရင်း ပုံစံ (၁၀၅)သည် လက်ရှိ ယခုနှစ် အသုံးပြုသည့် မြေပုံပေါ်ရှိ ဦးပိုင်များကို မှန်ကန်ကြောင်း မိတ္တူရေးကူးပေးခြင်း ဖြစ်ပါသည်၊ ကွင်းဖွဲ့တိုင်းတာပြီး မြေပုံများ၊ စာရင်းများနှင့် ထူထောင်ထားရှိသည့် အပြင် မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်မှု ရှိသည့် ဦးပိုင်ကိုသာလျှင် ကောက်နုတ်၍ မြေစာရင်းပုံစံ (၁၀၅) မိတ္တူ ရေးကူးပြီး ပေးခြင်း ဖြစ်ပါသည်။

ထိုသို့ရေးကူးပေးရာတွင် လျှောက်ထားသည့် နည်းလမ်းအတိုင်း အတွက်သာ အသုံးပြုခွင့် ရှိပါသည်။ သို့ရာတွင် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အတွင်းရှိ ကျေးရွာမြေများသည် ကွင်းဖွဲ့တိုင်းတာခြင်း၊

မြေပုံရေးဆွဲပြီး စာရင်းများ ထူထောင်နိုင်ခြင်း မရှိသေးပါ။ ယခုနှစ်တွင် လယ်ယာမြေ ဥပဒေနှင့် နည်းဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ် ထုတ်ပေးရေးအတွက် စီမံချက်ဖြင့် ဦးစားပေး ဆောင်ရွက်ပေးရသဖြင့် အထက်ပါ အဆိုပြုချက်ကို ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း တင်ပြအပ်ပါသည်။ သို့ရာတွင် နောင်လာမည့် နှစ်များတွင် အထက်ပါ အဆိုပြုချက်ကို တင်ပြပြီး ခွင့်ပြုချက် ရရှိပါက အဆင့်ဆင့် ဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ စိုက်ပျိုးလုပ်ကိုင်သော ဉယျာဉ်ခြံမြေကို ပုံစံ (၁၀၅)ထုတ်ပေးရန် ကိစ္စနှင့် ပတ်သက်၍ လယ်ယာမြေဉပဒေ (၁၀၄)နှင့် နည်းဉပဒေအပိုဒ် (၃၄)အရ လယ်ယာမြေအသုံးပြုခွင့် ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ ပုံစံ (၁)ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံး တွင် အခမဲ့ ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်မြေစာရင်း ရုံးသို့ လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားပါသည်။

အထက်ပါ လယ်ယာမြေဉပဒေနှင့် နည်းဉပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားလိုသူသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးတွင် လျှောက်လွှာပုံစံကို အခမဲ့ ရယူကာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်မြေစာရင်းရုံးသို့ လျှောက်ထားရမည် ဖြစ်ပါသည်။ မြို့နယ် မြေစာရင်း ဦးစီးဌာနမှူးသည် ၄င်းလျှောက်ထားခြင်းကို ကန့်ကွက် လိုသူရှိက ကန့်ကွက်နိုင်ရန် ပုံစံ(၂)ဖြင့် ထပ်ဆင့် ကြော်ငြာရပါသည်။ ၄င်းနောက်လျှောက်ထားခြင်း၊ စစ်ဆေးခြင်း ပုံစံ (၃)ဖြင့် စစ်ဆေးပြီးလျှင် သဘောထား မှတ်ချက်ပြုကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရပါသည်။

ကန့်သတ်

၁၄၈

မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ငြင်းပယ်ရန် အကြောင်းမရှိပါက လက်မှတ်ထိုးပေးရန် ခွင့်ပြုကြောင်း မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှု အဖွဲ့သို့ အကြောင်းကြားရမှာ ဖြစ်ပါသည်။ ၄င်းနောက် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့က လျှောက်ထားသူသို့ တစ်ဦးပိုင်လျှင် ငွေ (၅၀၀) ကျပ် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇)ကို ထုတ်ပေးမှာ ဖြစ်ပါတယ်။ ထိုသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရာတွင် သက်သေခံမြေပုံမြေစာရင်း ပုံစံ (၁၀၅) ပူးတွဲ ပါရှိမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်မှ တင်သွင်းသည့် ကျေးရွာအတွင်း ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များအား ပုံစံ (၁၀၅)ရေးဆွဲ ပေးရေးမှာ ကျေးရွာမြေပုံ စနစ်တကျ တိုင်းတာပြီး ဦးပိုင်မှတ်ပုံတင် စာရင်းကို ထူထောင် ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရေးကို လက်ရှိစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဦးပိုင်လုပ်ကွက်များကိုသာ ဦးစားပေးဆောင်ရွက်ရ သဖြင့် လောလောဆယ်တွင် အထက်ပါ အဆိုပြုချက်အား ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ စိုက်ပျိုးမြေ များအား ပုံစံ (၁၀၅) ထုတ်ပေးရေးနှင့် အခကြေးငွေ မယူပဲ အမြန်ဆုံး ပြုလုပ် သင့်ကြောင်း အဆိုမှာမူ နှစ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် ထုတ်ပေးရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးရုံးသို့ လယ်ယာလုပ်ပိုင်ခွင့်လျှောက်လွှာပုံစံ(၁) ဖြန့်ဝေထားရှိပြီး ဖြစ်ပါသည်။ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ် နှင့်အတူ ပုံစံ (၁၀၅)ကို အခမဲ့ ထုတ်ပေး သွားမည်ဖြစ်သောကြောင့် အဆိုအား ပြန်လည် ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကန့်သတ်

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆို (၂)ခုနှင့် စပ်လျဉ်းပြီး ရုပ်သိမ်းသင့်ကြောင်း သဘောထား ပေးပြီး ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ဒါကြောင့် နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အဆိုတင်သွင်းသူ ဦးကျော်မြအနေနဲ့ ထပ်မံ တင်ပြပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြန်လည်ဆွေးနွေးခွင့်ရရှိတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူရဲ့ အသေးစိတ် ရှင်းလင်းတင်ပြချက်အရ ထွက်ပေါ်လာတဲ့ ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေထဲက သိသင့်သိထိုက်တာတွေကို ပြည့်စုံစွာ သိရှိရတဲ့အတွက်လည်းများစွာ ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ ကျွန်တော် တစ်ခုပြောချင်တာက အဓိက အချက်က တောင်သူလယ်သမားတိုင်း အောက်ခြေအထိ ယခုတည်ဆဲဥပဒေအရ ၂၀၁၂ လယ်ယာမြေ ဥပဒေထဲမှာ ပါလာတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်တွေ လူတိုင်းရရှိသွားဖို့ပဲ ဖြစ်ပါတယ်။ ရည်ရွယ်ချက်က တူနေပြီ ဖြစ်ပါတယ်။ ဒီလိုရနိုင်အောင် ဆိုတာက မြေစာရင်းဦးစီးဌာနက အရင်ကလည်း အကောင်အထည်ဖော်ခဲ့တဲ့ ဌာနဖြစ်တယ်။ လယ်ယာမြေ ဥပဒေ အသစ်အရလည်း အဓိက တာဝန်ယူဆောင်ရွက်ရမယ့် ဌာန ဖြစ်တယ်။ အရင်တုန်းကလည်း ဒီဌာနတွေက ဆောင်ရွက်ပေးရမည့် အချက်တွေ တောင်သူလယ်သမားလက်ဝယ်မှာ ရှိခဲ့လို့လည်း လယ်ယာ ပြဿနာဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ဥပမာ အားဖြင့် ကျွန်တော့်ကိုယ်တွေ့ကိုပဲ ကျွန်တော် တင်ပြပါ့မယ်။ အစိုးရသစ်လက်ထက်မှာ ဖြစ်ပါတယ်။ နောင်ချိုမြို့နဲ့ (၉)မိုင်ခန့် အကွာမှာ ကြံစိုက်တဲ့မြေ (၅)ဧက တစ်ကွက် ရှိပါတယ်။ (၆)ဧကခွဲ တစ်ကွက် ရှိပါတယ်။ ဒါကို မြေစာရင်းဦးစီးဌာနသို့ သွား၍ ပုံစံ (၁၀၅) ရရှိရေးအတွက် သွားပြီး ဆောင်ရွက်ပါတယ်။ လက်ထောက်ဦးစီးမှူး အဆင့်ကို မြေစာရင်းဦးစီးမှူးက ထည့်ပေးလိုက်ပါတယ်။ ခြံမှာ သွားတိုင်းပါတယ်။ ပုံစံ (၁၀၅)ရရှိရန် ကျွန်တော် ဘယ်လောက် ကြိုးစား ရလဲဆိုလျှင် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ လျှောက်ခဲ့ပြီး ရုံးသို့ အကြိမ်ကြိမ် သွားရောက်ခဲ့သော်လည်း အကြိမ်ကြိမ် ချိန်းပါတယ်။ [" *ရပြီလို့ သတ်မှတ်လိုက်ပါ၊ ဖုန်းဖြင့် ဆက်လိုက်ပါ။ ဘာလို့ လူကိုယ်တိုင် လာတာလဲ* "]ဟု ပြောပါတယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ အထိ ကြာသွားပါတယ်။ ဒါတောင် ကျွန်တော်တို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အဆင့်ပါ။ သာမန်တောင်သူများဆို ပိုဆိုးပါတယ်။ ကျေးရွာမှ လာရတဲ့အတွက် စရိတ်ကုန်မယ်။ အကြိမ်ကြိမ် ပြန်ချိန်းမယ်။ ရုံးကိုကြောက်တာတွေလဲ ရှိတယ်။ ဒီလိုသာ ဥပဒေအသစ်တော့ ထွက်လာပြီ။ တကယ် အကောင်အထည်ဖော်ရမည့်သူများက စိတ်ဓာတ်တွေ မပြောင်းဘူး။ လုပ်နည်းလုပ်ဟန်တွေ မပြောင်းဘူး ဆိုလျှင် အောက်ခြေမှာ ဒီဥပဒေရဲ့ အကျိုးခံစားခွင့်ကို တောင်သူများ ပြည့်ပြည့်ဝဝ ရရှိမှာ မဟုတ်ပါဘူး။

ဒါကြောင့် ကျွန်တော် တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့ ရည်ရွယ်ချက်ကလည်း တောင်သူလယ်သမားတိုင်းလက်ဝယ်မှာ ရှိရင် ပြဿနာ မပေါ်နိုင်ပါဘူး။ ရောက်သွားဖို့ပဲ အရေးကြီးပါတယ်။ အဲဒီတော့ မနေ့က တင်ပြခဲ့တဲ့ အချက်ထဲမှာလဲ ပါပါတယ်။ တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ တင်ခဲ့တဲ့ အဆို ဖြစ်ပါတယ်။ ဒါကတော့ ဥပဒေထွက်လာပြီးမှ ကျွန်တော် ဆွေးနွေးခွင့်ရတဲ့အတွက် ဝန်ကြီးက ရုပ်သိမ်းဖို့ သဘောထားမှတ်ချက်ပေးတာကို တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့် အဆိုပေါ်မှာ လွှတ်တော်ကိုယ်စားလှယ် (၃)ယောက်ကလည်း ဆွေးနွေး ထားတာ ရှိပါတယ်။ ထောက်ခံတုန်းကလည်း (၃)ယောက် ထောက်ခံ ထားတာ ဖြစ်တဲ့အတွက် လွှတ်တော်အနေနဲ့ မှတ်တမ်းတင်ထား သင့်တယ်လို့ ယူဆတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ မှတ်တမ်းတင် ထားပေးနိုင်ပါရန် လေးစားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုကို တင်သွင်းတဲ့ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ၄င်းတင်သွင်းတဲ့အဆိုနဲ့ ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ပေးရန် တင်ပြလာတာ ရှိပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ ဆန္ဒကို ကျွန်တော်တို့ ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ တောင်သူလယ်သမား တိုင်းအား မြေစာရင်းပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံ သော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံ ရေးကူးရန်ပုံစံ ) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂) နှင့် ဦးပိုင် မှတ်တမ်း စာရွက်ကို လက်ဝယ် ကိုင်ဆောင် နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေကျေးရွာများ အထိ စီမံချက် (၁) ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်း ကြောင်း ”** အဆိုနှင့် **“ ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော**

ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေများအား အသိအမှတ်ပြု ပုံစံ (၁၀၅) ကို အခကြေးငွေမယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း " အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရန် သဘောတူပါသလားခင်ဗျား /သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလားခင်ဗျား -

[ (၃) ကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်မှ သဘောတူပါသည်။ ]

လွှတ်တော်မှ သဘောတူပါသဖြင့် ဤအဆိုကို လွှတ်တော်မှ **မှတ်တမ်းတင်ကြောင်း** ကြေညာပါတယ်။[ **သြဘာသံများ** ]

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာကိစ္စများအားလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးခြင်းဆိုင်ရာကိစ္စအား လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးက ရှင်းလင်းတင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး။**

လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီးကောင်းမွန်သော လိုအင်ဆန္ဒပြည့်ဝ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သ ဂါရဝပြု အပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင်ဖြစ်ပါတယ်။ အခု ကျွန်တော် ရှမ်းပြည်နယ် တစ်ခုလုံးရဲ့ လျှပ်စစ်ဓါတ်အားလုပ်ငန်း ဖြန့်ဖြူးရေးလုပ်ငန်း တွေ အခြေအနေကိုရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်က CD ခွေတွေလည်း အားလုံးဖြန့်ဝေပြီးတဲ့ အတွက်ကြောင့် အေးအေးဆေးဆေး Normal ပဲကြည့်ရှုရပါတယ် ဆိုတဲ့အကြောင်း ပန်ကြားတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့အရှေ့ပိုင်းတွင် တည်ရှိပြီးတော့ အရှေ့ဘက်မှာ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ၊ အနောက်ဘက်မှာ မန္တလေး တိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်မှာ ကယားပြည်နယ်၊ မြောက်ဘက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နဲ့ နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်ဟာ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး(တောင်ကြီး) တွဲဘက်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး(လားရှိုး)နဲ့ တွဲဘက်ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး (ကျိုင်းတုံ)တို့ ရှိပြီး၊ ပြည်နယ်ရုံးများ အပါအဝင် လက်အောက်ခံ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲရုံးများ စုစုပေါင်း(၁၃၅)ရုံး ဖွင့်လှစ်၍ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါတယ်။

ကန့်သတ်

၁၅၄

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှု အခြေအနေပြ မြေပုံဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (တောင်ကြီး) အတွင်း ဖွဲ့စည်းထားတဲ့ ဖွဲ့စည်းပုံဖြစ်ပါတယ်။ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး လုပ်ငန်း ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်ရုံးအလိုက် ဝန်ထမ်းအင်အားစာရင်းဖြစ်ပါတယ်။ **[ ပရိုဂျက်တာဖြင့် ရှင်းလင်း တင်ပြပါသည်။ ]**

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အားသုံးစွဲမှု အခြေအနေကို တင်ပြရမယ် ဆိုလျှင် ရှမ်းပြည်နယ်အတွင်းရှိ ဓါတ်အားသုံးစွဲသည့် လူဦးရေ(၂၄၀၀၅၄)ဦးရှိပါတယ်။ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အား ရရှိပြီးမြို့ဟာ (၈၃)မြို့ရှိပါတယ်။ အဲ့ဒီတော့ တစ်မြို့က ဘယ်က မြို့လဲဆိုတော့ စိတ်ထဲမှာသို့လောလောဖြစ်နေမှာ ဒီတော့ ကျွန်တော် ရှင်းပြပါမယ်။ အဲ့မှာဒီဇယ်ဓါတ်အားနဲ့ ဖြန့်ဖြူးလို့မပေးနိုင်သေးတဲ့ မြို့ကတော့ ကာလိမြို့နယ်ခွဲပဲ ရှိပါတယ်။ ဒီတော့ ကာလိမြို့နယ်ခွဲ အတွက်လည်း နောင်ဒီဇယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးနိုင်အောင် ကျွန်တော် ကြိုးစားဆောင်ရွက်သွားမှာပါ။

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အားရရှိတဲ့ ကျေးရွာ ပေါင်းဟာ (၁၁၆၃)ရွာရှိ ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ ဓါတ်အား ခွဲရုံများစာရင်းကို တင်ပြအပ်ပါတယ်။ ၂၃၀ကေဗွီတစ်ရုံရှိတယ်။ ၆၀အမ်ဗွီအေမန်ဆန် ရှမ်းမြောက်ကမန်ဆန်ဓါတ်အားခွဲရုံဖြစ်ပါတယ်။ ၁၃၂ကေဗီနှစ်ရုံ ရှိပါတယ်။ ကလောမြို့က(၉၈) မဂ္ဂါဝပ်ရှိတယ်။ နမ့်စန်က(၆၀)ရှိပါတယ်။ ၆၆ကေဗွီ(၃၉)ရုံ၊ (၂၇၈)အမ်ဗွီအေ ပူးတွဲဖေါ်ပြထားပါတယ်။ ၃၃ကေဗွီအေ(၂၆)ရုံ၊ ၁၂၈အမ်ဗွီအေ ပူးတွဲဖေါ်ပြထားပါတယ်။ ၁၁ကေဗွီ (၁၅၉၇)ရုံ၊ ၃၁၂.၅ အမ်ဗွီအေ ဖြစ်ပါတယ်။ ခုန ကျွန်တော်ရှင်းလင်းတင်ပြသွားတဲ့ ရှမ်းပြည်နယ်အတွင်း ရှိ ၁၃၂ကေဗွီဓါတ်အားခွဲရုံ များစာရင်းခုနကျွန်တော် တင်ပြပြီးသွား ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၆၆ကေဗွီအေ ဓါတ်အားခွဲရုံများ စာရင်းဖြစ်ပါတယ်။ **[ ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြပါသည်။ ]** အားလုံးကိုကျေးဇူးတင်ပါတယ်။

ကန့်သတ်

ပြီးတော့ ကျွန်တော် လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် အထူး မေတ္တာရပ်ခံ၊ ပန်ကြား၊ အကူညီတောင်းလိုတာကတော့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ မဲဆန္ဒနယ်မြေမှာ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးများ ဆောင်ရွက်လိုလျှင် ကျွန်တော်တို့ဌာနနဲ့ ဆက်သွယ်ပြီး ဆောင်ရွက်နိုင်တဲ့အကြောင်း ကျွန်တော်လေးစားစွာ၊ နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါတယ်။ ပြီးတော့ကျွန်တော်တို့ လျှပ်စစ်ဌာနကနေ ပညာရေးပိုင်းမှာ အားလုံးကူညီပံ့ပိုးပေးသွားမယ် ဆိုတဲ့အကြောင်း ကျွန်တော်လည်း ပန်ကြားလိုပါတယ်/ တင်ပြလိုပါတယ်။ ပြီးတော့ ကျွန်တော်ကလည်း ရှမ်းပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိနိုင်ရေး ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီးဆောင်ရွက် သွားပါမယ်လို့ အားလုံးရှေ့မှာ ကတိပြုရင်းနဲ့နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။ **[ သြဘာသံများ ]**

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ကျင်းပနေတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကြီးဟာ မကြာမီပြီးစီးတော့မှာဖြစ်ပါတယ်။ အစည်းအဝေး ရက်တိုကာလအတွင်းမှာ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့မေးခွန်း(၁၆)ခုကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အဆို(၂)ခု တင်သွင်းခြင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီဇင်ဘာလအတွင်း အပြီးသတ်အတည်ပြုပေးရမဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းတဲ့ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း အတည်ပြု ပေးနိုင်သလို ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး(၃)ဦး တို့ကလည်း မိမိတို့တာဝန်ယူရသော ကဏ္ဍနှင့် စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်များထံ ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ယနေ့နိုင်ငံတော်အနေဖြင့် Good Governant, Clean Goverment ထင်ရှားစွာပေါ်ပေါက် လာစေရေးအတွက် ကြိုးပမ်းနေတဲ့ ကာလ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသည် ခက်မသုံးဖြာ၊ အာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ဆောင်ရွက်ရာမှာ ပြည်သူများက အစိုးရကိုအုပ်ချုပ်ရေးအဖွဲ့ အဖြစ်သာထင်မြင် ယူဆ လျက်ရှိပါတယ်။ အမှန်ကတော့ အစိုးရကောင်းခြင်း/မကောင်းခြင်း ဆိုတာ အထက်ပါ အဖွဲ့အစည်း သုံးရပ်အပေါ် တည်နေတာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ အဖွဲ့အစည်းသုံးရပ်ဟာ ဟန်ချက်ညီညီဆောင်ရွက်ရမှာ ဖြစ်သလို လိုအပ်တဲ့နေရာမှာ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စား လှယ်များဟာ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒကို နားထောင်ရာမှာ အရှိကိုအရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း မတင်ပြဘဲ အရောင်ဆိုးထား တာတွေ၊ ပိုပြောတာတွေပါလာပါက အမှန်သို့မရောက်ရှိဘဲ အမှားသို့ ရောက်ရှိ သွားနိုင်ကြောင်း သတိပြုရမှာဖြစ်ပါတယ်။ လူသားတိုင်းမှာ လိုလားချက်နှင့် လိုအပ်ချက်ဆိုပြီး နှစ်မျိုးရှိရာမှာ လိုလားချက်များ အားလုံးကို ဆောင်ရွက်ပေးဖို့အတွက် ဝန်ခံချက်မပြုနိုင်သော်လည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆီးဆောင်ရွက်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။

ဒီမိုကရေစီဖော်ဆောင်ရာမှာ လွှတ်တော်အဆင့်ဆင့်ရဲ့ အခန်းကဏ္ဍ ဟာအရေးကြီးတဲ့အတွက် ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ကို လည်းပဲ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်ခြင်း အားဖြင့် လွှတ်တော်အသီးသီးရဲ့ လုပ်ငန်းဆောင်ရွက်မှုဟာ နည်းစနစ် မှန်ကန်ခိုင်မာပြီး အရည်အသွေးမြင့်မား တိုးတက်လာမှာဖြစ်ပါတယ်။

နိုင်ငံတစ်ဝှမ်းလုံး ဒီမိုကရေစီလူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက် လာတာနဲ့အမျှ လွှတ်တော်ဟာလည်းပဲ ပြည်သူတစ်ရပ်လုံးကို ကိုယ်စား ပြုတဲ့အဖွဲ့အစည်းဖြစ်လာ မှာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေဟာ ပြည်နယ်အကျိုးနဲ့ နိုင်ငံတော်အကျိုးကို စေတနာမှန်မှန်ဖြင့် ဆောင်ရွက် နိုင်ရေးအတွက် ဒီလွှတ်တော် အစည်းအဝေးကြီးမှာ အချင်းချင်း လေးလေးစားစား၊ ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး တိုင်ပင်ကြပြီး ဖြစ်သလို နောင်မှာလည်းပဲ ဆက်လက်ဆွေးနွေး ကြရဦးမှာ ဖြစ်ပါတယ်။

ဒါကြောင့် နောင်ပြုလုပ်ကျင်းပမဲ့ ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးမှာ ထပ်မံတွေ့ဆုံကြပြီး အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပိုမိုပြည့်စုံသော ဆောင်ရွက်ချက်များကို ရှင်လန်းချမ်းမြေ့စွာဖြင့် ဖော်ဆောင်ကြပါစို့လို့ ဆန္ဒပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။

[ သြဘာသံများ ]

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (ဒုတိယနေ့) အစီအစဉ် ပြီးဆုံးပါပြီ။

သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

[ သြဘာသံများ ]

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွါပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွါနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

[ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
ပဥ္စမ ပုံမှန်အစည်းအဝေး အား
( ၁၄ း ၃၀ )နာရီအချိန်တွင် အောင်မြင်စွာ
ပြီးဆုံးပါသည်။ ]

× × × × × × ×

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## ဆုံးဖြတ်ချက်

| | |
|---|---|
| ဆုံးဖြတ်ချက်အမှတ် ။<br>( ၃၂-၁/၂၀၁၂ ) | ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း နှင့် ၂၀၁၃ ၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလ ခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ချက် တို့အား လွှတ်တော်မှ အတည်ပြုကြောင်း |

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ လ ၂၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် ၂၀၁၃၊၂၀၁၄ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ မူလခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ချက်တို့အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကန့်သတ်



## မှတ်တမ်းတင်ခြင်း

| | |
|---|---|
| မှတ်တမ်းတင်ခြင်းအမှတ် ။ ( ၃၇-၁/၂၀၁၂ ) | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း |

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

| | |
|---|---|
| မှတ်တမ်းတင်ခြင်းအမှတ် ။ ( ၃၈-၁/၂၀၁၂ ) | ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း |

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

ကန့်သတ်

မှတ်တမ်းတင်ခြင်းအမှတ် ။ ( ၃၉-၁/၂၀၁၂ ) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၃ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ် ။ ( ၄၀-၁/၂၀၁၂ ) " တောင်သူလယ်သမား တိုင်းအား မြေစာရင်းပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံ ရေးကူးရန်ပုံစံ ) (သို့မဟုတ်) မြေစာရင်းပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေးအတွက် ဖြေလျှော့ပေးသော နှုန်းထားများဖြင့် အောက်ခြေ ကျေးရွာများအထိ စီမံချက် (၁)ရပ် ချမှတ်ပြီး ဆောင်ရွက် ပေးနိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သို့ တိုက်တွန်းကြောင်း " အဆို နှင့်

" ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုးလုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေ များအား အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေ မယူဘဲ သက်ဆိုင်ရာမှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း " အဆိုတို့ကို မှတ်တမ်းတင်ခြင်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၏ " တောင်သူလယ်သမားတိုင်းအား မြေစာရင်း ပုံစံ (၁၀၅) (မှန်ကန်ကြောင်း သက်သေခံသော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံလက်ခံရေးကူးရန် ပုံစံ ) (သို့မဟုတ်) မြေစာရင်း ပုံစံ (၂၂) နှင့် ဦးပိုင်မှတ်တမ်းစာရွက်ကို လက်ဝယ်ကိုင်ဆောင်နိုင်ရေး အတွက် ဖြေလျှော့ပေးသော နှုန်းထား များဖြင့် အောက်ခြေကျေးရွာများ အထိ စီမံချက် (၁)ရပ်ချမှတ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း " အဆို နှင့် " ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူလူထုများ ပိုင်ဆိုင်သော နေအိမ်များ၊ စိုက်ပျိုး လုပ်ကိုင်နေကြသော ဥယျာဉ်ခြံမြေ များအား အသိအမှတ်ပြုပုံစံ (၁၀၅)ကို အခကြေးငွေ မယူဘဲ သက်ဆိုင်ရာ မှ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း " အဆိုတို့ကို မှတ်တမ်းတင်သည်။

ကန့်သတ်



## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းခြင်းအမှတ် ။ ( ၈-၁/၂၀၁၂ ) ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းခြင်းအမှတ် ။ ( ၉-၁/၂၀၁၂ ) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ သစ်တောကဏ္ဍနှင့် သတ္တုကဏ္ဍဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်၏ သစ်တောကဏ္ဍနှင့် သတ္တုကဏ္ဍဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေအား ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ကန့်သတ်

ကန့်သတ်



ရှင်းလင်းခြင်းအမှတ် ။ ( ၁၀-၁/၂၀၁၂ ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ဆိုင်ရာကိစ္စများအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာကိစ္စများအားး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မှ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

## ဥပဒေထုတ်ပြန်ခြင်း

ဥပဒေအမှတ် ။ ( ၆-၁/၂၀၁၂ ) ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း

၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(ဒုတိယနေ့)၌ ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေကြမ်းအား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေအမှတ်(၆) အဖြစ် ထုတ်ပြန်သည်။ [ ထုတ်ပြန်သည့် ရက်စွဲ (၂၁-၁၂-၂၀၁၂) ]

စိုင်းလုံးဆိုင်

ဥက္ကဋ္ဌ

ရှမ်းပြည်နယ်လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာ လ ရက်